
www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

၈၉၅.၈၃
ဝိဇ္ဇာ
ဘာလာလာကြိုက်တယ်/ဝိဇ္ဇာ။ – ရန်ကုန်၊
အောင်မြင်စာပေ၊ ၂၀၁၅။
၁၆၆ – စာ၊ ၁၃.၅ × ၂၁ စင်တီ။
(၁) ဝိဇ္ဇာ

## ပုံနှိပ်မှတ်တမ်း

ဖြန့်ချိရေး – –အောင်မြင်စာပေ၊ ပထမအကြိမ် – ၂၀၁၅ ခုနှစ်၊
(ဇူလိုင်လ)၊ အုပ်ရေ(၅၀၀)။



www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁)

BURMESE CLASSIC

"ဒါ. . ဒါ. . ဘယ်နေရာလဲ. ရှင်တို့ မေပျို့ကို ဘယ်နေရာခေါ်လာတာတုန်း၊ ပြောတော့ သတို့သမီး မိတ်ကပ်ပြင်ဖို့ဆို၊ လမ်းမှာတင် နေ့တစ်ဝက်ကျိုးတော့မယ်"

လူပြတ်သောနေရာတွင် ကားရပ်လိုက်သည့်အတွက် Lourel မေပျိုသစ်စိတ်ထဲ ထင့်ခနဲ ဖြစ်သွားသည်။ မှော်ဘီက မွေးမြူရေးခြံပိုင်ရှင်သမီး မင်္ဂလာပွဲဆို၍ မေပျိုသစ် မိတ်ကပ်ပြင်ရန် လိုက်လာခြင်းဖြစ်သည်။

ယခု မှော်ဘီတင်မဟုတ်၊ ပဲခူးပင် ကျော်နေပြီလားမသိ၊ မြို့ပြင်



www.burmeseclassic.com

www.burmeseclassic.com



လမ်းတွေကို မကျွမ်းသောမေပျို ကားပေါ်မှာ အိပ်ငိုက်လာသည့်အတွက် အချိန်တွေကုန်မှန်းမသိ ကုန်ခဲ့ပြီး ခုချိန်ထိ စိုက်ပျိုးရေးခြံတို့ မွေးမြူရေးခြံတို့ကို မရောက်နိုင်သေး။

ဒီတော့ ပေါ်တင်ပင်မေးမှ ရတော့မည်မို့. . .

"ရှင်တို့ ရိုးမှရိုးသားရဲ့လား၊ ခုရော ကားကို ဘာကြောင့် ဒီနေရာမှာ ရပ်လိုက်ရတာလဲ"

ရှေ့ခန်းမှာ နှစ်ယောက်၊ မေပျို့ဘေးမှာ တစ်ယောက်. . စုစုပေါင်း ယောက်ျားသုံးယောက်၊ သုံးယောက်စလုံးကလည်း အထက်တန်းလွှာတွေလို ဂိုက်နှင့်ဆိုက်နှင့်ဆိုတော့ မေပျို့စိတ်ထဲ သတို့သမီး၏ အစ်ကိုတွေပဲဟု ထင်ထား၍ ယုံယုံကြည်ကြည် လိုက်လာခြင်းဖြစ်သည်။

"စကားမများနဲ့ မင်းကိုယ်ပေါ်ကဟာတွေ ချွတ်"

ထင်မှတ်မထားသော ခိုင်းစေမှုကြောင့် မေပျို့မျက်နှာပြင် ရဲခနဲဖြစ်သွားပြီး. . .

"ဘာ. . ဘာချွတ်ရမှာလဲ၊ အင်္ကျီလား. . စကဒ်လား၊ အဲ. . အဲဒါဆိုရင်တော့ ချွတ်ရဲဘူး၊ ရှင်တို့ဘာသာချွတ်"

Lourel မေပျို၏ ရက်ရောချက်က ကိုယ့်အသွေးအသားကို ကြိုက်သလောက်ပေးမည့် ပန်းခရမ်းရောင် မျက်နှာမျိုးဖြင့် ရှက်သွေးစိမ့်နေသည်။

သတို့သမီးကို အလှမပြင်ခင် ကိုယ်အရင်ဆုံး သတို့သမီးဖြစ်မည့်အရေး ဘယ်လောက်ရင်ခုန်စရာ ကောင်းလိုက်ပါသလဲ။

"ဟာ. . ဒီသောက်အခြောက်မ၊ နင့်အင်္ကျီတွေ စကဒ်တွေကို ငါတို့က ဘာလို့ချွတ်ရမှာလဲ၊ ငါတို့ချွတ်ခိုင်းတာ၊ နင့်ကိုယ်ပေါ်က လက်ဝတ်လက်စားတွေ"

"ဘာ. . ."



www.burmeseclassic.com

www.burmeseclassic.com



ဘာဆိုသော မေပျို့အော်သံက ကားခေါင်မိုးပင် ပွင့်ထွက်မတတ် ကျယ်လောင်သွားသည်မို့ ယောကျ်ားသုံးယောက်ပင် လန့်သွားကြသည်။

"ဟာ. . အာပြဲခြောက်သံနဲ့ ဖြည်းဖြည်းအော်စမ်းပါဟ"

"အော်နိုင်ဘူး. . အော်နိုင်ဘူး၊ နင်တို့ အချောင်သမားတွေပါလား. . ဟမ်၊ ငါ့ခြွေးနဲ့စာနဲ့ ရှာထားရတဲ့ဟာတွေကို နင်တို့ကို လွယ်လွယ်နဲ့ ချွတ်ပေးရမှာလား၊ မပေးဘူး. . ငါ့ကို ကြိုက်တာလုပ်သွားကြ၊ ငါ့ပစ္စည်းတွေကိုတော့ ငါ့အရှက်နဲ့လဲပြီး ကာကွယ်ရမယ်"

ဖွတ်ထွက်မှ တောင်ပို့မှန်းသိသည့်အဖြစ်ကြောင့် စိတ်ထဲမှာ ထိတ်လန့်သွားပေမယ့် သူတို့ရှေ့မှာ ထိတ်လန့်ဟန် ပြ၍တော့မဖြစ်၊ မေပျို့တို့က ကိုယ့်ခြွေးနဲ့စာနဲ့ ရှာထားရတဲ့ပစ္စည်းတွေကို လွယ်လွယ်နှင့်တော့ အပါမခံနိုင်။

ကိုယ့်အသွေးအသားကို ကြိုက်သလောက် ယူကြပါစေ၊ စတုဒိသာလုပ် လှူဒါန်းပစ်လို့ရသည်။ လုံးဝနှမြောတွန့်တိုခြင်းမရှိ။ သူများလို အရှက်ကို အသက်နှင့်လဲဖို့လဲ စိတ်ကူးလုံးဝမရှိ။

မေပျို့တို့က ကျားဆိုရင် ဘာလာလာကြိုက်ပြီးသား၊ ဒီတော့ ကိုယ်ပေါ်က အဖိုးတန်ပစ္စည်းတွေကလွဲပြီး သူတို့ကြိုက်သလို လုပ်ကြပါစေ။

"ဒီအခြောက်မ ပေကပ်ကပ်နဲ့ ချွတ်ဆိုချွတ်နော်၊ နင် ချွတ်မပေးရင် ငါတို့ဘာသာ ချွတ်ရမှာလား၊ ဟမ်. . အောင်ကြီးဆိုတဲ့ငါက စိတ်သိပ်ရှည်တာ မဟုတ်ဘူး"

"ဒါဆိုလည်း တစ်ချက်လောက် ကျွေးလိုက်ကွာ၊ အချိန်သိပ်မရှိဘူး"

တစ်ယောက်၏ အကြံကို တစ်ယောက်က လက်မနှေး၊ ပျို့မေ့



www.burmeseclassic.com

www.burmeseclassic.com



ဇက်ပိုးကို ဂုတ်ခနဲ အုပ်ချလိုက်သည်။

"အောင်မလေး နင်တို့ လက်မပါနဲ့နော်၊ ငါ့ကို အားနွဲ့သူဆိုပြီး အနိုင်ကျင့်ဖို့ မကြိုးစားနဲ့၊ အော်လိုက်မှာ"

"အော်လေ. . အော်ပေါ့၊ ဒီနေရာက လူပြတ်တဲ့နေရာ နင့်လိပ်ခေါင်း အပြုတ်လိုက်ထွက်အောင်အော်လည်း ဘယ်သူမှမကြားဘူး"

"ဘယ်သူမှ မကြားပေမယ့် ငါ့ကိုယ်စောင့်နတ် ကြားတယ်ဟဲ့၊ အင့်ဟာ. . ."

"ဒုတ်. ."

"အု. ."

"ဟိုက်. . ချက်ကောင်းကို ဆော်တယ်ဟ"

မေပျို့ဘေးမှာရှိနေသောလူမှာ မရှုနိုင်မကယ်နိုင်ဖြစ်ပြီး. . နောက်ကို လန်ကျသွားသည်။ ထိုအခြေအနေကို အခွင့်အရေးယူကာ မေပျို တံခါးကိုအမြန်ဖွင့်၍ ဆင်းပြေးတော့သည်။

"ဟာ. . ဟေ့. . ကောင်မ၊ အဲ. . အခြောက်မ၊ မပြေးနဲ့. . မပြေးနဲ့"

ရှေ့ခန်းမှနှစ်ယောက် ကားတံခါးဖွင့်ဆင်းလာပြီး မေပျိုနောက်သို့ ဒရောသောပါး လိုက်ကြသည်။ မေပျိုကလည်း ရှေ့မှ သုတ်ခြေတင်ရတော့သည်။

ဒီအချိန်မှာ မေပျို့အဖို့ ကိုယ့်ကိုယ်ကိုယ် အလှဖန်တီးရှင် Art Designer ဆိုပြီး နှုတ်နေ၍မဖြစ်တော့။ ဝတ်ထားသော ဟာဝိုင်ရီ စကဒ်ကို စွန်တောင်ဆွဲ ဒေါက်ဖိနပ်ကိုပိုက်ပြီး အားကုန်ပြေးမှ လွတ်တော့မည့်အနေအထားမို့ ပြေးမှုကိုဖြစ်တော့မည်မို့ နောက်ကြောင်းကို လှည့်မကြည့်ဘဲ အားကုန်ပြေးရတော့သည်။

သို့သော် လှတပတ မျက်နှာလေးတွေပေါ်မှာပဲ ဒ်ဆားရောင်



www.burmeseclassic.com

www.burmeseclassic.com



ခြယ်တတ်သည့် ကိုယ့်ရဲ့ energy တွေက မာရသွန် အပြေးသမားတစ်ယောက်လို သက်လုံမကောင်း၍ ကြာကြာမပြေးနိုင်၊ လူက ဟောဟဲလိုက်ကာ မွန်းကျပ်ဆို့နင့်လာသည်။

ဒီတော့. . ပြေးလည်းပြေး၊ တွေ့သမျှ ကျောက်ခဲတွေကောက်ကာ နောက်ကြောင်းမှာ လိုက်လာကြသော သကောင့်သားတွေကို ပေါက်လည်းပေါက်. . .

တဖြည်းဖြည်း လူကမောဟိုက်လာသည်။ ခြေထောက်တွေလာမို့ ပွန်းပဲ့ကာ စုတ်ပြတ်သတ်၍ နေသည်။

"အောင်မလေး အသက်တောင် ထွက်တော့မလား မသိဘူး၊ ငါ. . ငါ ဆက်မပြေးနိုင်တော့ဘူး၊ ဟို သချိုင်းကုန်း သုံးကုန်းကလည်း လိုက်လာနေပြီ၊ ဘုရား ကယ်ပါ၊ ကျွန်တော်မျိုးမဟာ စိတ်ကောင်းရှိတဲ့ အခြောက်ပါ၊ အတိတ်ကံမကောင်းလို့ အခြောက်ဖြစ်နေရပေမယ့် ဘယ်သူ့ သားမယားကိုမှ မပြစ်မှားဖူးပါဘူးဟု သစ္စာဆိုပါတယ်၊ ဤသစ္စာမှန်မယ်ဆိုရင်လေ ကယ်တင်ရှင် မင်းသားချောချောလေး ရောက်လာပါစေ"

ဆုတောင်းပုံကိုက သစ္စာပြည့်စရာ မရှိ၊ အခြောက်ပါဆိုမှတော့ မိန်းမတွေကို ပစ်မှားတော့မလား၊ ယောကျ်ားချောချော ဆိုဒ်စုံ အလှစုံ အရွယ်စုံက ကျားကျားလေးတွေကိုပဲ ပစ်မှားတော့မှာပေါ့။

ဒါပေမယ့် သစ္စာဆိုသည့် အကြောင်းအရာကလည်း တကယ့်ကို မှန်နေသည်ဆိုတော့. . .



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂)

"ဟော့လူတွေ . . ဟော့လူတွေ ကျုပ်ကျန်ခဲ့ပြီ၊ ကျုပ်ကို မထားခဲ့နဲ့လေ စောင့်ဦး၊ ဟာ . . ကျုပ်ရဲ့ အထုပ်နဲ့ကြက်မ ပါသွားပြီဗျာ"

ကားလမ်းမနှင့် ခပ်လှမ်းလှမ်းချုံထဲမှ ဝိတ်လျှော့ပြီး ထွက်လာသော ပျိုတို့မောင် ကားလမ်းပေါ် တက်လာချိန်မှာတော့ ခရီးသည်တင်ကားသည် အတော်လှမ်းလှမ်းပင် ရောက်၍နေပြီ။

ရင်ထဲမှာ ဒိန်းခနဲ စိုးရိမ်ပူပန်မှုဟာ မီးရှူးတိုင်မှ မီးပန်းတွေ ဖြာထွက်သလို ဆောင့်ထွက်လာပြီး နောက်ပိုင်းသာ မြင်နေရသောကား ကို ကဆုန်ပေါက် အော်ဟစ်ပြီး ဟိုင်းဝေးလမ်းမပေါ် တစ်ယောက်ထဲ



www.burmeseclassic.com

www.burmeseclassic.com



ခပ်ငေါင်ငေါင်ကျန်ခဲ့လေသည်။

ပျိုတို့မောင်တို့ ဖြစ်လိုက်ရင် အသည်းအသန် ခဲမှန်ကြီးပဲဟု ကိုယ့်ကိုယ်သာ ခပ်ပစ်ပစ် ကျိန်ဆဲလိုက်သည်။

လူပြတ်သော ဟိုင်းဝေးလမ်းမပေါ်မှာ ပုဆိုးစွန်တောင်ဆွဲ အော်ဟစ်ကျန်ခဲ့ရင်း ဘယ်သွားလို့ ဘယ်လာရမှန်း မသိလောက်အောင် ကူကယ်ရာမဲ့နေသည်။

ရွာမှာကျန်ခဲ့သော အဘတို့ အမတို့ကို တတပြီး အော်ဟစ် ငိုပစ်လိုက်ချင်ပေမယ့် လမ်းမပေါ်မှာ ယောကျ်ားတန်မဲ့ အော်ငိုနေသည့် ပုံစံက ကြည့်၍မကောင်းမှာ သေချာသည်မို့ ရင်ထဲမှာပဲ ရှိုက်ကာရှိုက် ကာ ငိုလိုက်ပါသည်။

"တောက်. . . တော်တော်သောက်သုံးမကျတဲ့ ကားသမား ကားထွက်ခါနီး ကိုယ့်ခရီးသည် စုံမစုံကို ကြည့်ပါတော့လား"

ကားသမားတွေကို မကျေနပ်၍ မြည်တွန်တောက်တီးကာ ခြေဦးတည့်ရာကိုသာ လျှောက်ခဲ့တော့၏။

ပေါက်တော ပေါက်တောဟု အော်သဖြင့် ခရီးသည်အားလုံး အလျှိုအလျှိုဆင်းသည်မို့ ကိုယ်ပါအပေါ့သွားရအောင်ဆိုပြီး ကားလမ်း နှင့် ခပ်ဝေးဝေး ချုံကိုတိုးပြီး အပေါ့သွားရာက အလေးပါ စွန့်ချင်လာ တော့ နာရီဝက်လောက်လေး ကြာသွားသည်မှအပ ပျိုတို့မောင် ဘာအ မှားမှ မလုပ်မိ။

မှားတာက ဒင်းတို့ကားသမားတွေ ဖြစ်သည်။ လူပြည့်ပြီအထင် နှင့် ထွက်သွားရအောင်လည်း သူ့နေရာမှာ အလွတ်ကြီးပဲ၊ ကားသမား တွေ မမြင်ကြဘူးလား။

လမ်းလျှောက်ရင်း ဒေါသတွေ တလိမ့်လိမ့် တက်လာသည်။ ယခုရောက်နေတာက ဘယ်နေရာမှန်းမသိ၊ ရေနီက စထွက်လာက



www.burmeseclassic.com

www.burmeseclassic.com



တည်းက အိပ်ငိုက်လာခဲ့တာ၊ ခု နေပင် အတော်လေးစောင်းနေပြီဆို တော့ ဒါ ဘယ်နေရာလဲ။

လက်မှနာရီကို ငုံ့ကြည့်တော့ လေးနာရီပင် ထိုးလုနေပြီ။

"အောင်မလေး မြတ်စွာဘုရား . .

အချိန်အတော်လင့်နေပြီမို့ မှောင်ရိပ်ရှိတော့မယ့်ဟာကို ငါက ဘယ်နေရာ ဘယ်ချောင်မှာ ထိုးအိပ်ရမတုံး၊ အောင်မလေးဗျာ ဆိုးလိုက် တဲ့ကံ၊ ပျိုတို့မောင်တို့လုပ်လိုက်ရင် ထူးအိမ်သင်ရဲ့ အလွဲကြီးပဲ၊ ဘယ် တုန်းကမှ ဒွဲဝင်တယ်ဆိုတာ မရှိဘူး၊ ကားကြီးလေးဘာလေး စောင့်ဦးမှ"

ဇာတ်မင်းသားတစ်ယောက်လို ဟန်အပြည့်ဖြင့် တစ်ယောက် ထဲပြောပြီး ကားတွေလာမည့်လမ်းကို လှည့်ကြည့်လှည့်ကြည့်ဖြင့် ရှေ့ကို ဆက်လျှောက်လိုက်သည်။

"အောင်မလေး ကယ်ကြပါဦး . . ကယ်ကြပါဦးရှင်၊ ကျွန်မကို ကယ်ကြပါဦး"

"ဟင် . . ဘာ . . ဘာသံလဲဟ"

ကားလမ်းဘေးရှိ ရာဘာပင်တန်းတွေဘက်မှ ထွက်ပေါ်လာ သောအသံကြောင့် ပျိုတို့မောင် ရှေ့ဆက်မလျှောက်ဘဲ နားစွင့်လိုက် သည်။

"ကျွန်မကို ကယ်ကြပါဦးရှင်"

"ဟာ . . ဒါ . . ဒါ . . မိန်းကလေးတစ်ယောက် အကူအညီ တောင်းနေတာပဲ၊ သူလည်း ဒုက္ခရောက်၊ ငါလည်း ဒုက္ခရောက်နေတာ ချင်းအတူတူ အဖော်ရသွားအောင် သွားကူညီဦးမှ"

ကိုယ့်မျက်စိရှေ့မှာ ဒုက္ခရောက်နေသူတွေ့လျှင် အမြဲကူညီ တတ်သောစိတ်က နေရာဒေသမရွေးမို့ ပျိုတို့မောင် အသံကြားရာ တောတန်းဘက်သို့ ဆင်းချလာလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီမိန်းကလေး ဘယ်လိုဒုက္ခမျိုးတွေနဲ့ ကြုံနေရလို့လဲ၊ မဟုတ်မှလွဲရော မုဆိုးထောင်ထားတဲ့ ကျော့ကွင်းမှာ သမင်မလေး တစ်ကောင်လို မိနေလို့လား၊ ဒါမှမဟုတ် သတ္တဝါတစ်ကောင်ကောင်နဲ့ ရင်ဆိုင်တိုးနေလို့လား. . .။

စိတ်ထဲမှာ ထင်ကြေးပေါင်းစုံတွေးပြီး အသံလာရာဘက်သို့ မှန်းပြီး အရောက်လာခဲ့ရာ. . .

"ဟင်. . မိန်း. . မိန်းကလေးတစ်ယောက်ကို ယောကျ်ားသုံးယောက်က ဘာ. . ဘာလုပ်မိလို့လဲ"

မိန်းကလေး၏ နောက်ကျောပြင် ခြုံကွယ်မှ အသာချောင်းလိုက်သည်။ ယောကျ်ားသုံးယောက် မိန်းကလေးကို ဝိုင်းထားသည်။

ပုံစံကြည့်ရတာ မိန်းကလေး၏ ဆံပင်နီကြောင်ကြောင်တွေက တောသူတစ်ယောက်တော့ မဖြစ်နိုင်၊ ရန်ကုန်သူ အလန်းဇယားလေးထဲက ဖြစ်ရမည်။

မိန်းကလေးကို လွှတ်လိုက်ဟု အော်မည်ဟန်ပြင်ပြီးမှ. . ထိုယောကျ်ားသုံးယောက်က မိန်းကလေးကို ဖက်ထားသေးတာမဟုတ်၊ ဒီတော့ လူကိုယ်တိုင် လူလုံးထွက်ပြပြီး ဖိုက်ရမယ်၊ ဒါလည်း မဖြစ်နိုင်၊ သူတို့က သုံးယောက်၊ ကိုယ်က တစ်ယောက်ထဲ၊ ဒီတော့ ဘာလုပ်ရမည်လဲ၊ ဘယ်လိုအခြေအနေမျိုးပဲဖြစ်ဖြစ် မိန်းကလေးကိုတော့ ရအောင်ကယ်ရမှာပင်။

ဒီတော့ ပျိုတို့မောင် အကြံကို ညှစ်ထုတ်ရတော့သည်။

"ဗျို့. . စခန်းမှူးတို့. . ဒီမှာ လူသုံးယောက် မိန်းကလေးတစ်ယောက်ကို ပြန်ပေးဆွဲလာတယ်ထင်တယ်၊ ဒီဘက်ကို မြန်မြန်လာကြပါ၊ မြန်မြန်လေးသာ လာပေးကြပါ"

ပျိုတို့မောင် အသံကုန်အော်ဟစ်ပြီး တာဝန်ရှိပြည်သူ့ရဲတွေ


www.burmeseclassic.com

www.burmeseclassic.com



တို လှမ်းခေါ် နေသည့်ပုံစံက အနီးပတ်ဝန်းကျင်တွင် ရဲတွေ အုပ်စုဖွဲ့ပြီး ရောက်လာနေသလိုလို. . .

"ကဲ. . ရဲဘော်တို့ ဆွမ်းခံရင်းငှက်သင့်တာပဲကွာ၊ တရားခံပြေး လိုက်ဖမ်းတာ မမိဘဲ ခါးပြတွေကိုပဲ ဖမ်းသွားကြတာပေါ့ကွာ"

ထိုအသံကို အသံတုတစ်မျိုးဖြင့် ခပ်ဝေးဝေးမှ ပြောနေသလို ထပ်၍ အော်လိုက်သည်။

ထိုအသံကြောင့်ပင် မေပျို့ကို ဝိုင်းထားသော အချောင်သမား သုံးယောက်မှာ မျက်ပြူးဆန်ပြာတွေဖြစ်ကာ. . .

"ဟာ. . ဟောကောင်တွေ ငါ. . ငါတို့ကို ရဲတွေတွေ့သွားပြီ၊ အဲဒီကောင်မ သောက်အခြောက်မအော်လို့ ကြားသွားတာဖြစ်မယ်"

"ဒါ. . ဒါဆို ဘယ်လိုလုပ်ကြမလဲ"

"လစ်. . လစ်မယ်လေကွာ၊ မင်းပထွေးတွေက လာနေပြီထင် တယ်၊ ဟောဟိုဘက်မှာ ချုတိုးသံတွေကြားတယ် မြန်မြန်လာ၊ ကား ကိုမြင်သွားရင် ကားနံပါတ် မှတ်မိသွားမယ် မြန်မြန်လာကြ၊ ကောင်မ နင်နဲ့ငါတို့ နောက်ထပ်တွေ့မယ်၊ သတိကြပ်ကြပ်ထား"

ခိုက်ခိုက်တုန်အောင် ကြောက်လန့်နေသော မေပျို့မှာ ရဲတွေဟူ သော အသံကြောင့် ကယ်တင်ရှင်တွေ့ပြီဆိုကာ မာန်တက်သွားကာ. .

"အောင်မယ်. . ခုတွေ့လေ ခုတွေ့စမ်းပါ၊ ပထွေးတွေလာလို့ ပြောပြီ မဟုတ်လား၊ နင်တို့ရဲ့ မတောက်တခေါက် ပညာလေးနဲ့ အ ချောင်နှိုက်ဖို့ မကြိုးစားနဲ့၊ လူဆိုးကြီး. မိုးသီးဆိမှာ ဆယ်နှစ်လောက် လျှောက်သွားသင်လိုက်ဦး၊ သချိုင်းကုန်းကာလနာတွေရဲ့"

သူခိုးပြေးမှ ထိုးကွင်းထကာ မေပျို့ ပစ်ပစ်နှစ်နှစ် ဆဲလိုက်သည်။

"ဒုတ်. ."

"အောင်မလေးဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟောတော့ ဘာသံတုန်း"

အချောင်သမားတွေ ခပ်ဝေးဝေးရောက်မှ ကြားလိုက်ရသော အသံမို့ မေပျို နောက်လှည့်ကြည့်ကာ လှုပ်နေသော ခြုံကွယ်ဆီသို့ မခို့တရို့ခြေလှမ်းတို့ဖြင့် မဝံ့မရဲ လျှောက်လာလိုက်သည်။

"ဟောတော့. . လူ. . လူတစ်ယောက် လဲကျနေတယ်"

ပျိုတို့မောင် လဲကျနေသော သစ်ပင်ခြေရင်းကို မေပျို စွေ့ခနဲ ရောက်သွားကာ သေချာငုံကြည့်လိုက်သည်။

"မဆိုးပါဘူး၊ တောဆန်ပေမယ့် ပြင်လိုက်ရင် ရုပ်ထွက်လောက် ပါတယ်၊ ဟင်. . ဒီ. . ဒီ အသီးက ဒူးရင်းသီး၊ ဟောတော် ဒူးရင်းသီး သူ့အပေါ် ကြွေကျလို့ လန့်ပြီး လဲကျသွားတာ ဖြစ်မယ်၊ ခိ. . ခိ. . ခိ. . ခိ"

ငိုအားထက် ရယ်အားသန်နေသော အခြေအနေမို့ မေပျို ဒုက္ခကို အသာဘေးချိတ်ကာ ပျိုတို့မောင်ကို ရင်ခွင်ထဲဆွဲသွင်းပြီး သတိရ အောင် ရှေးဦးသူနာပြုစုနည်းဖြင့် ပြုစုလိုက်သည်။

အောင်မလေး. . ရင်ထဲမှာ ရှိမန့်တစ်ဖြစ်လိုက်တာ၊ ဘုရားမှာ အရေးပေါ် သစ္စာဆိုလိုက်တာ တကယ့်ကို မိုးကျရွှေကိုယ်လေးတစ်ပါး တ လာကယ်တာပဲ။

သို့သော် ရဲတွေက ခုထိကို ရောက်မလာသေး၊ သူတို့ရောက် လာမှ မိုးကျရွှေကိုယ်လေးကို ထမ်းခေါ်ခိုင်းရမည်။

ခုတော့ မေပျို့ရင်ခွင်ထဲ ထည့်နှပ်ထားလိုက်ဦးမှ မေပျိုတို့က ဘာလာလာ ကြိုက်ပြီးသားလေ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၃)

ချီအီအီ မွှေးရနံ့ကြောင့် ပျိုတို့မောင် သတိပြန်ဝင်လာကာ မျက်လုံးတို့ ဖွင့်ကြည့်လိုက်သည်။

ပထမဆုံး မြင်ကွင်းထဲဝင်လာသည်က ဆေးရောင်စုံ ခြယ်သထားသော ပြီတီတီမျက်နှာတစ်ခု. . .

"ဘယ်သူလဲ ခင်ဗျားဘယ်သူလဲ"

မိန်းမလှတစ်ယောက် မဟုတ်တာ သေချာသည်မို့ အဖက်မခံထားရသော ရင်ခွင်ထဲမှ ရုန်းထွက်လိုက်သည်။

"သူ သတိရလာပြီလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ် ဘာဖြစ်သွားတာလဲ၊ ဘာကြောင့် ကျုပ်ကို အတင်းဖက်ထားရတာလဲ"

"အို ရှင့်ကိုယ်ပေါ်ကို ဒူးရင်းသီးကြွေကျလို့ ရှင် သတိလစ်သွားတာလေ"

"ဗု. . ဗုဒ္ဓေါ၊ ဒူးရင်းသီး ကြွေကျတာ. . ဟုတ်လား"

"အင်းပေါ့လို့၊ ဒါကြောင့် မေပျိုက ရှင့်ကို သတိအမြန်ရလာအောင်. . အင်း. . အဟွန်း. . ဟွန်း. . ဟွန်း"

နှုတ်ခမ်းကို ရှေ့သို့စူထွက်ကာ မျက်လုံးမှေးစင်းပြသော ကိုရိုးယားမင်းသမီးတွေ၏ အိုက်တင်မျိုး လုပ်ပြလိုက်သည်။ နီရဲသောဆေးသားတင်ထားသည့် နှုတ်ခမ်းအစုံကို ကြည့်ပြီး ပျိုတို့မောင် ရွာက အရှင်ပညာဇောတိကကျောင်းမှ မျောက်ဖင်နီမကို ပြေးမြင်မိသည်။

ထို့ကြောင့် စိတ်ပျက်စွာ မဲ့ရှုံ့လိုက်သည်။

"ဘာမဲ့တာလဲလို့ သူများကို၊ အဲလိုရှေးဦးသူနာပြုနည်းနဲ့ ကုပေးလို့ ရှင်သတိရလာတာ"

ပြာတာတာ ခြောက်ကပ်ကပ်အသံကို ကြားရုံနှင့် အခြောက်ဆိုတာ သဘောပေါက်လိုက်သည်။

"ခင်. . ခင်ဗျား နတ်ကတော်လား"

"ဟယ်. . ထင်ရက်တယ်ဟယ်၊ လူကိုများ နတ်ကတော်လားတဲ့ မေးရက်ပ့ါ"

"ကျုပ်တို့ရွာမှာဆို နတ်ကတော်ကို အခြောက်တွေပဲ လုပ်တာ"

"အမလေး၊ ဆုတောင်း. . ဆုတောင်းလိုက် သိလား. . ဟွန်း၊ ဒီက အလှဖန်တီးရှင်ပါနော်၊ ခုခေတ် မော်ဒယ်အင်ကြင်းစိမ်းတို့ ဝေဒီတို့ အိပ်မက်စိမ်းတို့ကို လှသထက်လှအောင် ပြင်ပေးနေတဲ့ အလှဖန်တီးရှင်၊ Miss ဆုတွေရတာ ဟောဒီက တို့ရဲ့အစွမ်းတွေကြောင့်"



www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုယ်သူ အမွှမ်းတွေစွတ်တင်နေသော အခြောက်မကြောင့် ဖို့တို့မောင် ကိုယ့်ဒုက္ခကိုပင် ကိုယ်မေ့နေသည်။ ဗိုက်ထဲမှာလည်း ဆာလောင်သလိုလို ဖြစ်လာသည်မို့ မေပျို့ဘေးမှ ဝင်းဝါနေသော ဒူးရင်းသီးကြီးဆီ အကြည့်ရောက်သွားကာ

"ဆာတယ်ဗျာ၊ စားချင်တယ်"

"ဟယ် . . ဆာတယ် ဟုတ်တယ်၊ တို့လည်း သူ့ကို ကျွေးချင်နေတာ၊ ပြော . . ဘာစားမလဲ"

"ဟာ . . ကျုပ်စားချင်တာ ခင်ဗျားဘေးက ဒူးရင်းသီးဗျ၊ ဒုက္ခပဲ ကျုပ်က ခင်ဗျားကို မိန်းကလေးထင်ပြီး လူရမ်းကားတွေ လက်ထဲကနေ ကြံဖန်ပြီး လွတ်အောင်ကယ်တင်ရတာ၊ ခင်ဗျား အခြောက်မှန်းသာ အစောကြီးကတည်းက ကြိုသိရင်လေ မကယ်ဘဲနဲ့ အဲဒီလူသုံးယောက် ခင်ဗျားကို ဘယ်လိုလုပ်မလဲဆိုတာ ဟောဒီခြုံကွယ်ကနေ ချောင်းချင်သေးဗျ"

"ဘာပဲဖြစ်ဖြစ် တို့ကတော့ ရှင့်ကိုကျေးဇူးတင်တယ်၊ ရှင် အော်လိုက်လို့ ရဲတွေလာပြီဆိုပြီး ပြေးလိုက်ကြတာတန်းလို့ . . ဟီး . . ဟီး . . ဟီး . . ခိ . . ခိ . . ခိ"

"ဒီမှာ ခုချိန်မှာ ခင်ဗျားရယ်နိုင်သေးလားဗျာ၊ အရေးကြီးတာက ကျုပ်တို့ ဒီနေရာကနေ ကားလမ်းကိုရောက်အောင် ပြန်ထွက်ပြီး ကားကြုံလိုက်ရမှာပဲ"

"ဟယ် . . ရှင်က ဒီအနီးအနားက နယ်ခံမဟုတ်ဘူးလား"

"ဘယ်ကလာဗျာ"

သူ ဖြစ်ပျက်ခဲ့သမျှကို မေပျို့ကို အစအဆုံး ရှင်းပြလိုက်သည်။

"ဟယ် . . ဒါဆို ရှင်လည်း မေပျို့လို ဒုက္ခရောက်နေတာပေါ့၊ အမလေး ပျော်လိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဗျ. . ဘာပျော်တာလဲ"

စိတ်အချဥ်ပေါက်ပေါက်နှင့် အော်လိုက်သည်။

"အယ် မေပျိုတစ်ယောက်ထဲ ဒုက္ခရောက်နေပြီထင်တာ၊ အခု ရှင်ပါ ခုလိုဖြစ်တော့ အဖော်ရတယ်၊ အဖော်ရတော့ မေပျိုလည်း အားတက်တာပေါ့လို့၊ ဒါကြောင့် ပျော်တယ်လို့ပြောတာ၊ သိပ်လည်း စိတ်မပူပါနဲ့ မေပျို့မှာ ဖုန်းပါတယ်"

စကာဒ်အိတ်ကဒ်ထဲမှ ဖုန်းကို ထုတ်ယူလိုက်သည်။

"ဒီမှာတွေ့လား၊ ရန်ကုန်ကို ဖုန်းဆက်ပြီး မေပျိုနဲ့ရှင့်ကို ကားနဲ့ လာကြိုခိုင်းလိုက်မယ်၊ ဘာမှမပူနဲ့"

"ဟာ. . ဒါဆို ကျုပ်တို့က ဒီည လမ်းပေါ်မှာနေရမှာပေါ့"

"ဩော် ဒါများရှင်ရယ်၊ တစ်နေရာရာရှာပြီး ဝင်တည်းရမှာပေါ့၊ ဘာပဲဖြစ်ဖြစ် မေပျို့ဘေးမှာ ရှင်ရှိသွားပြီဆိုတော့ မေပျိုလေ လုံးဝကို မကြောက်တော့ဘူး၊ အားကိုးမယ်နော် သိလား"

လက်မောင်းကို မှီတွယ်ပြီး ချွဲချွဲနွဲ့နွဲ့ပြောနေသော မေပျို့ကို ကြည့်ပြီး ပျိုတို့မောင် ကျွတ်ခနဲ စုတ်သပ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၄)

အလင်းရောင်သည် တဖြည်းဖြည်းနှင့် အမှောင်ဘက်ကို သန်းလာသည်။ ဒူးရင်းသီးတစ်လုံးကို နှစ်ယောက်စားထား၍ ဗိုက်က သိပ်မဆာပေမယ့် ရေကတော့ တော်တော်လေးကို ဆာလောင်နေသည်။

"ဟော့ . . ဟော့ . . ဟိုမှာ လူတစ်ယောက်၊ ငါတို့ သူ့ကို အကူအညီတောင်းပြီး တည်းစရာ တစ်ခုခု ရှာလို့ရမယ်ထင်တယ်၊ နောက်ပြီး ဒီနေရာက ဘယ်နေရာလဲဆိုတာ သူတို့တော့ သိနိုင်တယ်"

"အင်း . . ဟုတ်တယ်နော်၊ မေပျို့တို့ အဲဒီလူကြီးကို အကူအညီ



www.burmeseclassic.com

www.burmeseclassic.com



တောင်းကြည့်ရအောင်"

"နေဦး ခင်ဗျားကိုယ်ပေါ်က လက်ဝတ်လက်စားတွေကို ချွတ်ပြီး သိမ်းလိုက်ပါဦး၊ လူသူပြတ်တဲ့ ဒီနေရာမှာ ဒါတွေဝတ်ထားရင် ကိုယ့်အသက်ကိုယ် ပြန်သတ်ဖို့ လူတွေရဲ့လောဘကို ဆွဲခေါ်နေတာနဲ့ တူသွားမယ်၊ ခင်ဗျားနဲ့ရောပြီး ကျုပ်ပါ လိုက်သေရမယ်ဆို မဖြစ်သေးဘူး၊ သူ့လက်ထဲမှာ ထင်းခုတ်ဓါးမကြီး တွေ့တယ်မဟုတ်လား၊ အဲဒီဓါးကြီးနဲ့ ကျုပ်တို့ကိုသတ်ပြီး ခင်ဗျားကိုယ်ပေါ်ကဟာတွေ ယူသွားနိုင်တယ်၊ ကြွားချင်လို့ ဝတ်တယ်ဆိုရင်လည်း မြို့ပေါ်ရောက်မှ ပြန်ထုတ်ဝတ်"

ပျိုတို့မောင် သတိပေးမှ မေပျို ကိုယ်ပေါ်က လက်ဝတ်လက်စားတွေကို ချွတ်ရမှန်း သတိရကာ ကပျာကယာ ချွတ်လိုက်သည်။

ကိုယ်ပေါ်မှာ ဘာမှမရှိတော့မှ တရွေ့ရွေ့ လှမ်းသွားနေသော သစ်ခုတ်သမားကို လှမ်းခေါ်လိုက်သည်။

"ဟေ့ . . ဦးလေး၊ အဲ့ . . အစ်ကို . . အစ်ကို . . အစ်ကိုကြီးရေ"

ဦးလေးခေါ်လိုက် အစ်ကိုခေါ်လိုက်၊ အစ်ကိုကြီးခေါ်လိုက်နှင့် ဗျာယာခတ်နေသော မေပျို့ကို ကြည့်ပြီး ပျိုတို့မောင် ခေါင်းကုတ်လိုက်သည်။

"ငါ့နှယ် ဘယ်လိုလူစားမျိုးနဲ့ လာတွေ့နေပါလိမ့်၊ အင်း . . ခုလောလောဆယ်တော့ သူ့ကို ကပ်ထားမှ၊ ငါ့လက်ထဲမှာ ချူတစ်ပြားမှ မပါတော့ ရန်ကုန်ကို သူနဲ့ကပ်လိုက်သွားပြီးမှ အရီးလေးတို့ အိမ်ကို ဆက်သွားရမယ်"

ကိုယ်အဆင်ပြေမည့်အတွေးကို အစီအစဉ်တကျတွေးပြီး မေပျို့နောက်မှ ခပ်သွက်သွက်လိုက်သွားလိုက်သည်။

"ဟယ်တော် ထင်းခုတ်သမားလူက မေပျို့ကို လှည့်ကြည့်ပြီးမှ ဘာကြောင့် ပြေးသွားရတာတုန်း၊ စိတ်ညစ်ပါတယ်ဟယ် ဒီငရုပ်ခံက



www.burmeseclassic.com

www.burmeseclassic.com



တင့်နေတော့ သူ့စိတ်ထဲ ဥစ္စာစောင့်မလေးလို့ ထင်သွားလို့လား မသိဘူးကွယ်၊ တချိုးတည်းကို ပြေးတော့တယ်"

"ဥစ္စာစောင့်လို့မထင်ဘဲ သရဲလို့ ထင်သွားလားမှ မသိတာ၊ ခင်ဗျားဆံပင်က နီကြောင်ကြောင် ဘုတ်သိုက်နဲ့ဆိုတော့ ထင်လည်း ထင်စရာလေ"

"အယ် ရှင်ကလေ တစ်ကယ့်လူ့ဂွစာ၊ ပြောလိုက်ရင် တစ်ဆုံးပဲ၊ ရှင်နဲ့တွေ့မှ မေပျိုလဲ ရစရာမရှိအောင်ကို အဝေဖန်ခံနေရတယ် သိလား၊ ကဲ . . မြန်မြန်လျှောက်၊ အဲဒီလူနောက်ကို အမှီလိုက်ရမယ်"

"ဟာ ဘာလိုက်လုပ်မှာလဲ"

"ဩော် . . ရှင်ကလဲလေ၊ ဝေးရန်ကောပဲ၊ သူ့နောက်လိုက်သွားမှ လူနေတဲ့ရွာကို ရောက်မှာပေါ့၊ လူနေတဲ့ရွာကို ရောက်မှတော့ ရှင့်ရေဆာတာတွေလည်း အဆင်ပြေမယ်၊ ဒီည ရှင်နဲ့မေပျိုနဲ့ အိပ်ဖို့လည်း အဆင်ပြေမှာရှင့်"

မေပျို ပြောတာလည်း သဘာဝကျနေ၍ ပျိုတို့မောင် မေပျို့ ဆန္ဒအတိုင်း ထင်းခုတ်သမားနောက်မှ ခပ်ခွာခွာ လိုက်ခဲ့သည်။

ထင်းခုတ်သမားကလည်း ကြောက်၍လားမသိ၊ နောက်ကို ယောင်လို့ပင် ဝေ့မကြည့်ဘဲ သုတ်သုတ်သုတ်သုတ်နှင့် ရှေ့ကို အမြန်လျှောက်လေသည်။

အမှောင်တို့သည် အလင်းရောင် တစိုးတစိမျှမရှိဘဲနှင့် လုံးဝကို ပိန်းပိတ်မှောင်၍သွားသည်။

နှစ်ယောက်သား ပင်ပန်းလွန်း၍ လမ်းပင် သိပ်မလျှောက်ချင်တော့လောက်အောင် ပင်ပန်းနွမ်းလျ၍နေသည်။

တွေ့ကတည်းက ပေါက်ပေါက်ဖောက်အောင် စကားတွေပြောနေသော မေပျိုလည်း သိပ်ပင်စကားမပြောနိုင်လောက်အောင်



www.burmeseclassic.com

www.burmeseclassic.com



ယှဲ့ယှဲ့ပဲ ရှိတော့သည်။

ပင်ပန်းမှုတွေကြားမှ အားတက်သွားသည်ကတော့ ထင်းခုတ်သမားအိမ်သို့ ရောက်သွားခြင်းပါပဲ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂)

"အိမ်ရှင်တို့. . အိမ်ရှင်တို့ ရှိပါသလားရှင်"

ပြာကပ်ကပ် ခွဲနွဲ့နွဲ့အော်ခေါ်နေသော မေပျို့ကိုကြည့်ပြီး ပို့တို့မောင် အမြင်ကပ်စွာဖြင့် မျက်မှောင်ကျုံ့ကြည့်လိုက်ပြီး. . .

"ဟာ. . အိမ်မြှောင်အမြီးညှပ်သံနဲ့ အော်ခေါ်နေတယ်၊ နေ့ကျုပ်ဘာသာပဲ အော်မယ်"

"ဗျို့. . အိမ်ရှင်တို့. . အိမ်ရှင်တို့"

"ဝေး. . ဘယ်သူလဲ"

"ကျွန်တော်တို့ ခရီးသည်တွေပါ၊ လမ်းမှာ ဒုက္ခရောက်လာလို့



www.burmeseclassic.com

www.burmeseclassic.com



ခဏလောက် တည်းပါရစေ"

တဲအတွင်းမှ မီးအိမ်ကိုင်ပြီး စောစောက ထင်းခုတ်သမားထွက်လာသည်။

"ဟာ. . သ. . သရဲ"

မေပျို့နှင့် ပျို့တို့မောင်ကိုမြင်တော့ လန့်သွားသည်။

အခြေအနေကို သဘောပေါက်သော ပျို့တို့မောင်မှာ ပျာပျာသလဲ ငြင်းဆန်ကာ. . .

"ကျွန်တော်တို့ သရဲမဟုတ်ပါဘူးဗျာ၊ လူတွေပါ"

"ခင်ဗျားတို့ကို စောစောက ကျပ်ကုန်းကွေ့မှာ တွေ့ခဲ့တယ်လေ"

"ဟာ. . ဟုတ်တယ်၊ ခင်ဗျားက ကျုပ်တို့ကိုမြင်တာနဲ့ ထွက်ပြေးတော့ ကျုပ်တို့လည်း တည်းခိုဖို့ နေရာရှာရင်း ဒီနေရာလေးကို ရောက်လာတာ"

"ဟာဗျာ. . ကျုပ်က ခင်ဗျားနဲ့ ဟိုနီကြောင်ကြောင် မိန်းမကို မြန်းခန်မြင်ပြီး ငါ့နောက်တော့ မကောင်းဆိုးဝါးတွေ လိုက်လာပြီဆိုပြီး သုတ်ခြေတင်လာတာ၊ ဒီနေရာမှာက မကြာမကြာ သရဲခြောက်လေ့ရှိတယ်ဗျ၊ တော်ရုံတန်ရုံ မဖြတ်ကြဘူး၊ ကျုပ်တောင် မှုစ်ချိုးရင်း အဲဒီဘက်ရောက်လာလို့ ကြိုတုန်းထင်းဝင်ခုတ်တာ"

"အဲ. . အဲဒီနေရာက သရဲခြောက်တယ် ဟုတ်လား"

"အင်း. . ဟုတ်ပါ့ဗျာ"

"အောင်မလေး. . ကြက်သီးတွေထလိုက်တာ၊ တို့က သရဲကြောက်တယ်"

"ကျုပ်တို့ကို ဒီမှာတစ်ညလောက်တော့ ခိုခွင့်ပေးပါဗျာ မနက်မိုးလင်းတာနဲ့ ပြန်ပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ ခင်ဗျားတို့က အဲဒီနေရာကို ဘယ်လိုရောက်သွားတာလဲ၊ ခိုးပြေးလာကြတဲ့ စုံတွဲတွေလား"

"ခစ်. . ခစ်. . ခစ်"

ထင်းခုတ်သမားအမေးကြောင့် မေပျို သဘောကျစွာဖြင့် ခစ်ကနဲ ရယ်လိုက်သည်။

"ဟာ. . မဟုတ်တာဗျာ၊ သူနဲ့ကျွန်တော်နဲ့ သက်သက်စီပါဗျာ၊ ဒုက္ခရောက်သူ အချင်းချင်းမို့ တစ်ခရီးထဲ အတူသွားနေတာ၊ ဘာမှမပတ်သက်ဘူး၊ ကျွန်တော်က အဲဒီနေရာကို ရောက်နေတဲ့အကြောင်းအရင်းက ဒီလိုဗျ"

ပျိုတို့မောင် ကိုယ်ကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်တွေကို တစ်လုံးမကျန် ပြန်ပြောပြလိုက်သည်။

ပျိုတို့မောင်ပြောသလို မေပျိုကလည်း သူ့ အလုပ်အကိုင်နှင့် သူ ဒုက္ခရောက်ရပုံကို ရှင်းပြလိုက်သည်။ ထင်းခုတ်သမား သံသယကင်းကင်းဖြင့် တဲအတွင်း ဝင်ထိုင်စေပြီး. . .

မေပျို့နားတိုးကာ. . .

"ခင်ဗျားက ရုပ်ရှင်မင်းသမီးတွေကို မိတ်ကပ်ပြင်ပေးရတာဆိုတော့ ဟိုလေ. . မိုး. . မိုးပြည့်စုံကိုရော လိမ်းပေးရတာလားဟင်"

မိုးပြည့်စုံ ဆိုသည်မှာ နာမည်ကြီး Top တန်းဝင် မင်းသမီးဖြစ်သည်။ တကယ်ဆိုရင် မိုးပြည့်စုံ မင်းသမီးဖြစ်ကာစကတော့ မိတ်ကပ်လိမ်းပေးဖူးသည့်နောက်ပိုင်း သူ့ညီမက အင်္ဂလန်က မိတ်ကပ်ပညာကို သင်ယူခဲ့သည်မို့ သူ့ညီမနှင့်ဘဲ လိမ်းတော့သည်။

"ဟုတ်တယ် လိမ်းရတယ်လေ၊ ဘာဖြစ်လို့လဲ"

"ဟာဗျာ လေးစားတယ်၊ ကျုပ်က မိုးပြည့်စုံကို အရမ်းကြိုက်တာဗျ၊ မိုးပြည့်စုံရဲ့ ဓါတ်ပုံတွေ ပြက္ခဒိန်တွေဆိုရင် ကျုပ်က မလွတ်တမ်း



www.burmeseclassic.com

www.burmeseclassic.com



ဝယ်တာ၊ သူ့ကားတွေဆိုရင်လည်း ရွာထဲက ဗီဒီယိုရုံမှာ တင်ပြီဆိုတာနဲ့ ကျုပ်က ရှေ့ဆုံးကပဲ"

"ဩော်. . ဟုတ်လား၊ အဟွန့်. . ဟွန့်. . ရှင်တို့ အဲဒီမင်းသမီးတွေကို ရုပ်ထွက်ကောင်းအောင် ဟောဒီက အလှဖန်တီးရှင် မေပို့တို့က ဖန်တီးပေးရတာပါနော်၊ ဒါနဲ့တောင် မေပို့ကို ယောကျ်ားတွေက မချစ်ကြဘူး"

ပြောလည်းပြော ပို့တို့မောင်ကိုလည်း ဝေ့အကြည့်နှင့် မေပို့အထာပေးနေသည်။ ပို့တို့မောင် မေပို့ပြောသမျှကို စိတ်မဝင်စား။

"ကျုပ်ကို ရေနည်းနည်းလောက် တိုက်ပါဗျာ၊ ကျုပ် ရေအရမ်းဆာနေလို့ပါ"

"ဩော်. . ရမယ်. . ရမယ်. . ခဏစောင့်"

ထင်းခုတ်သမား သူ့တဲအတွင်းခန်းထဲ ဝင်သွားသည်။ ရေအိုးထဲမှ ရေခပ်သံကြားလိုက်ရသည်။ သိပ်မကြာလိုက် ရေခွက်ကိုင် ထွက်လာသည်။

ပို့တို့မောင် ကမ်းပေးလာသောရေခွက်ကို လှမ်းယူပြီး အငမ်းမရ သောက်လိုက်သည်။

"နောင်ကြီးတို့ ဒီညတော့ ဟောဟိုအတွင်းခန်းထဲ ဝင်အိပ်လိုက်ပါ"

"ဗျာ. . ရပါတယ်၊ ကျွန်တော် ဒီနေရာမှာပဲ အိပ်ပါမယ်"

အိမ်ရှေ့ခန်း ကျဉ်းကျဉ်းလေးမှာပဲအိပ်ဖို့ ပို့တို့မောင် ပြောလိုက်သည်။

"ဒီအိမ်ရှေ့ခန်းက အိပ်လို့မရဘူး၊ ကျုပ် အိပ်ယာဗျ၊ နောက်ပြီး ကျုပ်တို့ရွာမှာက တံခါးမရှိတော့ ခင်ဗျားတို့ အိပ်တတ်ကြပါ့မလား. . ၊ ဒါကြောင့် အတွင်းခန်းထဲ ဝင်အိပ်ဖို့ ပြောတာ၊ ကဲ. . ကဲ. . ကျုပ် ရေ



www.burmeseclassic.com

www.burmeseclassic.com



အိမ်သွားဦးမယ်"

"အို ရတယ်၊ ဘယ်လို အိပ်ရ အိပ်ရ၊ မေပျိုတို့က ဘာလာလာ ကြိုက်ပြီးသား၊ ကိစ္စမရှိဘူး၊ ဝါး ခုတောင် တော်တော်လေး အိပ်ချင်လှပြီ"

ရေအိမ်သွားရန် ထသွားသော ထင်းခုတ်သမားကိုကြည့်ကာ ပြောရင်းဖြင့် မေပျို သမ်းဝေလိုက်သည်။

"လာလေ အိပ်ကြရအောင်"

ပျိုတို့မောင် လက်ကို အသာတို့ရင်း ခပ်တိုးတိုး ပြောလာသည်မို့ ပျိုတို့မောင် တွန့်သွားသည်။ ဒီအခြောက်မကြီးနှင့် ဒီည အတူအိပ်ရမှာလား၊ မဖြစ်နိုင်. . ဘယ်လိုမှ မဖြစ်နိုင်၊ တွေးကြည့်ရုံနှင့်တင် ကြက်သီးထစရာ. . .

"အိပ်ပါဘူး၊ ကိုယ့်ဟာကိုယ် သွားအိပ်"

"ဩော်. . ရှင်ကလည်းလေ၊ မနက်ကျရင်လည်း ခရီးဆက်ရဦးမယ်၊ ဒီက ဆာနေတာ မြန်မြန်အိပ်မှဖြစ်မယ် လာပါလို့"

"ဘာ. . ."

"အမလေး ပလုတ်တုတ်၊ ဘာဘယ်လိုဖြစ်တာလဲလို့ အော်လိုက်တာ၊ မီးရထားစက်ခေါင်းကျနေတာပဲ"

"မင်းပြောတဲ့စကားက ဘာစကားလဲ၊ လူကိုလာပြီး အထာမပေးနဲ့ ဒါမျိုးတွေ ဝါသနာမပါဘူး"

"ဩော် ဒီက ဗိုက်ဆာတာကိုပြောတာ၊ ဒီထဲမှာ ဘာစားစရာမှ ရှိပုံလည်း မပေါ်ဘူး၊ ဒါကြောင့် ဗိုက်ဆာနေတာကို မေ့ပြီး အိပ်ပျော်အောင် အိပ်လိုက်ရင် ဘာမှမသိတော့ဘူး၊ မိုးမြန်မြန်လင်းရင် ဒီကနေခရီးဆက်ရဦးမှာ မဟုတ်လား၊ နေပေါ့. . ရှင်မအိပ်ချင်ရင် အဲဒီမှာသာ ငုတ်တုတ်ထိုင်အိပ်၊ ပျိုမေကတော့ သွားအိပ်တော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ပျိုတို့မောင် နားမှထသွားသော မေပျို မရှိတော့မှ ထရံချပ်ကိုမှီ ဒီည ငုတ်တုတ်ထိုင် အိပ်လိုက်ရုံပဲရှိသည်ဟု စိတ်ကူးကာ မျက်လုံးတို့ မှေးစင်းလိုက်သည်။

တောသားဆိုတော့ ဘယ်လိုပဲ နေရနေရ ဘယ်လိုပင် အိပ်ရ အိပ်ရ ကိစ္စမရှိ။

အခြောက်မနှင့်အတူ အိပ်ရသည်က လွဲလို့ပေါ့။

ကိုယ်က လူပျိုနုနုထွတ်ထွတ်လေး။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၆)

"တို့မောင်. . တို့မောင်"

"အင်း. ."

"ထ. . ထလေ၊ အပြင်မှာ ခြင်ကိုက်တယ်၊ လာ. . အခန်းထဲလာအိပ် အခန်းထဲမှာ တို့တစ်ယောက်ထဲ မအိပ်ရဲဘူး"

တိုးသဲ့သဲ့ခေါ်သံကြောင့် ပိျုတို့မောင် မျက်လုံးဖွင့်ကြည့်လိုက်သည်။

"ဟင်. . ငွေကြယ်ဖြူ. . မင်း. . မင်း"

"ကဲပါ. . ငွေကြယ့်ကိုမြင်တာ အဲလောက်လန့်စရာ မလိုပါဘူး



www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲမှာ ငွေကြယ်တစ်ယောက်ထဲ အိပ်ရတာ ပျင်းစရာကြီး၊ ဒါကြောင့် ရှင် ငွေကြယ်နဲ့ လာအိပ်ပေးပါနော်. . နော်လို့"

သိပ်လှသည့် မိန်းကလေးတစ်ယောက်က သူနှင့်အတူ ညတစ်ညကို အတူ ဖြတ်သန်းဖို့ စတင်ကမ်းလှမ်းလာသည့် အခွင့်အရေးမျိုး ဘယ်ယောကျ်ား ရဖူးပါသလဲ။

"အင်. . ငွေကြယ်သာ ခွင့်ပြုမယ်ဆိုရင်လေ ဒီတစ်ညတင်မဟုတ်ဘူး၊ တစ်သက်လုံးတောင် အဖော်အဖြစ် အိပ်ပေးချင်တဲ့ ကောင်ပါကွာ"

"သွား သူပိုပြီ၊ ကဲ လာပါလို့၊ ငွေကြယ် အရမ်းကြောက်လို့ပါဆို. . ."

ကိုယ်ထဖို့ပင် အချိန်မယူလိုက်ရ၊ ငွေကြယ်က ကိုယ်လက်မောင်းကို ဖွတ်အတင်း ဆွဲခေါ်နေသည်မို့ အိပ်ခန်းထဲသို့ ဒရွတ်ဆွဲမတတ် ပါသွားသည်။

ပျိုတို့မောင် ကံကောင်းချက်က မိန်းကလေးကတောင် ဒရွတ်ဆွဲခေါ်ရသည်အထိ. . .

အိပ်ခန်းထဲ ရောက်သည်နှင့် ပျိုတို့မောင် ရင်ခွင်ထဲ အတင်းတိုးဝင်သူက ငွေကြယ်. . .

အရာရာကို ကိုယ်က မတောင်းခံရဘဲ သူကစပြီး ပေးဆပ်နေသည်မို့ ငွေကြယ့်ကို အားနာမိပေမယ့် ချစ်နေမိသူကကိုယ်မို့ သူပေးသမျှကို အားမနာတမ်းယူမိတာ သိပ်တော့မဆန်းပါဘူး။

လရောင်နွေးနွေးအောက်မှာ အနမ်းနွေးနွေးတွေကို အတူချွေချရင်း ည၏လိပ်ပြာတွေကို ချွေးသိပ် ရင်ခုန်သံ စစ်မြေပြင်မှာ စစ်ရှုံးချင်းပဖို့ ညလေပြည်တို့က ပန်းရနံ့တို့ကို သယ်ဆောင်လာရကြတယ်။ ဘယ်လောက် ရိုမန့်ဖြစ်လိုက်တဲ့ ညလေးလဲ။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုညမျိုးတွေသာ မသေမချင်း ပိုင်ဆိုင်ရမည်ဆိုလျှင် ထမင်းမစား ရေမသောက်ရဟု ရာသက်ပန်အမိန့်ထုတ်လဲ အချစ်တွေနှင့် အဟာရသိဒ္ဓိ ပြည့်နေပြီမို့ ဖျိုတို့မောင်တို့က လုံးဝမမှု။

"တို့မောင် ငွေကြယ့်ကို ချစ်လားဟင်"

လည်ပင်းကို သိုင်းဖက်ပြီး ညုတုတုမေးလာတော့ အစ်တစ်တစ်အသံဖြင့်ပင်. . .

"အင်း. . ချစ်တာပေါ့လို့"

ငွေကြယ်တို့ အချစ်ကြမ်းပုံများ ကိုယ်က သူ့ကိုမဖက်ရ သူကသာ ကိုယ့်ကိုညှစ်. . အဲ. . ဖက်ထားလိုက်တာများ အသက်ရှုပင် မှားမတတ်။

"ဟို. . ဖက်တာနည်းနည်း လျှော့ပါလားဟင်၊ ဒီက အသက်ရှုနည်းနည်း ကြပ်လာလို့ပါ ငွေကြယ်ရယ်"

"အို. . ချစ်လို့ဖက်တာ စိတ်ဆိုးတာလား၊ ငြိုငြင်တာလား"

"ချိတ်လဲချိုးဘူး၊ ငြိုလဲငြင်ဘူး၊ အသက်ရှုနည်းနည်းမှားနေလို့ ဟီး. . ဟီး. . ရတယ်၊ ဖက်. . ဖက်. . ကြိုက်သလောက်သာဖက်"

"ဒါဆို အာဘွားပေး"

"တကယ်. . "

ပါးတစ်ဖက် ထိုးပေးလာ၍ ငွေကြယ့်ပါးလေးကို အခွင့်အရေးရတုန်း အားကုန်နမ်းလိုက်သည်။ ဘယ်နှစ်ကြိမ်မြောက် နမ်းမိမှန်းပင် မသိတော့။

ငွေကြယ့်ပါးလေးကို နမ်းခွင့်ရဖို့ ဘယ်လောက်တောင် မျှော်လင့်တောင့်တခဲ့ရသလဲ၊ အခွင့်အရေးက ရတော့လည်း ဆိုင်းမဆင့် ဗုံမဆင့်. . ဘာမှတောင် ကြိုတင်ပြင်ဆင်ခွင့် မရလိုက်။

"ဟင်. . အချက်တစ်ရာထဲ နမ်းရလား၊ သွား ဟပ်စေးနဲကြီး"



www.burmeseclassic.com

www.burmeseclassic.com



ငွေကြယ့်ပါးကို ကိုယ်တိုင်တောင် ဘယ်နှချက် နမ်းမိမှန်းမသိ။ ငွေကြယ်ကတော့ ရေတွက်ထားသည်ထင်၏ အချက်တစ်ရာတဲ့၊ အဲ့ပါရဲ့ ဒီလောက် စေ့စပ်သေချာလွန်းသည့် မိန်းကလေး စံထားလောက်သည်။

“ဒါ . . ဒါဆို ဘယ်နှချက် နမ်းရမလဲ”

“အချက် . . တစ်ထောင် . . တစ်သောင်း”

အောင်မလေးဗျာ၊ ချွန်နေတဲ့နှာခေါင်း တုံးပါပြီဟု စိတ်ထဲမှ ကြိတ်ပြီး ဘုရားတကာ . . .

“ငွေကြယ့် ပါးပြင်နုနုလေးတွေ ကိုယ့်ရဲ့ အနမ်းတွေကြောင့် ချိုင့်ကုန်မှာပေါ့”

“ချိုင့်ပစေ၊ အဓိကက တို့မောင်ရဲ့ အနမ်းခံရဖို့ပဲ၊ ပြီးရင် . . ငွေကြယ်က တို့မောင်ကို နမ်းမယ်”

“တကယ် . .”

“အင်း . .”

“မညာရဘူးနော်”

“ညာစရာလား၊ ခုပဲ အခန်းထဲ ရောက်နေပြီကို”

“အိုကေ ဒါဆိုနမ်းတော့”

“အင်းပါ . .”

မျက်လုံးကို အသာမှေးစင်းကာ နှုတ်ခမ်းသား နီထွေးထွေးမှ ထွက်ကျလာမည့် အနမ်းဖူးဖူးတွေကို ရင်ခုန်စွာ စောင့်ဆိုင်းလိုက်သည်။

“ရွတ် . . ရွတ် . . ရွတ်”

အနမ်းတွေက မိုးရေစက်တွေလို ပျိုတို့မောင်ပါးပေါ်သို့ အဆက်မပြတ် ကျဆင်းနေသည်။

ရင်ခုန်စရာ ကောင်းလိုက်တာ၊ ဘဝမှာ ထိုဖီလင်မျိုး ခံစားရတာ ဒါပထမဦးဆုံးအကြိမ်ပင် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအနမ်းတို့နှင့်အတူ လူပျိုညကို ရက်ရောစွာ စွန့်ပစ်လိုက်ရင်ဖြင့်. . .

ထိုအတွေးနှင့်အတူ ငွေကြယ့်ကိုယ်လေးကို တင်းကြပ်စွာ ပြန်၍ဖက်တွယ်လိုက်သည်။

"အဟင်း. . ဟင်း. . ရှင်ကလည်း ဖွတ်ပါလားနော်"

"အဟမ်း. . အဟမ်း"

"မိုး. . မိုးလင်းပြီနော်"

မေပျို၏ ပြီတီတီအသံနှင့် ထင်းခုတ်သမား၏ သတိပေးစကားသံကြောင့် ပျိုတို့မောင် မျက်လုံးတို့ ဖျတ်ခနဲ ပွင့်လာသည်။

အလင်းရောင်မရှိသော ခပ်မှောင်မှောင် အောက်သိုးသိုးကြမ်းခင်းပေါ်မှာ လဲအိပ်နေမိသော ပျိုတို့မောင် အိပ်မက်မှ လန့်နိုးလာကာ ဘေးဘီကို အလန့်တကြား ဝေ့ကြည့်လိုက်သည်။

ဒါ ဘယ်နေရာလဲ၊ ညက သူအိပ်တုန်းက ငုတ်တုတ်၊ ခုရောက်နေသည့်နေရာသည် ညကငုတ်တုတ်ငိုက်မြည်းနေသော နေရာမဟုတ်။

ဒီထက်ထိတ်လန့်စရာကောင်းတာက ကိုယ့်ဘေးမှာ ကိုယ့်ကိုယ်ပေါ်ကို ပိုင်စိုးပိုင်နင်း ခြေတစ်ဖက်တင်ပြီး ခွအိပ်နေသော အခြောက်မ၏ အဆီတဝင်းဝင်းမျက်နှာကြီးကို ဖြုန်းခနဲ မြင်ရသည်နှင့် လူက ဝုန်းခနဲထကာ လျော့လျဲလျဲဖြစ်နေသော ပုဆိုးစကို ကပျာကယာဝတ်ပြီး ကျူးအော်လိုက်သည်။

"ဒါ. . ဒါ. . ဘာလုပ်တာလဲ"

"အောင်မလေး လန့်လိုက်တာ"

မေပျို အိပ်မှုံစုံမွှားဖြင့် အိပ်နေရာမှ ဆတ်ခနဲ ထထိုင်ကာ လန့်အော်သည်။

"ခင်. . ခင်ဗျား၊ ဘာလို့ ကျုပ်ကိုခွပြီး အိပ်နေတာတုန်း"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သတကြီး အော်ဟစ်ပြောလိုက်သံကြောင့် တဲအပြင်မှ ထင်းခုတ်သမား ဝင်လာသည်။

"ဘာဖြစ်တာလဲ၊ ဘာဖြစ်ကြတာလဲ"

"ဒီမှာ ကျုပ်ကို ဒီအခြောက်မ ခွပြီးအိပ်နေတယ်ဗျာ"

"ဟာ. . ခင်ဗျားတို့ကလည်း အိပ်တုန်းက အတူတူ အိပ်ကြပြီး ခုမှထပြီး ပြဿနာ လုပ်နေတယ်"

"ဗျာ. . တူတူအိပ်တယ် ဟုတ်လား"

"ဟုတ်တယ်လေ ညက ခင်ဗျားအပြင်မှာ ငုတ်တုတ်အိပ်နေလို့ ဒီက အစ်မလေးက သူနဲ့လာအိပ်ပါဆိုပြီး ထွက်ခေါ်တော့ ခင်ဗျားပဲ ရယ်ရယ်မောမော ရှက်သလို ရွံ့သလိုပုံစံနဲ့ အထဲမှာလိုက်အိပ်ပြီးတော့ အဟီး. . ဟီး. . ခင်ဗျားနော် ညကတစ်မျိုး ခုတစ်မျိုး မလုပ်နဲ့လေဗျာ"

ပျိုတို့မောင် ရင်ထဲမှ ကြည်နူးမှုလေးတွေ ထင်းခုတ်သမားပြောမှပင် ဝုန်းခနဲ လွင့်စင်ကုန်သည်။

ဒါဆို ညက ပျိုတို့မောင်ကို လာခေါ်တာ ငွေကြယ်ဖြူ မဟုတ်ဘူးလား၊ အနမ်းတွေ အပြိုင်ချွေချခဲ့တာကရော. . ဒီ. . ဒီအခြောက်မနှင့်လား။ တွေးရင်းဖြင့် ရင်ထဲမှာ ဒေါသတွေထွက်လာသည်။

"ရှင်ပဲ ညက မေပျို့နားမှာ လာအိပ်ပြီးတော့ ခုကျမှ ရှင်မဟုတ်သလို လုပ်ရလားလူဆိုးရဲ့ တကယ်ပဲကွယ်"

ရုပ်က ကြောင်သေ ပါးရိုက်ရုပ်နှင့် ဗီလင်တက်ပြနေသော မေပျို့ကိုကြည့်ပြီး ပျိုတို့မောင် ဘာပြောလို့ ပြောရမှန်းမသိ။

တစ်ကယ်ဆို သူ အိပ်မက်မက်နေတာပဲ၊ အိပ်မက်ထဲမှာ ငွေကြယ်ရယ်သူရယ် နှစ်ယောက် အနမ်းတွေ ဖလှယ်ကြသည်။

"ည. . ညက ကျုပ် ခင်ဗျားကို လက်ဖျားနဲ့တောင် ထိတို့ဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



"အမလေး မတို့လို့ပဲ၊ ဟောဒီကပါးကြီး ပေါက်မထွက်တာကံကောင်း၊ မေပျို့ကိုလည်း နမ်းခိုင်းလို့ ရှင့်ကို ဟောဒီက မေပျို့နှာခေါင်းရှုံးကျိုးမတတ် နမ်းလိုက်ရတာ၊ ဒါပဲနော် မေပျို့ဘဝမှာ ဘယ်ယောကျ်ားနဲ့မှ ခုလို ထွေးထွေးပွေ့ပွေ့ နေဖူးတာမဟုတ်ဘူး"

"ဟာ. . ယောကျ်ားအချင်းချင်း ဘာဖြစ်သွားတာမှတ်လို့၊ ကျုပ်က ကျုပ်ချစ်သူနဲ့ အိပ်မက်မက်နေတာ၊ ခုတော့ ခင်ဗျားနဲ့ တွေ့သွားပါပြီကွာ နှမြောဖို့ကောင်းလိုက်တာ၊ ခင်ဗျား တော်တော်ကို ဒုက္ခပေးတာပဲ"

"ဩော်. . ဒီက ရှင့်ကို ခြင်တွေကိုက်မှာစိုးလို့ စေတနာနဲ့အထဲမှာအိပ်ရအောင် ခေါ်သိပ်တာလေ"

"ခေါ်စရာလား၊ ခင်ဗျားနဲ့ကျုပ် ဘာပတ်သက်လို့လဲ"

"ဒုက္ခသည်ချင်းမို့ ပတ်သက်နေရပြီလေ၊ ဟင်း. . ကောက်ညှင်းကမစေး၊ ဆန်ကြမ်းက စေးနေတယ်"

မေပျို့ မကျေမနပ်ဖြစ်ကာ ပျိုတို့မောင်အနားမှ ဘောက်ဆတ်ဘောက်ဆတ်ဖြင့် ထသွားသည်။ ဝါးကြမ်းခင်းသည် မေပျို့ခြေသံကြောင့် တကျိုကျိုမြည်ကာ တသိမ့်သိမ့်လှုပ်နေသည်။

ပျိုတို့မောင် ရင်ထဲမှဒေါသတို့သည်လည်း ထိုဝါးကြမ်းခင်းနှင့်အတူတူ တသိမ့်သိမ့်. . ။ ထင်းခုတ်သမားထံမှ ရယ်သံကို ကြားရသည်။

အပြင်မှာ ဖုန်းထွက်ပြောနေသော မေပျို့အသံကို ပြန်ကြားတိုင်း ညက အိပ်မက်ထဲက ငွေကြယ်ဖြူ အနမ်းတွေကို အမှတ်ရနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၇)

"ကဲ ကိုလူပျို၊ မေပျို့ကို လာကြိုမယ့်ကား နောက်ထပ် နာရီဝက်လောက်ဆို ရောက်ပြီ၊ ရှင် မေပျို့နဲ့ ရန်ကုန်ကိုလိုက်မှာလား"

မလိုက်ဘူးဟု ငြင်း၍မရသည်မို့ ဒေါသကို ခဏဘေးချိတ်ပြီး တင်းထားသော မျက်နှာကြောကို လျော့ကာ ခေါင်းညိတ်လိုက်သည်။

"ရှင် မေပျို့ကို စိတ်ဆိုးနေလား ကိုလူပျို"

"ဟာ. . ကျုပ်နာမည် ပျိုတို့မောင်၊ ကိုလူပျို မဟုတ်ဘူး"

ရန်ထောင်နေသော ပျိုတို့မောင်ကိုကြည့်ပြီး မေပျို့ တခိခိ ရယ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အင်းလေ. . ရှင်က ကိုလူပျိုမှ မဟုတ်တော့တာ၊ ခစ်. . ခစ် . . ခစ်"

"ဘာ. . ဘာပြောတယ်၊ ကျုပ်က ဘာလို့ လူပျိုမဟုတ်ရမှာလဲ"

"အယ်. . ဒေါသကြီးပဲ၊ ရှင်ပြောတာလေ ကိုလူပျို မဟုတ်ဘူးလို့၊ နာမည်လေးက ဒိုးပတ်ဝိုင်း ထောင်လို့ရတယ်နော်၊ ပျိုတို့မောင်ဆိုတော့ ရှင် ဒိုးပတ်တီးတတ်လား၊ မေပျိုက ခုနစ်ထွေအက၊ သူငယ်တော်အက၊ မင်းသမီးအက အကုန်ကတတ်တယ်၊ ရန်ကုန်ရောက်ရင် ပျိုတို့မောင်ကို ကပြမယ်. . ကြည့်မှာလား"

စိတ်ညစ်နေရသည့်ကြားထဲ အရည်မရ အဖတ်မရတွေ လာပြောနေသော မေပျို့ကို စိတ်ပျက်စွာကြည့်လိုက်သည်။

"အဲဒါတွေ ဘာတစ်ခုမှ စိတ်မဝင်စားဘူး"

သူတို့နှစ်ယောက်နားသို့ ထင်းခုတ်သမား ရောက်လာသည်။

"ကျုပ် တောထဲဆင်းဦးမယ်၊ ခင်ဗျားတို့အတွက် ထမင်းကြမ်းနဲ့ ဆတ်သားခြောက်ဖုတ် လုပ်ပေးထားတယ်၊ စားစရာရှိတာ စားသွားကြ လမ်းမှာ ဆာနေလိမ့်မယ်၊ ဩော်. . ဩော်. . ဒါနဲ့ အလှဖန်တီးရှင်က ကျုပ်ကို လိပ်စာကဒ် ပေးခဲ့ပါလား၊ ကျုပ် ရန်ကုန်လာရင် ဝင်လည်လို့ ရတာပေါ့နော်"

"ဟယ်. . ဝင်လည်. . ဝင်လည်၊ အဲ. . ဒါပေမယ့် မေပျိုမှာ လိပ်စာကဒ် ပါမလာဘူး၊ မေပျို့ မိတ်ကပ်ဘောက်တွေ၊ ပိုက်ဆံအိတ်တွေက ဟိုကာလနာ မြွေခြောက်ကိုက်တွေရဲ့ကားထဲ ပါသွားတယ်၊ နေဦး မေပျို့မှာ ဖုန်းရှိတယ်၊ အဲဒီဖုန်း ရှင့်ကို လက်ဆောင်ပေးခဲ့မယ်၊ မေပျို ရန်ကုန်ရောက်တော့ နောက်ဖုံးတစ်လုံးနဲ့ ထပ်ခေါ်မယ်၊ အဲဒီမှာပေါ်တဲ့နံပါတ်က မေပျို့ဖုန်းနံပါတ်ပဲ"

မေပျို သူ့ဖုန်းကိုပေးလိုက်သဖြင့် ထင်းခုတ်သမားမှာ ရုတ်တ



www.burmeseclassic.com

www.burmeseclassic.com



ရက် သိန်းထီပေါက်သည့်နှယ် ဝမ်းသာသွားသည်။

"ဟာ. . တ. . တကယ် အပိုင်ပေးတာလား"

"ဒါပေါ့. . မေပျို့မှာ ဖုန်းတွေအများကြီး၊ ဒီက ကျေးဇူးရှင်ကို ကျေးဇူးဆပ်တဲ့အနေနဲ့ ပေးခဲ့တယ်လို့ သဘောထား၊ ရန်ကုန်ရောက်ရင် မေပျို့ဆီမှာတည်း၊ မေပျိုက ဘာလာလာ လက်ခံတယ်. . ဟီး. . ဟီး"

"ဒါ. . ဒါပေမယ့် ကျုပ်က ဒါကို မပွတ်တတ်ဘူးဗျ"

"ဩော်. . ဒါက တက်ချ်ဖုန်းတွေလေ၊ လက်ညှိုးလေးနဲ့ ပွတ်ရုံပဲ ကို. . မေပျို သင်ပေးမှာပေါ့၊ ဟောဒီလို ဟောဒီလိုလေး ပွတ်ရတယ်၊ မှတ်ထားနော်"

ယောကျ်ားတွေနှင့်ဆို ပရောပရီ အင်မတန် လုပ်ချင်ကြသော အခြောက်တွေကို မုန်းသော ပျိုတို့မောင်သည် အခြောက်နှင့်မှ လာ၍ ဆုံရတယ်လို့. . .

ခုချိန်မှာ မုန်းတာကို ဘေးချိတ်၊ သူ့ကားနဲ့ ရန်ကုန်ရောက် သွားဖို့က အဓိက. . ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၈)

မရောက်တာကြာပြီဖြစ်သော ရန်ကုန်မြို့သည် လွန်ခဲ့သော ဆယ်နှစ်ခန့်ကနှင့် ဘာမျှမဆိုင်လောက်အောင်ပင် အပြောင်းလဲကြီး ပြောင်းလဲ၍နေသည်။

လမ်းတွေပေါ်မှာ ကားတွေပြည့်ကျပ်ကာ ဖြည်းဖြည်းချင်း လိပ်လိုသွားနေရသည်။ ခရီးသည်တွေစီးသည့် လိုင်းကားတွေကလည်း ဟိုးတုန်းကလို ဘတ်စ်ကားတွေ မဟုတ်တော့၊ ကားရှည်ရှည်ကြီးတွေနှင့် ကြည့်၍ပင် ကောင်းသေးတော့၏။

ဒါတင်မကသေး. . ၊ ကောင်မလေးတွေကလည်း မျိုတို့မောင်



www.burmeseclassic.com

www.burmeseclassic.com



မျက်စိထဲမှာ တော်တော်လေးလှသည်။ ပေါင်သားဖြူဖြူလေးတွေနှင့် ခေတ်မှီသော ပုံစံတွေက နိုင်ငံခြားရောက်နေသလားပင် ထင်ရ၏။

"ဒါ ဘယ်သူ့အိမ်လဲ"

"တို့ရဲ့အိမ်ပေါ့၊ အိမ်မှာ အေးအေးဆေးဆေး စားသောက်ပြီးမှ ရှင့်အမျိုးအိမ်ကို မေပျိုကိုယ်တိုင်လိုက်ပို့မယ်၊ ဝါသနာပါရင် တညေ တမောလည်း အိပ်လို့ရတယ်နော်"

ရွှတ်နောက်နောက်ပြောနေသော မေပျို့ကို သူကားကြုံမလိုက်ခင်တုန်းကလို ဘုကလန့် ပြန်ပြော၍မဖြစ်တော့။ သူ့အရှိန်အဝါနှင့် ပိုင်ဆိုင်မှုက အခြောက်နှင့်တောင် မတန်မရာမို့ လူကိုမရှိန်ပေမယ့် အရှိန်အဝါကတော့ လေးစားရတော့မည့် အနေအထားမို့ . .

"ရပါတယ်ဗျာ မအိပ်တော့ပါဘူး၊ ခုလိုရန်ကုန်ထိ ကားကြုံလိုက်ခွင့်ရတာကိုပဲ ကျေးဇူးတင်ပါတယ်"

"ဟယ် . . ကြည့် . . သူစိမ်းဆန်တယ်နော်၊ ဟွန်း . . အိမ်ကိုရောက်ပြီးမှတော့ မပြန်ပါနဲ့ဦး၊ သူများလည်း ဧည့်ဝတ်ကျေပါရစေဦး၊ ပြီးမှ တို့မောင် သွားမယ့်နေရာကို မေပျိုကိုယ်တိုင် လိုက်ပို့မှာ . . ကဲ ခုတော့ ကားပေါ်ကဆင်း"

ဗိုက်ကလည်းဆာ၊ လက်ထဲမှာ နာရီတစ်လုံး ပတ်ထားတာက လွဲပြီး လက်ဗလာနှင့်မို့ မေပျို့အစီအစဉ်ကို သိပ်မငြင်းတော့ဘဲ ငြိမ်နေလိုက်တော့သည်။

မေပျိုနှင့် ပျိုတို့မောင် ကားပေါ်က ဆင်းသည်နှင့် အိမ်ထဲမှ အခြောက်တစ်သိုက် ပျာတိပျာယာ ထွက်လာကြသည်။

"မမပျို ပြန်လာပြီ"

"မာမီပျို ဘာဖြစ်သွားသေးလဲဟင်၊ အမလေး မဒေဝကောင်း ပျောက်ကောင်းပါလားနော်၊ ဘယ် . . ဘယ်နေရာမှ မို့တစ်ပေါက်



www.burmeseclassic.com

www.burmeseclassic.com



မစွန်းခဲ့ဘူး၊ မဟုတ်လားဟင်”

“တို့မာမီကို ယုတ်မာတဲ့ လူရမ်းကားတွေ လုံးဝမကျေနပ်ဘူး၊ တွေ့လို့ကတော့ အညွန့်တုံးအောင် လုပ်ပစ်လိုက်မှာပဲ”

“ဟယ်. . ဒါနဲ့ သူလေးက ဘူလေးလဲဟင်”

အပြာရောင် ဂါဝန်ဖားဖားကြီးကို ဝတ်ကာ အရပ်ရှည်ရှည်နှင့် အခြောက်မက ပျိုတို့မောင်ကို မျက်စပစ်ပြပြီး မေပျို့ကို လက်တို့ပြီး မေးသည်။

“ငါ့ရဲ့ ဘော်ဒီဂါ့ဖရင့်ပါအေ. . သွား. . သွား၊ ငါတို့ ခရီးပန်းလာတယ်၊ ညကလည်း နှစ်ယောက်သား ကောင်းကောင်းအိပ်ခဲ့ရတာ မဟုတ်ဘူး၊ ဝမ်းထဲလဲ ဟာနေပြီ၊ စားဖို့သောက်ဖို့ သွားပြင်တော့၊ ပြီးရင် ခဏအနားယူမယ်”

“ဟယ်. . ရင်ခုန်စရာကြီးပါလား၊ ဒါဆို ချယ်ချယ် မာဆတ်ဝင်ပေးမယ်လေ”

“ဟဲ့. . ချလွတ်ပလွတ်မရယ်၊ ဒီအဆင့်နဲ့ ဒီအဆင့် မာဆတ်ဝင်တဲ့ရုပ်လား ကြည့်ပြီးမှပြော၊ သွား. . လုပ်စရာရှိတာသွားလုပ်၊ ယောကျ်ားမြင်ရင် ကြွန်ကြွကိုမရကြဘူး. . တစ်ကယ်ပဲ”

မေပျို ဟောက်လိုက်သဖြင့် ချယ်ချယ်ဆိုသော အခြောက်မ ငြိမ်ကျသွားကာ အိမ်ထဲသို့ ကုတ်ချောင်းချောင်းဖြင့် ဝင်သွားသည်။

ပျိုတို့မောင် စိတ်ထဲမှ ကြိတ်ပြီးမဲ့မိသည်။ သူတို့အားလုံးရဲ့ ခေါင်းဆောင်ကတောင် ယောကျ်ားမြင်လျှင် ဘာလာလာ ကြိုက်နေမှတော့ အောက်ကငယ်သားတွေကလည်း ကြွန်ကြွပျက်တာ သိပ်မှမဆန်းတာ။

အတွေးနှင့်အတူ အိမ်ကြီး၏ဧည့်ခန်းကို ဝေ့ကြည့်လိုက်သည်။ ခေတ်မီသော အသုံးအဆောင်တွေကအစ တန်ဖိုးကြီးပြီး လှပခန့်ညား



www.burmeseclassic.com

www.burmeseclassic.com


နေသော မြင်ကွင်းကြောင့် မေပျို့အရည်အသွေးကို ချီးကျူးရမလိုပင်။

ယောက်ျားတစ်ယောက် ဖြစ်နေသော ကိုယ်ကိုယ်တိုင်ပင် အလုပ်အကိုင်မရှိ၍ ရန်ကုန်တက်လာရသော အခြေအနေမှာ စီးပွားရေးမှာ အောင်မြင်နေသော အခြောက်မတစ်ယောက်၏ အရည်အသွေးကို မလေးစားဘဲ မနေနိုင်။

ကိုယ့်အတွက် ငွေရဖို့ ခက်ခဲသလောက် သူ့အတွက် ငွေဟာ အင်မတန်ကို ရှာရလွယ်သတဲ့လား။

ရှေ့ဆက်ရမည့် ကိုယ့်အနာဂါတ်ကို မျှော်မကြည့်ရဲလောက်အောင် ရင်ထဲမှာ မောရှသွားသည်။

အလုပ်အကိုင်ကောင်းကောင်း ရှာလို့လွယ်ပါ့မလား။


www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၉)

"တို့မောင်. . ရှင် လမ်းတော့မှတ်မိပါသေးတယ်နော်"

မေပျို ကားမောင်းရင်း ဇဝေဇဝါဖြစ်နေသော ပျိုတို့မောင်ကို မေးလိုက်ခြင်း ဖြစ်သည်။

"လမ်းတွေက ပုံစံပြောင်းသွားတော့ ကျုပ်လဲ ဇဝေဇဝါ ဖြစ်နေပြီ"

"လမ်းနာမည်က. . ဘာ"

"သပြေညိုလမ်း အိမ်နံပါတ်(၄၈၆)"

"အိုခေ ဒါဆိုရင် မေပျို မေးလိုက်မယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



ကားကိုမှေးရပ်ပြီး လမ်းဘေးကွမ်းယာဆိုင်မှ ကုလားလေးတစ်ယောက်ကို မေပျို လှမ်းမေးလိုက်သည်။

"ဟေ့ မောင်လေး၊ သပြေညိုလမ်းက ဘယ်နားလောက်မှာလဲ"

"စိန်ခြူးလက်ဘက်ရည်ဆိုင် ဘေးကလမ်းက သပြေညိုလမ်းလေ. . ချစ်မကြီးရဲ့"

ကွမ်းယာသည်ကုလားမှ မေပျို့ကို အခြောက်မကြီးမှန်းသိ၍ တမင်ခေါ်လိုက်မှန်း ပြီတီတီမျက်နှာကိုကြည့်ရုံနဲ့ သိသာသည်။

"စိန်ခြူးလက်ဘက်ရည်ဆိုင်ကရော ဘယ်နားမှာလဲဟင်"

"ရှေ့နားကို နည်းနည်းမောင်းသွားရင် တွေ့လိမ့်မယ် ချစ်မကြီး"

မေပျို ကားကို ရှေ့ဆက်ပြီး မောင်းခဲ့လိုက်သည်။

"ဟယ်. . တွေ့ပြီ စိန်ခြူးလက်ဘက်ရည်ဆိုင်၊ ဟောဟိုဘေးက လမ်းကျဉ်းလေးက သပြေညိုလမ်းဖြစ်မယ်"

"ဟုတ်တယ်. . ဟုတ်တယ်၊ ကျုပ်မှတ်မိသွားပြီ"

လမ်းထိပ်မှ ပိတောက်ပင်အိုကြီးကိုမြင်မှပဲ ပျိုတို့မောင် မှတ်မိသွားသည်။

"ကဲ. . ကျေးဇူးပဲဗျာ"

ပျိုတို့မောင် ကားတံခါးကို ဖွင့်ဆင်းလိုက်သည်။ တစ်ဆက်တည်းပဲ မေပျို့ကိုပါ ကျေးဇူးတင်စကားပြောရင်း နှုတ်ဆက်လိုက်သည်။

မေပျို ကားပေါ်ကဆင်းလိုက်သည်။

"သူများလည်း လိုက်မယ်လေလို့၊ ရှင့်အဒေါ်နဲ့ မိတ်ဆက်ပေးဦးမှပေါ့၊ တကတည်း သိပ်စိမ်းကားတာပဲ"

"ကျုပ်အဒေါ်တွေက ဆင်းရဲတယ်ဗျ"

"အို. . ဒါ ဘာအရေးလဲ၊ ဆင်းရဲလဲလူပဲ ချမ်းသာလဲလူပဲ၊ ဘာမှ



www.burmeseclassic.com

www.burmeseclassic.com



ပိုထူးမသွားပါဘူး၊ မေပျိုလည်း ဆင်းရဲတဲ့ဘဝက တက်လာတာပါ”

ဖွတ်အတင်း လိုက်မည်လုပ်နေ၍ ပျိုတို့မောင် မလိုက်နဲ့ဟု ဆက်မတားတော့ဘဲ ရှေ့မှလျှောက်လာလိုက်သည်။

မင်းသမီးရှုံးအောင် ပြင်ဆင်ထားသော မေပျို့ကို လူတွေ ဝိုင်းကြည့်နေကြသည်။

“ဟယ်. . ဒီအခြောက်မကို မြင်ဖူးသလိုပဲဟနော်”

ရခိုင်မုန့်တီဆိုင်လေး အရှေ့မှအဖြတ် ကောင်မလေးတစ်သိုက်၏ ပြောဆိုသံတွေကြောင့် မေပျို ပျိုတို့မောင်၏ လက်မောင်းကို ဆုပ်ကိုင်လိုက်သည်။

“ဟယ်. . အဲဒါ အလှဖန်တီးရှင်လေဟာ၊ Lourel မေပျိုလေဟာ”

“အဲ. . ဟုတ်ပါရဲ့၊ ဒါကြောင့် မြင်ဖူးပါတယ်လို့. . ရှေ့ကလူက သူနဲ့ ဘာတော်လည်းမသိဘူး”

“သူ့ပါတနာနေမှာပေါ့၊ ရုပ်က ဖြောင့်တော့ဖြောင့်တယ် ဒါပေမယ့် တောသားရုပ်ကြီးနော်”

ကောင်မလေးတစ်သိုက် ဝေဖန်သံက နောက်မှကပ်ပါလာသည်မို့ ပျိုတို့မောင် မျက်နှာကြီးရှုံ့မဲ့သွားကာ ကိုယ့်လက်မောင်းကိုဆုပ်ကိုင်ထားသော မေပျို့လက်ကို အတင်းဆွဲဖယ်သည်။

သက်သက်မဲ့ အသားယူနေသော အခြောက်မနှင့်တော့ လူတွေတစ်မျိုးထင်ကုန်ကြပြီ။

“ဟေ. . အဲဒီလက်ကြီးက လွှတ်ပါဟ၊ ဟိုကောင်မလေးတွေ ငါ့ကို တစ်မျိုးထင်ကုန်ပြီ”

“အို. . ထင်ပစေပေါ့၊ သူများလို celebrities တစ်ယောက်နဲ့ တွဲရတာကို ရှင်ကနာနေလား. . ဟွန်း”



www.burmeseclassic.com

www.burmeseclassic.com



ပြောလေ ပို၍ဖက်တွယ်ထားလေမို့ ပျိုတို့မောင် ဆက်ပြောမနေတော့ဘဲ ငြိမ်နေလိုက်တော့သည်။

လောလောဆယ်မှာ သူက ကိုယ့်ရဲ့ကျေးဇူးရှင် ဖြစ်နေပြီလေ၊ အလိုက်အထိုက်ပေါ့။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၀)

"ဒေါ်လေးသိမ့်"

"ဟယ်. . သား ပျို့တို့မောင်"

တဲအကြီးစားဟု အမည်တပ်၍ရသော သွပ်မိုးထရံကာ အိမ်ကလေးရှေ့ရောက်သည်နှင့် ပျို့တို့မောင် အဒေါ်လုပ်သူကို တန်းတွေ့သွားသည်။

"အမလေး. . ဆိုင်းမဆင့် ဗုံမဆင့် ရောက်လာတာပဲ၊ လာ. . လာ. . ဝင်"

ဒေါ်လေးသိမ့် လန်ပျံနေအောင် ပြင်ထားသော ခြေချောက်မ



www.burmeseclassic.com

www.burmeseclassic.com


မေပျို့ကို အကဲခတ်ရင်း အိမ်ထဲဝင်ဖို့ ခေါ်လိုက်သည်။

ပျို့တို့မောင် အိမ်လေးပေါ်တက်သည်နှင့် မေပျို့ပါ ယိုင်နဲ့နဲ့အိမ်လေးပေါ် လိုက်တက်လိုက်သည်။ အိမ်လေးက တော်တော်စုတ်ချာတာမို့ ဒီအိမ်မှာနေရမည့် ပျို့တို့မောင်ကို စိတ်ထဲသနားသွားသည်။

"ဒေါ်လေးသိမ့်၊ မူကြို ဖွင့်ထားတာလား"

အိမ်ရှေ့ခန်း ကျဉ်းကျဉ်းလေးထဲတွင် ထိုင်ဆော့သူကဆော့၊ အိပ်သူကအိပ် ထမင်းစားသူကစားနှင့် ရှစ်ယောက်ခန့်ရှိသော ကလေးဘုစုခရုတွေကိုကြည့်ပြီး စိတ်ထဲရှိသည့်အတိုင်း မေးလိုက်သည်။

"အမလေး အဲဒါတွေက ဒေါ်လေးသိမ့်ရဲ့ မြေးတွေနဲ့ ဒေါ်လေးသိမ့် သားသမီးတွေလေ"

"ဘုရားရေ. ."

မေပျို့ ယောင်ပြီး ဘုရားတလိုက်သည်။ အသံထွက်သွားသဖြင့် ဒေါ်လေးသိမ့် မေပျို့ကို လှည့်ကြည့်သည်။

"မအံ့ဩနဲ့တူလေးရေ၊ အဲ. . တူမရေ၊ ဟိုမှာအိပ်နေတဲ့ နှစ်ယောက်က အမွှာလေ၊ ထမင်းစားနေတဲ့ကလေးနဲ့ မောင်နှမအရင်း. . အဲဒါက ဒေါ်လေးသိမ့်သမီးက မွေးတာ၊ သားအစ်မ မဇင်လေ၊ အခုလင်နဲ့ကွဲပြီး အဲဒီကလေးသုံးယောက် အဖတ်တင်တယ်ကွဲ့၊ ခုတော့ ဒေါ်လေးသိမ့်ဆီ ပြန်ရောက်လာရတာပဲ မဟုတ်လား၊ ဟိုဘက်က ဆော့နေတဲ့ ကလေးတွေက မင်းအစ်ကိုကြီး ကိုဆန်းထူးရဲ့ သားသမီးသုံးယောက်နဲ့ ဒေါ်လေးသိမ့် မွေးထားတဲ့ အမွှာနှစ်ယောက်၊ ဟောဟိုကပုခက်ထဲမှာ အိပ်နေတဲ့ကလေးက မင်းညီမအငယ်လေး မိဖြူမွေးထားတာလေ၊ ဒေါ်လေးမှာ တစ်နေ့တစ်နေ့ အဲဒီကလေးကိုးယောက်နဲ့ အပတ်မလည်ရပါဘူးကွယ်"

ထိုင်ရုံပင်ရှိသေးသည် ဒေါ်လေးထံမှ ကြုံကြုံပါအောင် ညည်း


www.burmeseclassic.com

www.burmeseclassic.com



တွားသံတွေကြောင့် ဒီအိမ်မှာနေပြီး အလုပ်ရှာမည့် ပျိုတို့မောင် ဘာပြောရမှန်းပင် မသိတော့။

ဒီလောက်အိမ်ကျဉ်းကျဉ်းလေးထဲမှာ ဒီကလေးကိုးယောက်နှင့် လူကြီးတွေပြွတ်နေမည့်အရေး မျက်လုံးထဲ ပုံဖော်ကြည့်လျှင်တောင် စိတ်မောစရာကြီး. . .

"ကိုကြီးဆန်းတို့ မဇင်တို့ကရော ဒီမှာမနေကြဘူးလား"

"အမလေး သားရယ်၊ ဒီအခေါင်းမှာမနေလို့ ဒင်းတို့ ဘယ်မှာသွားနေကြမတုန်း၊ ဒုက္ခရောက်တော့ ဒီမိဘအိမ်ပဲ သူတို့မှာ ခွေစရာရှိတာလေ၊ အပြင်မှာ အိမ်လေးငှားနေနိုင်တုန်းက မိဘအိမ် ခြေဦးတောင် လှည့်ကြတာမဟုတ်ဘူး၊ အခု အိမ်လခတွေက ခုနစ်သောင်းရှစ်သောင်း ရှိနေကြပြီဆိုတော့ ဒင်းတို့ ဘယ်ငှားနေနိုင်ကြမလဲ၊ မိဘအိမ်ပေါ်ပဲ ခွေးတိုးဝက်ဝင် လာနေကြရတာပဲ၊ အခု သူတို့က မရှိကြဘူးလေ အလုပ်ကိုယ်စီ သွားကြတယ်၊ ညနေမှ ပြန်ရောက်ကြတာ၊

ဒါနဲ့ သားကရော ရန်ကုန်ကို ဘာကိစ္စနဲ့ ရောက်လာရတာတုန်း၊ လာမယ်ဆိုလည်း ကြိုဖုန်းဆက်ရောပေါ့၊ အခု ဒေါ်လေးမှာ ဖုန်းရှိနေပြီ တူလေးရဲ့၊ (၁၅၀၀)ဖုန်းလေ၊ ဟန်းဆက်ကတော့ မဝယ်နိုင်ပါဘူး သားရယ်၊ မင်းအစ်ကိုကြီး ဆန်းထူးမှာ သူ့ဘောစိပေးထားတဲ့ ဖုန်းအဟောင်းလေးရှိတော့ အမေလုပ်သူကို ပေးကိုင်တယ်လေ"

သူ့ဘဝနှင့်သူတော့ နေသားတကျပျော်နေကြသော ဒေါ်လေးသိမ့်ကိုကြည့်ပြီး ပျိုတို့မောင် လာရင်းကိစ္စကို ဘယ်လိုပြောရမှန်း မသိတော့။

"စီးပွားရေးရော အဆင်ပြေကြရဲ့လား ဒေါ်လေး"

ပျိုတို့မောင် အမေးကြောင့် လောကစံအဆိုးတွေ ခံရွှင်နှံး၍ အရည်ထူနေသောအပြုံးဖြင့် ပြုံးပြီး. . .

☺ ဘောက်မြင်ဆာမေ ☺

www.burmeseclassic.com

www.burmeseclassic.com



"အဟင်း.. ဒီလိုပါပဲကွယ်၊ မင်းဦးလေးက လက်သမားဆိုတော့ အုစိုတစ်လှည့် အူခြောက်တစ်လှည့်ပေါ့ကွယ်၊ ဝင်ငွေမရှိတဲ့ ရက်ကလေးတွေဆို အထည်လေးပြေးပေါင်ပြီး ဝမ်းရေးကို ဖြေရှင်းရ၊ ဝင်ငွေရှိတဲ့နေ့ဆိုရင် ပေါင်ထားတာလေး ပြန်ရွေးပေါ့ကွယ်၊ ဘဝဝက်ပါကြီးက ရုန်းလေနစ်လေပါပဲ"

ယခင်က ရုပ်ရည်လှပသော ဒေါ်လေးသိမ့်မှာ ဇရာထောင်းနေပြီမို့ အိုစာသွားကာ ဟိုယခင်က တင့်တင့်တယ်တယ်ရုပ်ရည်မျိုး မဟုတ်တော့။

"ဒါနဲ့ သားက ရန်ကုန်ကို အလည်သက်သက်ပဲလား၊ ငါ့တူလေးကို မတွေ့ရတာ ဆယ်နှစ်လောက်တောင် ရှိပြီဆိုတော့ မနည်းကို ရုပ်ဖမ်းရတယ်ကွယ်၊ အစ်ကိုတို့ အစ်မတို့ရော နေကောင်းကြရဲ့လား၊ သူတို့ကတော့ ရွာမှာနေရတာဆိုတော့ ရန်ကုန်မှာလောက် ဒုက္ခဆင်းရဲမှုမှာ မဟုတ်ပါဘူး"

"အမေတို့ကတော့ ငြိမ်းငြိမ်းချမ်းချမ်းပါပဲ ဒေါ်လေးသိမ့်ရယ်၊ ကျွန်တော်ကသာ ရန်ကုန်မှာနေချင်လို့ အလုပ်လုပ်ရင်း ဒီမှာ စီးပွားရှာမလားလို့လေ"

"ရန်ကုန်မြို့ကြီးကတော့ အလုပ်ပေါပါတယ်ကွယ်၊ ပေါသလောက်လဲ ငွေကြေးကုန်ကျ များတယ်ကွယ့်၊ ဒါနဲ့ သားက ဘာအလုပ်လုပ်မယ် စိတ်ကူးလည်း ဒါနဲ့ အထုပ်အပိုးတွေရော၊ ဒီအတိုင်း လက်ဗလာကြီး လာလား"

ဒေါ်လေးအမေးကြောင့် ပျိုတို့မောင် လမ်းမှာဖြစ်ပျက်သမျှတွေကို စီကာပတ်ကုံး ပြောပြလိုက်သည်။

"ဟောတော် ဖြစ်မှဖြစ်ရလေ သားရယ်၊ ဒါဆို သားက ယူလေးနဲ့တွေ့လို့ ခုလို ရန်ကုန်ရောက်လာတယ်ပေါ့၊ ဟုတ်လား . . ."



www.burmeseclassic.com

www.burmeseclassic.com



"မေပျိုလည်း ဟောဒီက တို့မောင်နဲ့သာ မတွေ့ခဲ့ရင် ခုလောက်ဆို ဘဝလုံးလုံးပျက်နေပြီ အန်တီရဲ့"

နွဲ့ကာယိမ်းကာ ပြောနေသော မေပျိုကိုကြည့်ပြီး ဒေါ်လေးသိမ့် ပြုံးလိုက်သည်။

"ဟုတ်လား၊ ဒါဆို တစ်ယောက်အခက်အခဲကို တစ်ယောက် ဖြေရှင်းပေးရင်း ရန်ကုန်ရောက်လာကြတယ်ပေါ့၊ ဘာပဲဖြစ်ဖြစ် သမီးကို ကျေးဇူးတင်ပါတယ်ကွယ်"

သူ့ကို သမီးဟု ခေါ်နေသည်မို့ မေပျို သဘောတွေ တွေ့နေသည်။ ထိုစဉ်. . .

"ဖွားဖွား. . မုန့်ဖိုးပေး၊ တားတား မုန့်ချားမယ်"

နှပ်ချေးတွဲလောင်းနှင့်ကောင်လေး မေပျို့ဘေးမှ တိုးဝင်ကာ ဒေါ်လေးသိမ့်ကို မုန့်စားဖို့ ပူဆာသည်။

"ဟဲ့. . ဟဲ့. . ဒီကလေး လူကြီးဘေးကနေ အတင်းတိုးဝင်လာရလား၊ နင်တို့ကိုယ်က နံနံစော်စော်နဲ့"

"တားက မုန့်ချားချင်တာကိုး"

"သွား. . မင်းတစ်ယောက်ထဲ ပါးစပ်ပါတာ မဟုတ်ဘူး၊ မင်းစားရင် ကျန်တဲ့ကလေးတွေပါ စားချင်ကြဦးမယ်၊ စောစောကမှ ထမင်းစားပြီးတဲ့ဟာကို"

သနားစရာ ကလေးတွေကိုကြည့်ပြီး မေပျို ငါးထောင်တန်တစ်ရွက်ကို လွယ်ထားသောအိတ်ထဲမှ ထုတ်ယူလိုက်သည်။

"ရော့. . အန်တီ၊ ကလေးတွေကို မုန့်ဝယ်ကျွေးလိုက်ပါ"

ပျိုတို့မောင် မေပျို့ကို လှမ်းကြည့်သည်။ ဒေါ်လေးသိမ့်အားတို့အားနာဟန်ဖြင့် ငြင်းသည်။

"အို. . မဟုတ်တာဘဲ နေပါစေ၊ သူတို့က အဲ့လိုပဲ အချိန်ပြည့်



www.burmeseclassic.com

www.burmeseclassic.com



စားချင်နေတဲ့ ကလေးတွေ၊ မယူပါရစေနဲ့ကွယ် အန်တီတောင်းပန်ပါ တယ်"

"မေပျိုကလည်း တောင်းပန်ပါတယ်ရှင် ယူလိုက်ပါ၊ ကလေး တွေကို ဒါနပြုချင်လို့ပါ အန်တီရယ်"

"နေ. . နေပါစေ၊ မေပျို ခင်ဗျားရဲ့ကျေးဇူးတွေ ကျုပ်ပေါ်မှာ ပုံနေပြီ"

"ကြည့် ဘာမှမဆိုင်ပါဘူးနော်၊ ဒီကလေးတွေကို မုန့်ဝယ်ကျွေး တာလောက်နဲ့ တို့မောင် မေပျို့ကို ကျေးဇူးတင်ဖို့ မလိုပါဘူးဟယ်၊ မေပျို့စိတ်ရင်းကိုက ကလေးတွေကို ဂရုစိုက်ရတာ ဝါသနာပါတာ. . တို့မောင် ဝင်မဟန့်ရဘူးလေ၊

ကဲ. . ရော့၊ သားသားတို့ မောင်နှမတွေ မုန့်ဝယ်စားကြပြီးရင် အန်တီလေးကို ဆုတောင်းပေး"

ကလေးအုပ်စု မေပျို့နား ဝိုင်းအုံလာပြီး ဆယ်နှစ်ရွယ်ကလေး တစ်ယောက်က မေပျို့လက်ထဲမှ ငါးထောင်တန်ကို ဆတ်ခနဲ လှမ်းယူ လိုက်ပြီး

"သားတို့ ဘာဆုတောင်းပေးရမလဲ"

"အန်တီလေးကို ချစ်သူချောချော ရပါစေလို့ ဆုတောင်းပေး နော်. ."

"အန်တီလေး ချစ်သူချောချော ရပါစေ"

"ချစ်သူချောချော ရပါစေ"

"ဟေး. . သွားမယ် မုန့်သွားစားကြမယ်"

"တားလဲချားမယ်"

သံပြိုင်အော်ကာ ဆုတောင်းပေးကြသော ကလေးတွေ၏ ဆု ပေးသံက အိမ်ကလေးထဲမှာ ဟိန်းထွက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ပျိုတို့မောင် စိတ်ပျက်နေသလောက် ဒေါ်လေးသိမ့်နှင့် မေပျို က သဘောတွေကျနေကြသည်။ ကလေးတစ်သိုက် ငါးထောင်တန်ကိုင် ကာ အိမ်လေးပေါ်မှ ဝရန်းသုန်းကား ပြေးဆင်းသွားတော့မှ ဒေါ်လေး သိမ့် စကားဝိုင်းကို ပြန်ဆက်သည်။

"သားက အလုပ်လုပ်မှာဆိုတော့ နေတော့ရော ဘယ်မှာနေ မလဲ၊ တခြားနေစရာရှိလား ဒါမှမဟုတ် ဒေါ်လေးသိမ့်တို့နဲ့ပဲ နေမလား၊ ဒီမှာတော့ သားမြင်တဲ့အတိုင်းပဲလေ၊ တိုးတိုးကြိတ်ကြိတ်တော့ နေရမှာ ပေါ့၊ သားမနေတတ်မှာပဲ ဒေါ်လေးသိမ့် စိုးရိမ်တာပါကွယ်"

အားနာနေသော ဒေါ်လေးသိမ့်ကို ခေါင်းခပ်လေးလေး ခါပြ လိုက်ပြီး

"နေလို့မဖြစ်ဖူးထင်တယ်၊ ကျွန်တော့်ကြောင့် အားလုံး နေရ ထိုင်ရတာ ကျဉ်းကြပ်ကုန်ပါ့မယ်"

စိတ်ပျက်နေသော ပျိုတို့မောင်ကိုကြည့်ပြီး ဒေါ်လေးသိမ့်လည်း မျက်နှာမကောင်း၊ ကိုယ့်အားကိုးနှင့် ရန်ကုန်ဆင်းလာပြီး အလုပ်လာ လုပ်ပါမည်ဆိုကာမှ အိမ်ကျဉ်းကျဉ်းလေးထဲမှာ မိသားစုတွေ များလွန်း၍ ကျောတစ်ခင်းစာတောင် မပေးနိုင်သည့်အတွက် ရင်ထဲမှာ စိတ်မ ကောင်း. . .။

"ဟိုလေ မေပျို ပြောကြည့်မယ်လေ"

"သူသာ တစ်ကယ်အလုပ်လုပ်မယ်ဆိုရင်လေ မေပျို သူ့ကို အလုပ်ရော နေစရာရော ပေးနိုင်ပါတယ်၊ သူ လက်ခံမယ် ဆိုရင်ပေါ့"

ဒေါ်လေးသိမ့် ပျော်သွားသည်။

"ဘာအလုပ်များလဲကွယ်"

ပျိုတို့မောင်ကတော့ ဘာမှမပြော၊ မေပျို ဘာပြောမလဲ ဟူ၍ သာ ငြိမ်၍နားထောင်နေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မေပျို့ကားကိုမောင်းပြီး မေပျိုသွားလေရာ လိုက်ပို့ပေးဖို့ပေါ့"

"ဟင်း. ."

ပျိုတို့မောင် ဟင်ခနဲနေကာ မေပျို့ကို ငဲ့ကြည့်လိုက်သည်။ ဒီအခြောက်မ ဘာအကြံအဖန် လုပ်ပြန်ပြီလဲပေါ့။

"အဲဒါလေ. . နေစရာကတော့ မေပျို့အိမ်မှာနေပေါ့၊ လစာကိုတော့ တစ်လသုံးသိန်းပေးမယ်လေ"

ဒေါ်လေးသိမ့် မျက်လုံးပြူးသွားသည်။ ချက်ချင်းပင် မျက်နှာပေါ်မှာ ဝမ်းသာရိပ်လွှမ်းကာ. . .

"အမလေး သုံးသိန်းဆိုတဲ့အားက နည်းမှမနည်းပဲ၊ ကုမ္ပဏီမှာ လုပ်ရင်တောင် အဲလောက်ငွေမရဘူး၊ သား မင်းတော့ သူတော်ကောင်းနဲ့တွေ့တာပဲ"

"ဟာဗျာ ကျွန်တော်မှ ကားမမောင်းတတ်ဘဲ ဒေါ်လေးသိမ့်ရဲ့ မဖြစ်ပါဘူး"

ဒေါ်လေးသိမ့် မျက်နှာပြန်၍ညှိုးသွားသည်။ ဟုတ်သားပဲ. . ကိုယ့်တူက ဘယ်လိုလုပ် ကားမောင်းတတ်မှာလဲ။

"အေးကွယ် ကားမောင်းတတ်ရင် သိပ်ကောင်းမှာပဲ"

စိတ်ဓါတ်ကျသွားသော ဒေါ်လေးသိမ့်ကို မေပျို အားပေးသော ရယ်ခြင်းမျိုးဖြင့် တခိခိရယ်ပြီး. . .

"အဲဒီအတွက်လည်း ဘာမှမပူပါနဲ့ အန်တီရဲ့၊ တို့မောင် ကားမမောင်းတတ်ရင် ကားမောင်းသင်ပေးဦးမှာ လိုင်စင်လည်း ချက်ချင်းလုပ်ပေးမယ်၊ ကျွမ်းကျွမ်းကျင်ကျင်လည်း မောင်းတတ်ပြီ၊ လိုင်စင်လည်းရပြီဆိုမှ ကားမောင်းပေါ့၊ ကျန်တဲ့အချိန်မှာ မေပျိုနဲ့ အတူတူနေပေး"

"ဘာ. ."

"ဩော်. . တလွဲတွေးပြန်ပြီ၊ မေပျို ရိုက်ကွင်းတွေသွားတာတို့



www.burmeseclassic.com

www.burmeseclassic.com


မှုပွဲတွေ သွားပြင်တာတို့ဆိုရင် မေပျို့ဘေးကနေ အဖော်လေးပဲ လိုက်ပေးလို့ ပြောတဲ့ဟာကို"

ရုပ်ကြမ်းဖြင့် နွဲ့ပြနေသော မေပျို့ကို မကြည်ကြည့် ကြည့်ရင်း

"ကျုပ်က ဘော်ဒီဂတ်ပေါ့"

"အဲလိုတော့ ဘယ်ဟုတ်မလဲ၊ မေပျို့က ရှင့်ကို ကျွန်မရဲ့ အလုပ်သမားတစ်ယောက်လို သဘောမထားပါဘူး၊ စိတ်ချပါ ရှင်သာ ခေါင်းညိတ်လိုက်၊ ဒီနေ့ကစပြီး အလုပ်စဝင်လို့ရပြီ၊ စားပြီးသောက်ပြီး စားရိတ်ငြိမ်း တစ်လ သုံးသောင်း၊ အဲ. . သုံးသိန်းကတော့ မနည်းပါဘူးနော်"

ပျိုတို့မောင် အင်တင်တင် လုပ်နေသည်။ ဒီအခြောက်မ ကိုယ့်ကို သူ့ဘေးမှာထားပြီး အီစီကလီလုပ်ချင်လို့ လစာတွေ မတန်တဆပေးပြီး အလုပ်ခန့်တယ်ဆိုတာ သဘောပေါက်ပြီးသား သို့သော် ပျိုတို့မောင် ရသည့်အခွင့်အရေးကို လက်မလွှတ်ချင်။

လစာသုံးသိန်းကို မက်တာထက် ရန်ကုန်မြို့ပေါ်မှာ နေစရာရှိသည့် အခွင့်အရေးကို လက်လွှတ်မခံချင်တာဖြစ်သည်။

ရန်ကုန်ထွက်လာသည့် ရည်ရွယ်ချက်က မြို့တက်ပြီး အလုပ်လုပ်မယ်ဟုပြောကာ ထွက်သွားသောချစ်သူကို ရှာပုံတော်ဖွင့်ချင်တာဖြစ်သည်။

ငွေကြယ့်ကို ရှာမတွေ့မချင်း ဘယ်တော့မှ ရွာမပြန်ဘူးဆိုသည့် ကိုယ့်ရည်ရွယ်ချက်ကို အပျက်မခံနိုင်မှတော့ မေပျိုပေးသည့် အလုပ်ကို မနှစ်မြို့ပေမယ့် အောင့်အည်းမျိုသိပ်ပြီး လက်ခံရတော့မှာပင်။

"ဘယ်လိုလဲ လုပ်မယ်မဟုတ်လား မငြင်းပါနဲ့ကွယ်၊ မေပျို့ရဲ့ စေတနာကို တလွဲမတွေးပါနဲ့"


www.burmeseclassic.com

www.burmeseclassic.com



"အင်းလေ. . ကောင်းပြီ ကျုပ်လုပ်မယ်"

"ဟယ်. . အမလေး ပျော်လိုက်တာကွယ်"

မေပို့ ပျော်သွားသလို ဒေါ်လေးသိမ့်လည်း တူဖြစ်သူအတွက် စိတ်အေးသွားရသည်မို့ ပီတိတို့ဖြင့် ပြုံးနိုင်သွားသည်။

"ဒေါ်လေးသိမ့် ဝမ်းသာလိုက်တာသားရယ်၊ ရန်ကုန်ကို ထွက်လာရကျိုး နပ်ပြီပေါ့"

"ဒါပေမယ့် ကျုပ် တစ်ခုတောင်းဆိုချင်တယ်"

"အင်း. . ပြောကြည့်လေ"

ဘာမဆို လိုက်လျောမည့်ဟန်အပြည့်ဖြင့် မေပို့ ခေါင်းဆတ်ပြသည်။

"ကျုပ်ကို တစ်ပတ်တစ်ရက်တော့ နားခွင့်ပေးရမယ်၊ ဘယ်လိုလဲ၊ ပေးနိုင်မလား"

ဘာများလဲဟူသော မထိတထိပုံစံဖြင့် မေပို့ ခပ်သောသော ရယ်ရင်း. . .

"ဒါများရှင်. . ရှင့်ရဲ့သဘောပါ၊ စိတ်ချ ခွင့်ပေးမယ်"

"ကောင်းပြီ ဒါဆိုရင် ဒီနေ့ကစပြီး အလုပ်စဝင်မယ်"

"ဒါဆို ပြန်ကြမယ်လေ"

မေပို့ပြန်ရန် ဖင်တကြွကြွဖြစ်နေသည်မို့ ပို့တို့မောင် ဒေါ်လေးသိမ့်ကို နှုတ်ဆက်ပြီး ပြန်ခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၁)

"ဝါ အလုပ်ပြုတ်လာပြီ ရွှေဝါ"

"ဟော့တော်. . ဘာဖြစ်ရပြန်ပြီလဲ၊ ဒီအလုပ်ဝင်တာဖြင့် မကြာသေးဘူး"

"ကာစတန်မာကို ဘီယာမငှဲ့ပေးလို့တဲ့"

"ဟာ. . . နင်ကလည်း စားသောက်ဆိုင်မှာ သီချင်းဆိုတဲ့ မိန်းကလေးတစ်ယောက်က ဒီအလုပ်ကို မဖြစ်မနေလုပ်ရမှာလေ၊ အရင်တွေကလည်း လုပ်ပေးနေကြပဲဟာ၊ နင်ကလည်း ကျိုင်ပဲ"

ဘဝတူချင်းတွေမို့ ငွေကြယ်ဖြူ အလုပ်ပြုတ်လာသည်ဆို၍



www.burmeseclassic.com

www.burmeseclassic.com


ရွှေဝါ စိတ်ရှုပ်သွားသည်။

"ခုဟာက အဲဒီလူကို ညှော်မခံချင်ရုံပါဟာ"

"အဲဒီလူ. . ဟုတ်လား၊ ဘယ်သူလဲ. . နင် အမြဲ ညှော်ခံနေကျ ကာစတန်မှာ မဟုတ်ဘူးလား"

"မဟုတ်ဘူး၊ ဒါပေမယ့် တစ်ခါတော့ ညှော်ခံဘူးတယ်၊ သွေးဆိုးတယ်ဟာ၊ သားပြောမယားပြော ပြောရုံတင်မဟုတ်ဘူး၊ ပွတ်သီးပွတ်သပ် ဟိုကိုင်ဒီကိုင်နဲ့ ငါက အဲဒါကို စိတ်ပျက်တာဟ"

သနားစရာကောင်းသော ငွေကြယ်ကိုကြည့်ပြီး ရွှေဝါ သက်ပြင်းချလိုက်သည်။

အမူးသမားတွေကလည်း ငွေကြယ် စိတ်ပျက်လည်း ပျက်ချင်စရာပါ၊ သူတို့ ပိုင်စိုးပိုင်နင်း ဆက်ဆံပြောဆိုဖို့အတွက် စျေးကြီးကြီး ပန်းကုံးတွေ ဆုချကြ၊ အဆိုတော်တွေက ပန်းကုံးဆုချတဲ့မျက်နှာနဲ့ သူတို့ကို ညှော်ခံရ၊ ညှော်ခံပြန်တော့လည်း ဟိုချိန်းဒီချိန်း လုပ်ချင်ကြသည်။ တော်ရုံ ဆူလွယ်နပ်လွယ်သော အလုပ်မို့ အဆိုတော်တွေ အပြင်မှာ ချိန်းလျှင် သွားတွေ့သူတွေလည်း ရှိကြပါသည်။

ထိုအထဲတွင် ရွှေဝါနှင့် ငွေကြယ်ကတော့ အပြင်ခေါ်ထုတ်တိုင်း ဘယ်တော့မှ လိုက်လေ့မရှိ။

"ငါ အဲဒီအလုပ်ကြီးကို စိတ်မပါတာနဲ့ အတော်ပါပဲဟာ"

"ဒါဆို နင်ဘာလုပ်မလဲ"

"ငါ ဝါသနာပါတဲ့အလုပ်ကို ပြန်လုပ်မယ်ဟာ"

"အလှပြင်တဲ့ အလုပ်လား"

"အင်း. ."

"လစာနည်းတယ်လေဟာ. . ၊ နင်ပြန်ဝင်ရင် အရင်ကဆက်ကောင် ပိုပြီးဖိနှိပ်ဦးမယ်"


www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး၊ ခုဟာက ငါ တတ်ထားတာထက်ပိုပြီး ထပ်သင်ချင်သေးတယ်"

"သင်တန်းလား"

"ဟုတ်တယ်. . ဒါပေမယ့် အဲအဲဒီသင်တန်းက မိန်းကလေးတွေကိုဆိုရင် သိပ်လက်မခံချင်ဘူး"

"ဟင်. . နင်က မိန်းကလေးလေ၊ ဒါနဲ့ နေပါဦး ဘယ်သူ့ဆီမှာလဲ"

"Laurel မေပို့ျလေ"

"ဟဲ့. . နာမည်ကြီးနေရာပဲ၊ နင့်အဆင့်လောက်နဲ့ တိုးလို့ရပါ့မလား"

"ကြိုးစားကြည့်တာပေါ့၊ ငါ့မျက်နှာကိုကြည့်စမ်း ဝိုင်းသလားလေးထောင့်ကျသလား"

ရွှေဝါ ငွေကြယ့်မျက်နှာကို သေချာစိုက်ကြည့်ပြီး. . .

"လေးထောင့်ကျတယ်လေ"

"မျက်ခုံးရော"

"ထူတယ်"

"နှုတ်ခမ်းရော"

"ထူတယ်"

"နှုတ်ခမ်းမွှေးရော"

"ခပ်ရေးရေးလေးလေ"

"အရပ်ကရော"

"အရှည်ကြီးပဲဟာ"

"ကိုယ်လုံးကိုယ်ပေါက်ကရော မိန်းမဆန်လား"

"ဟင့်အင်း. . ခါးသေးရင်ချီမှ မဟုတ်တာ၊ နင့်ပုံစံက မိန်းက



www.burmeseclassic.com

www.burmeseclassic.com



လေးသာဆိုတယ်၊ ယောက်ျားလေးဆန်တယ်၊ ဒါနဲ့ နင် ငါ့ကိုဘာဖြစ်လို့ ဒါတွေ မေးနေတာလဲ"

"အကြောင်းရှိလို့ပေါ့ဟာ"

"အေးလေ အဲဒီအကြောင်းက ဘာလဲ၊ နင်ကလည်း ပြောစရာ ရှိတာ ပြောစမ်းပါ"

"ငါ အခြောက်လိုပြောပြည့်မယ်၊ နင် တူမတူ အကဲဖြတ်ပေး"

ထူးဆန်းသော စကားတွေပြောနေသော ငွေကြယ့်ကိုကြည့်ပြီး ရွှေဝါ နားမလည်နိုင်။

"နင် မဟုတ်မှလွဲရော၊ Laurel မေပျိုဆီမှာ အခြောက်လိုပုံစံ လုပ်ပြီး အလုပ်သွားလျှောက်မလို့လား"

ရွှေဝါ့စကားကြောင့် ငွေကြယ် ဟတ်ခနဲရယ်လိုက်ပြီး. . .

"နင် မဆိုးဘူး. . ဉာဏ်မှီလာပြီ၊ စားသောက်ဆိုင်မှာ အရက် မူးသမားတွေကို ဖျော်ဖြေရမှာထက်စာရင် ငါ့ကိုယ်ငါ အခြောက်ပုံစံ လုပ်ပြီး အခြောက်တွေကြားထဲဝင်ပြီး အလုပ်လုပ်တာက ပိုပြီးလုံခြုံမှု ရှိမလားလို့"

ငွေကြယ့်စကားကြောင့် ရွှေဝါတဟားဟားဖြင့် အော်ရယ်တော့ သည်။

"အောင်မလေး ရွှေဉာဏ်တော် စူးရောက်လိုက်ပုံများ၊ သူများ မလုပ်တဲ့အလုပ်ကို နင်က လုပ်မယ်ဟုတ်လား"

ရယ်ပြောပြောနေသည့် ရွှေဝါ့စကားကြောင့် ငွေကြယ်ပါ လိုက် ရယ်လိုက်သည်။

မတတ်နိုင်ဘူးဟာ ငါ ကြံကြည့်ရမှာပဲ၊ ဒီခေတ်ယောကျ်ားတွေ က မိန်းမလိုဝတ်လိုက်ရင် တချို့ဆို အခြောက်လို့ကို မထင်ရအောင်ကို ချောတာဟ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ယောက်ျားလေးတွေက မိန်းမလိုဝတ်ပြီး အခြောက်ဘဝကို ခံယူတာလေ၊ နင်က မိန်းကလေးလေ အခြောက်ဘဝကို ခံယူစရာလိုလား၊ ဘာဖြစ်လဲ မိန်းကလေးလိုပဲ ရိုးရိုးသားသား ဝင်ကြည့်ပါ"

ရွှေဝါ့အကြံကို ငွေကြယ်လက်မခံ ခေါင်းဖြည်းဖြည်းခါရင်း. .

"အခြောက်တွေက မိန်းမတွေဆိုရင် သိပ်သဘောမကျတတ်ဘူးဟ၊ သူတို့ အခြောက်အခြောက်ချင်းပဲ တည့်ကြတာလေ၊ နောက်ပြီး သူတို့တွေက ယောက်ျားတွေဆိုရင် ပိုတောင်သဘောကျသေးတယ်"

ရွှေဝါ သိပ်လက်မခံချင်သလို မဲ့လိုက်ပြီး. . .

"နင့်အကြံကြီးက သိပ်ပြီးအဆင်မချောဘူး၊ အူကြောင်ကြောင်နိုင်သလိုပဲ၊ ယောက်ျားက အခြောက်ဖြစ်တာမဟုတ်ဘဲ မိန်းမက အခြောက်ဟန် ပြန်ဆောင်နေတယ်ဆိုတာ သူတို့သိသွားရင် နင်ဘယ်လိုရှင်းမလဲ"

"အေးအေးဆေးဆေး ထွက်လာရုံပေါ့ဟာ၊ သူတို့ မရိပ်မိခင်စပ်ကြားမှာ Laurel မေပျိုဆီက ပညာတွေကို ငါသင်ချင်တယ်၊ သူ့ဆီက ပညာကို ရပြီဆိုရင် သူများနဲ့အပြင်မှာ လုပ်စားလို့ရတယ်၊ သူ့တပည့်ဆိုပြီးတော့လေ. . ."

ရွှေဝါ မဲ့ကာရွဲ့ကာဖြင့်. . .

"ဟွန်း အကြံကတော့ ကြီးပ၊ အရှက်တွေ ကွဲမလာပါစေနဲ့လို့ပဲ ဆုတောင်းရမှာပဲ"

"အေးပါ. . အဲလိုပဲ ဆုတောင်းပေး၊ ဒီလုပ်ရပ်ဟာ ငါ့အတွက်တော့ စွန့်စားခန်းတစ်ရပ်ပဲ"

"အဲ. . ဒါနဲ့နေပါဦး၊ နင့်ရဲ့ရင်ဘတ်က ပြဿနာကိုရော ဘယ့်လိုရှင်းမလဲ"

ငွေကြယ့်ရင်အစုံကို လက်ညှိုးထိုးပြရင်း မေးသဖြင့်မေပျိုငုံ့



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်ပြီး ခစ်ခနဲ ရယ်လိုက်သည်။

"ငါက အဲဒါ အရင်ကတည်းက သိပ်မရှိတာ နင်တို့သိသားနဲ့၊ ရှိတာလေးကိုလည်း ဆေးထိုးလို့ရှိတယ်ဆိုပြီး ခွဲးလို့ရပါတယ်ဟာ၊ ဒီခေတ်အခြောက်တွေက တချို့ဆို ဖြတ်ဖောက်ချုပ်တောင် လုပ်ကြသေးတဲ့ဟာ၊ အဲဒီကိစ္စက ငါ့အတွက် သိပ်ပြီး ရှော့မရှိပါဘူး၊ စိတ်ချ သူတို့ယုံမှာပါ၊ နောက်ပြီး ငါက ဆံပင်ညှပ်ပညာနဲ့ မိတ်ကပ်ပညာကို နည်းနည်းတတ်ထားပြီးသားဆိုတော့ ဝင်ရလွယ်မှာပါ"

"အယ်. . နေဦး၊ နင့်မှတ်ပုံတင်ကရော နာမည်က မိန်းမကြီး လေ၊ ဓါတ်ပုံကလည်း မိန်းမပုံနဲ့"

"ငွေကြယ်ပါဟာ၊ မပိုင်ရင် ဘာမှမလုပ်ဘူး၊ ငါ ရန်ကုန် ထွက် လာကတည်းက ဆုံးသွားတဲ့ ငါ့အစ်ကိုရဲ့မှတ်ပုံတင် ပါလာတယ်လေ၊ သူနဲ့ငါက မောင်နှမချင်းမို့ ရုပ်ချင်းက ဆင်ပြီးသား၊ အလုပ်ဝင်ရင်လည်း ငွေကြယ်ဖြူနာမည်နဲ့ ဘယ်ဝင်မလဲ၊ ငါ့အစ်ကိုရဲ့ မှတ်ပုံတင်ထဲကနာ မည်နဲ့ လဝန်းမောင်ဆိုတဲ့နာမည်နဲ့ ဝင်မှာပေါ့"

စေ့စပ်သေချာသော ငွေကြယ်ဖြူ့ အကြံအစည်ကြောင့် ရွှေဝါ စိတ်မောလူမောဖြင့် သက်ပြင်းခပ်ဖျော့ဖျော့ချကာ. . .

"အင်းလေ. . နင် ဒီလောက် သေချာပြင်ဆင်ပြီးမှတော့ စမ်း ကြည့်လိုက်ပေါ့"

"အမလေး များတို့က အချဉ်တော့ မဟုတ်ဘူးနော်၊ ချော်တစ် ကောက်တွေလောက်ကို မော်တစ်ကောက်သွားမယ်၊ သောက်တစ် ကောင်မှ မကြောက်လို့ ပေတစ်ရာလျှောက်နေတဲ့ ကုဋေကုဋာ အ ခြောက်ဟဲ့၊ လာပြီး သွေးတိုးစမ်းမယ်တော့ မကြံနဲ့၊ ပါးနှစ်ခြမ်း ပြန်းပြန်း ကွဲအောင်ကို ရိုက်ပစ်လိုက်မှာ သိလား၊ လဝန်းတဲ့ တစ်ရှုံးတည်း ရှိတယ်၊ နှစ်ဝန်းရှိရင် ရေညှိနဲ့ရောပြီး ဆူရှိလုပ်စားပစ်လိုက်မယ် ဘာ



www.burmeseclassic.com

www.burmeseclassic.com



မှတ်လဲ”

အခြောက်မပုံစံကို ခြောက်ကပ်ကပ် အသံပြားပြားကြီးလုပ်ပြီး ဟန်ရေးပြနေသော ငွေကြယ်ဖြူဟန်ကိုကြည့်ပြီး ရွှေဝါ တဟားဟားဖြင့် ရယ်လိုက်သည်။

ဘယ်လိုပုံစံနဲ့ဖြစ်ဖြစ် အဆင်ပြေပါစေလို့ပဲ ဆန္ဒပြုပါတယ် သူငယ်ချင်းလေးရယ်. . .။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၂)

မျက်ခုံးကို ခပ်ထူထူပင့်ဆွဲထားပြီး မျက်နှာပေါ်တင်ထားသည့် ကာလာရောင်စုံတွေကြောင့် ငွေကြွယ်သည် ရိုးရိုးသားသားမိန်းကလေး တစ်ယောက်နှင့်မတူဘဲ တကယ့်အခြောက်မနှင့်ပင် တူနေသေးတော့၏။

"နာမည်က"

"လဝန်းပါရှင်. ."

"အရင်ကရော မိတ်ကပ်ပညာကို ဘယ်မှာသင်ခဲ့ဖူးလဲ"

"ရပ်ကွက်ထဲက ဂျွတ်စပွတ် မိတ်ကပ်ဆရာတွေဆီမှာလောက်



www.burmeseclassic.com

www.burmeseclassic.com



ပဲ သင်ခဲ့ဖူးတာပါ"

ဂျွတ်စပွတ်ဟူသော အသုံးအနှုန်းကို မေပျို သဘောကျပါသည်။ ရပ်ကွက်ထဲက ဂျွတ်စပွတ်ဆိုမှတော့. . မေပျို့ကို ဂျွတ်စပွတ် မဟုတ်ဘူးလို့ ပြောလိုက်တာနှင့် မတူဘူးလား. . ။

အခြောက်ဆိုပေမယ့် မိန်းမချောချောသော လဝန်းကို မေပျို မြင်မြင်ချင်း မျက်စိတွေ့တာတော့ အမှန်ပါ၊ အသံနေအသံထားက လည်း သိပ်ပြီးခြောက်ကပ်ပြာအက်မနေ၊ နားထောင်ကောင်းရုံလောက် သာ သြရှရှလေးမို့ လက်မခံနိုင်စရာမရှိ။

မေပျို့ လက်ရှိတပည့်တွေက ဆိုင်ခဲ့တွေမှာ တာဝန်ယူနေကြရ သည်မို့ မေပျို့နားမှာ လက်တိုလက်တောင်းခိုင်းဖို့ အကူတစ်ယောက် နှစ်ယောက်လောက်တော့ လိုသည်။ ယခု လက်ရှိကူနေသော ခေးခေး ကိုလည်း မေပျို သိပ်စိတ်တိုင်းမကျ၊ ဒီကောင်မက ပျိုတို့မောင်ကို ရှိတ် နေတာလေ၊ ဒါမျိုးတော့ မေပျို လုံးဝသည်းမခံနိုင်ပါ။

ထို့ကြောင့် ခေးခေးနေရာမှာ လဝန်းကို အစားထိုးရမည်။

"ဒါနဲ့ ညည်းက ဘယ်မှာနေတာလဲ"

"လှိုင်သာယာမှာလေ မမပျိုရဲ့"

"အမလေး အဝေးကြီးပဲ၊ ဒါဆိုရင်တော့ ညည်းဒီမှာပဲ နေရ မယ်ဆိုရင်ရော ဖြစ်ပါ့မလား"

"ဟယ်. . ပိုတောင်အဆင်ပြေသေး"

"ကောင်းပြီလေ၊ ဒါဆိုရင်တော့ မင်းကို အလုပ်ခန့်လိုက်ပြီလို့ သဘောထားလိုက်"

အလုပ်ခန့်လိုက်ပြီမို့ ငွေကြယ်စိတ်ထဲမှာ ထကချင်လောက် အောင် ဝမ်းသာသွားသည်။ ဒါဟာ ပထမအဆင့် အောင်မြင်တာပဲမို့ နောက်ထပ် အခြောက်ဟန်ဆောင်ဖို့ အိုက်တင်ကောင်းကောင်း ကျင့်



www.burmeseclassic.com

www.burmeseclassic.com



ထားမှ ဖြစ်တော့မည်။

"ဟော့. . ဒီမှာ ပြောနေတာကြားရဲ့လား"

"ရှန်. . "

"မင်းရဲ့ ဆံပင်ပုံစံကို ဒီထက်ဆန်းအောင် ပြင်ဆင်ရမယ်လို့ ခြေသလုံးမွှေးတွေရှိရင် ရိတ်ပစ်ရမယ်"

"အဟာစ်. . ခစ်. . ခစ်၊ မမကလည်း များက အမွှေးတုံးနေတာကြာပြီ၊ ခြေသလုံးမှာ ဘာမွှေးမှမရှိဘူး၊ ရိတ်ပစ်လွန်းလို့ကို တုံးသွားတာ၊ သိရဲ့လား၊ အမွှေးဆိုလို့ ကိုယ်ပေါ်မှာလေ ဟော့ဒီမျက်ခုံးမွှေးနဲ့ မျက်တောင်မွှေးနဲ့ ဆံပင်ပဲရှိတယ်"

"ဒါဆိုရင်ပြီးရော၊ Laurel မေပျိုရဲ့ တပည့်တွေက မိန်းကလေးနှုံးအောင် လှနေရမယ်၊ တော်သေးတာပေ့ါ၊ ညည်းလည်ပင်းမှာ ကြွက်ဒလုတ်မရှိလို့"

"ရှန်. . "

"ဩော်. . ယောကျ်ားတွေလို လည်ပင်းဇလုပ်မရှိဘူးလို့ ပြောတာ"

"အို. . ခစ်. . ခစ်. . ခစ်၊ မမကလည်း ရှိစရာလားလို့ လဝန်းတို့က မျိုးနဲ့ရိုးနဲ့ကို မရှိတာ"

အိုဗာဖြစ်လောက်အောင် ခြောက်ပြနေသော လဝန်း၏ အမူအယာကိုကြည့်ပြီး မေပျိုစိတ်ထဲမှ ကြိတ်ပြီး သဘောကျနေသည်။

"ဒီအခြောက်မကို သေချာပြင်ဆင်ပြီး ကိုယ့်ရဲ့ ညာလက်ရုံးဖြစ်အောင် လက်သပ်မွေးရမယ်"

အတွေးနှင့်အတူ ပျိုတို့မောင်အတွက် သတိပေးဖို့ စိတ်ကူးရသွားသည်။

"မင်းကို မှာထားစရာ ရှိတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ရှန်. . မှာပါမမ လဝန်းလေ မမချမှတ်တဲ့ စည်းကမ်းအတိုင်း လုံးဝလိုက်နာပါ့မယ်"

"တခြားတော့ မဟုတ်ပါဘူး၊ ဒီအိမ်မှာ တို့အရေးပေးရမယ့် ယောက်ျားရှိတယ်"

"ရှင်. . မ. . မမအမျိုးသားလားဟင်"

"ခုတော့ မဟုတ်သေးဘူး၊ ဒါပေမယ့် နောက်တော့ ဖြစ်လာလိမ့်မယ်"

"ဟုတ်. . ဟုတ်ကဲ့ ပြောပါ မမ"

"တခြားတော့ မဟုတ်ပါဘူး၊ မင်း သူနဲ့ ခပ်ခွာခွာလေး နေပေးပါ"

"သြော်. . ဟုတ်ကဲ့ပါ မမ၊ လဝန်းကလည်းလေ ယောက်ျားလေးတွေကို စိတ်မဝင်စားတတ်ပါဘူး"

"ဒါဆိုရင်တော့ အထူးမှာစရာ မလိုတော့ဘူးပေါ့၊ ကဲ. . မင်း ပြန်လို့ရပြီ၊ မနက်ဖြန် အထုပ်အပိုး ယူလာပြီး အလုပ်စဝင်ပါ၊ ငါ လက်ခံထားတဲ့ ပရောဂျက်တွေ တစ်ပုံကြီးမို့ မင်း ငါ့ကို ကောင်းကောင်းအကူအညီ ပေးနိုင်ပါစေ"

"ဟုတ်ကဲ့ စိတ်ချပါမမပျို၊ လဝန်းလေ မမပျိုရဲ့ တပည့်ကောင်း တစ်ယောက်အဖြစ် သင်ကြားသမျှကို အကုန်သင်ယူပါ့မယ်၊ ခိုင်းသမျှကိုလည်း တာဝန်ကျေကျေ လုပ်ပါ့မယ်လို့ ကတိပေးပါတယ်"

ရိုကြိုးစွာ နာခံသော ငွေကြယ်ဖြူကို အလုပ်ခန့်လိုက်သည့်အတွက် မေပျို ဘယ်တော့မှ နောင်တမရသည့် ပုံစံဖြင့် ခပ်ထည်ထည်ပြုံးကာ. . .

"ကဲ ပြန်လို့ရပါပြီ"

"ဟုတ်. . . ဒါဆို လဝန်း ပြန်တော့မယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ"

ပျော်ရွှင်စိတ်ကို မျက်နှာပိုးသတ်ကာ အခြောက်မကြီး မေယို့ ရှေ့မှ လဝန်း. . အဲ. . ငွေကြယ်ဖြူ ခပ်သွက်သွက် ထွက်ခဲ့လိုက်သည်။

အပြင်ရောက်မှ ပြင်ပမှ လေနုအေးကို တစ်ဝကြီး ရှူရှိုက်ရင်း မှုန်းကြုပ်နေသော ဘဝအမှန်းတစ်ချို့ ပြေသွားသလို ခံစားလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၃)

“အံ့မယ် ဒီမိန်းမ လန်းနေပုံရရင်တော့ အလှပြင်ဆရာမ ဆီမှာ အလုပ်ရလာပြီထင်တယ်”

သီချင်းလေး တအေးအေးဖြင့် အိမ်ထဲဝင်လာသော ငွေကြယ် ကို ရွှေဝါ လှမ်းမေးလိုက်သည်။

“ဒါပေါ့။ ခု သူမှား Laurel လဝန်း ဖြစ်သွားပြီနော်၊ မိန်းကလေး တွေရဲ့ အလှတရားကို ပန်းပွင့်လေးတွေဖြစ်အောင် ဖန်ဆင်းပေးမယ့် သူပေါ့ဟယ်”

အခြောက်တစ်ယောက်လို ဟန်လုပ်ပြောနေသော လဝန်းကို



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပြီး ရွှေဝါ တခစ်ခစ်ရယ်ရင်း. . .

"လဝန်းရယ် ငါ အခြောက်မြင်ရင် အရမ်းရယ်ချင်တာနဲ့ နင်က ငါ့ကို အခြောက်လိုလာလုပ်ပြနေတော့ အသည်းယားမိတာနဲ့ ဖက်နမ်းမိတော့မှာပဲဟယ်"

"အို. . အဟင့် သူများကို လာမကလိနဲ့နော်၊ ဒီက ငိချင်နေတာဟဲ့၊ ဟား. . ဟား. . ဟား. . ခစ်. . ခစ်. . ခစ်. . ခစ်"

လဝန်း သူ့ဟာသူလုပ် သရုပ်တူအောင် ပြောရင်းဖြင့် ခွက်ထိုးခွက်လန် အော်ရယ်လေတော့သည်။ လဝန်းရယ်တော့ ရွှေဝါပါ လိုက်ရယ်ရင်း ပျော်နေသော သူငယ်ချင်းလေးကိုကြည့်ပြီး ရင်မှာတစ်မျိုးတော့ စိတ်အေးရပါသည်။

ပုရိသတွေကြားထဲမှာ ငွေရှာရသည့် အလုပ်ထက်စာလျှင် မိန်းမဘာဝတွေကို တမင်ဖန်တီးယူထားသော မိန်မလျှာတွေကြားထဲမှာနေတာက ငွေကြယ့်ဘဝ လုံခြုံလိမ့်မည်။

"ငါ မနက်ဖြန်ကစပြီး သူတို့ဆီမှာ အလုပ်ဝင်ရတော့မယ်"

"ဟင်. . ငါတော့ နင်မရှိရင် ပျင်းတော့မှာပဲဟယ်"

အနေကြာလာသည့်အတွက် ညီအစ်မ သံယောဇဉ်က စွဲမြဲခိုင်ကျည်နေပြီမို့ ရွှေဝါ စိတ်မကောင်းပြန်. . . ။

"အင်းလေ. . ဘာပဲဖြစ်ဖြစ် နင်လိုချင်တဲ့ မိတ်ကပ်ပညာကို သင်ယူရမှာဆိုတော့ နင့်ရဲ့အိပ်မက်တွေကို အကောင်အထည် ဖော်ခွင့်တော့ ရတာပေါ့၊ ငါ နင့်အတွက် ဝမ်းသာပါတယ်"

တကယ်တမ်း ခွဲရတော့မည်ဆိုတော့ ငွေကြယ်လည်း စိတ်မကောင်းတော့ ဖြစ်မိတာပါ။

"နင်လည်း ဒီဘဝကနေ ရုန်းထွက်ဖို့ ကြိုးစားပါတော့ဟာ၊ ဖြစ်နိုင်ရင် နင့်ကို လက်ထပ်ခွင့်တောင်းနေတဲ့ နောင်ရဲ့ကို လက်ခံလိုက်



www.burmeseclassic.com

www.burmeseclassic.com



စေချင်တယ်ဟာ၊ သူက နင့်ဘဝ အစအဆုံးကိုသိပြီး အပြစ်မမြင်လို့ လက်ထပ်ခွင့်တောင်းတာမို့ မငြင်းသင့်ဘူးလို့ ငါထင်တယ်”

ရွှေဝါ မျက်ရည်ရစ်ဝဲကာ ပြုံးပြီး ခေါင်းညိတ်သည်။

“အင်းပါ ငါလည်း သူ့ကိုပဲ ဘဝလက်တွဲဖော်အဖြစ် ရွေးချယ်တော့မယ်လို့ ဆုံးဖြတ်လိုက်ပါပြီဟာ၊ အဲဒါ ဘာလို့လဲသိလား၊ ငါ့အနားမှာ နင်မရှိတော့လို့၊ ငါ့ဘဝကို အဲ့ဒီလောကထဲမှာ ဆက်ပြီးမရှင်သန်စေချင်တော့ဘူးလေ”

“ဟယ်. . တကယ် ငါဝမ်းသာလိုက်တာဟယ်၊ ဒါဆိုရင်တော့ ငါကိုယ်တိုင် ငါ့သူငယ်ချင်း သတို့သမီးလေးကို အလှဆုံးပြင်ပေးမယ်”

“အဟီး ဝမ်းသာလိုက်တာ၊ ငါ မိတ်ကပ်ဖိုး မကုန်တော့ဘူး”

သူငယ်ချင်းနှစ်ယောက် မျက်ရည်ကြားမှ ပြုံးတူရယ်လိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၄)

"ရော့ . . ဒါ ဒီနေ့ ရှုတင်ကို ယူသွား၊ အလှပြင်ပစ္စည်းစာရင်းအားလုံး အဆင်သင့်လုပ်ထားလိုက်"

"ဟုတ်ကဲ့မမ"

"ဪ . . ဒါနဲ့ ညည်းအဝတ်အစားစတိုင်လ်ကို ပြင်ရမယ်နော် ငါ့မျက်စိထဲမှာ သိပ်မလန်းဘူး၊ ကိုယ်တို့ အလှဖန်တီးရှင်တွေဆိုတာ ကိုယ်ကိုယ်တိုင် လှနေမှ သူများက ကိုယ့်ပညာကို ယုံကြည်မှုရှိမှာပေါ့လို့"

မေပျို့ရှေ့မှာ တမင်ဟန်လုပ်ပြီး ကန့်ကရနေရတာ ငွေကြယ့်



www.burmeseclassic.com

www.burmeseclassic.com



အတွက် သိပ်မသက်သာလှ၊ အသံကိုလည်း ပုံမှန်ထက်ပိုပြီး နွဲ့ရသည့်အတွက် လည်ချောင်းတွေပါ အစ်တစ်တစ် ဖြစ်နေရသည်မို့ စကားဖြင့် မထောက်ခံတော့ဘဲ ခေါင်းတဆတ်ဆတ်သာ ညိတ်ပြလိုက်သည်။

အဝတ်အစား ဒီဇိုင်းပြင်ဖို့ဆိုကာ မေပျို၏ ကိုယ်နေဟန်ထား ခပ်တောင့်တောင့်ကို ခြေဆုံးခေါင်းဆုံးကြည့်ပြီး

"ညည်းတစ်ကိုယ်လုံး ပေါင်းတင်ရမယ်"

မေပျို့စကားကြောင့် ရင်ထဲမှ ဒိန်းခနဲ ဆောင့်ခုန်သွားပေမယ့် တစ်ကယ်တမ်း ပြောဖြစ်သည်က. . .

"ဟယ်. . များက ရှက်တတ်တယ်၊ ခိ. . ခိ. . မျက်နှာလောက်ဆို တော်ပေါ့"

လက်ညှိုးထိပ်ကို အသာကိုက်ကာ ရှိုးတိုးရှန်းတန့်အမူအယာကို လိုတာထက်ပိုပြီး အိုဗာလုပ်ပြလိုက်သည်မို့ မေပျို့ထံမှ မျက်စောင်းတစ်ချက် ဝဲခံရပြီး. . .

"ဟွန်း. . ညည်းက ငါ့မို့လို့ မဟုတ်လား၊ ကဲပါ. . ခုလောလောဆယ်တော့ ညည်းအတွက် အချိန်လည်း မပေးနိုင်သေးပါဘူး၊ ကဲ. . သွား. . သွား. . ပြင်စရာရှိတာ ပြင်ဆင်ထားတော့"

"ဟုတ်. . "

ဆတ်ကော့လတ်ကော့ဟန်ဖြင့် မေပျို့နားမှ လျှောက်လာလိုက်ပြီး မေပျို့မြင်ကွင်းမှ ကွယ်သည်နှင့် အသက်ကို ခပ်ဝဝ တစ်ချက်ရှူထုတ်လိုက်ပြီး ရင်ဘတ်ကို အသာဖိထားလိုက်သည်။

ထိုစဉ် ဧည့်ခန်းထဲမှ မေပျို့အသံကို ကြားလိုက်ရသည်မို့ ဘယ်သူများ ရောက်နေသလဲဟု နားစွင့်လိုက်သည်။

"ဟယ်. . တို့မောင် အရမ်းမိုက်တယ်ကွယ်၊ ဒါကြောင့် ဒေါ်မှုက ခိုက်နေတာ သိလား၊ ခစ်. . ခစ်. . ခစ်"



www.burmeseclassic.com

www.burmeseclassic.com



"ကားမောင်း သင်ပေးမယ့်လူက မနေ့ကလည်း မလာဘူး ဒီနေ့လည်း မလာဘူး၊ ကျုပ်က ဘာလုပ်ရမှာလဲ"

ယောက်ျားတစ်ယောက် အသံမှို ဘယ်သူများလဲဟု သိချင်ပေမယ့် ကိုယ်နှင့်မဆိုင်သော အလုပ်မို့ စပ်စုမနေတော့ဘဲ အခန်းထဲသို့ လျှောက်လာလိုက်သည်။

ဘာပဲဖြစ်ဖြစ် ဒီနေ့မှ အလုပ်စဝင်သည်မို့ မေပျို အားကိုးရလောက်သည့် တပည့်ကောင်းဖြစ်အောင် ကြိုးစားရမည်။

ဒါမှ သူ့ဆီက မိတ်ကပ်ပညာတွေကို ငွေကြယ့်ကို အကုန်သင်ပေးမှာ. . .။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၅)

"ဟာယ်. . မင်းသမီးမျက်နှာမှာ မိတ်ကပ်တွေ ကွက်နေပါလား၊ ဟဲ့. . လဝန်း သွားစမ်း၊ မင်းသမီး မျက်နှာကို မိတ်ကပ်သွားဖို့ပေးလိုက်"

"ဟုတ်ကဲ့ မမ"

လဝန်း တိုပတ်ကလေးယူကာ မင်းသမီးဆီသို့ ကန့်ကလျ လျှောက်သွားပြီး. . .

"မမက အရမ်းလှတာပဲနော်၊ လဝန်းတို့ ဆရာမရဲ့ လက်ရာက လေ မမအလှကို ပိုပြီးတောက်ပသွားစေတယ် သိလား"



www.burmeseclassic.com

www.burmeseclassic.com



အားလုံးနှင့် အလိုက်အထိုက်ဖြစ်စေရန် ရိုက်ကွင်းပေါ်မှာ လဝန်း ဝင်ရောနေခြင်း ဖြစ်သည်။

"လဝန်းကလေ မင်းသမီးကို အရမ်းကြိုက်တာ၊ မင်းသမီး ထွက်သမျှကားတွေကို လုံးဝကို အလွတ်မပေးဘူး၊ အကုန်လုံးကို ကြည့်တာ"

နေအပူရှိန်ကြောင့် မင်းသမီးနဖူးမှာ စို့နေသော ချွေးစတို့ကို တစ်သျှူးနှင့် တို့ပေးပြီး မင်းသမီး သဘောကျစေသော စကားမျိုးကို ရွေးပြောပေးလိုက်သည်။

"လဝန်းကလည်း လှပါတယ်ကွယ်၊ မင်းသမီး လုပ်ပါလား၊ တကယ့် မိန်းကလေးနဲ့တူတယ်၊ ဓါတ်မသိတဲ့ သူဆိုရင်လေ၊ လဝန်းကို မိန်းကလေးလို့ပဲ မြင်ကြမှာ. ."

"ဟယ်. . တကယ်၊ လဝန်း တစ်ကယ်လှလို့လား"

"အင်း. . တကယ်ပြောတာ၊ လဝန်း အရမ်းလှတယ်၊ မေပို့ ဆက်တောင် လှသေး၊ ဒါပေမယ့် အရင်က တော်တော်လှတယ်၊ အခု သူ ကျမ်းမာရေး သိပ်မကောင်းတော့လို့ ပိန်သွားတာ"

"ဟင်. . မမမေပျိုက ကျန်းမာရေး မကောင်းဘူးလား"

"ဟုတ်တယ် အရင်ကထက် စာလျှင်တော့ ကျန်းမာရေး ချူချာ ဘယ်၊ ဟိုတုန်းကဆို နယ်ရိုက်ကွင်းတွေဆိုလည်း သူက ရှေ့ဆုံးကလေ၊ အရမ်းကို စိတ်သဘောကောင်းတယ်"

လူချစ်လူခင်ပေါသော မောက်မာစိတ်မရှိသော မမမေပျိုကို လဝန်းလည်း ခင်ပါသည်။

"လဝန်းရေ ရှုတင်ထမင်းလာပြီ၊ ထမင်းကဒ်တွေသွားယူပြီး ထမင်းနဲ့ဟင်း ယူလာခဲ့"

စကားကောင်းနေသောလဝန်း ရှုတင်ထမင်း ဝေနေရာသို့ လှမ်းကြည့်ရင်း. . .



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ မမ"

"လဝန်းတို့များ မေပျိုတို့က ဒါဆိုရင်ဒါ ဖင်ကို ပေါ့နေတာပဲကွာ"

ဒါရိုက်တာကြီး လဝန်းကိုကြည့်ပြီး အရွှန်းလုမ်းဖောက်သည်။ အားလုံးက လဝန်းကို မိန်းကလေးဟု ထင်မနေကြခြင်းဟာ လဝန်း၏ သရုပ်ဆောင် တော်ချက်ကြောင့်ဖြစ်သည်။ လဝန်းနှစ်သက်သော အနုပညာလောကထဲ ကျင်လည်ခွင့်ရသည့် ယခုအခြေအနေလေးကို လဝန်း သဘောကျပါသည်။

ဖြစ်ချင်သလို ဖြစ်ခွင့်မရခဲ့သောဘဝမှာ ကံကြမ္မာကပေးသည့် အခြေအနေလေးကို ကျေနပ်ရောင့်ရဲရမှာပင်။

"ဟော့. . လဝန်း ဘာ ဟင်းစားမှာလဲ၊ သြော် မေးနေတာကို မကြားဘူး၊ ဘာတွေတွေးနေပါလိမ့်"

ထမင်းဝေနေသော ဒေါ်ပြုံးအပြောကို လဝန်း ရယ်နေလိုက်သည်။ မှန်ထိုးမီးသမား ကိုလှဝေက. . .

"သူ့ဘဲ. . ဘဲလေးအကြောင်း တွေးတာနေမှာပေါ့"

"အဟီး. . ဟုတ်တယ်. . ဟုတ်တယ်၊ ဒေါ်ပြုံး ဘဲ. . ဘဲသား ဟင်း စားမယ်"

လဝန်း၏ အယောင်ယောင်အမှားမှား စကားကြောင့် အားလုံး ဝိုင်းရယ်လိုက်ကြသည်။

လဝန်း ရှက်ပေမယ့် မရှက်ချင်ဟန် ဆောင်နေလိုက်သည်။ အားလုံးအမြင်မှာ လဝန်းဟာ ရယ်စရာကောင်းသော သူများ လှောင် ပြောင်စနောက်ချင်စရာကောင်းသော အခြောက်မပဲလေ၊ ထူးပြီး ရှက် နေလို့မှ မရတာ။

"အေး. . အေး. . ဘဲသားရမယ်. . ဘဲသား"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ပြုံးပါ ရယ်ကာမောကာဖြင့် မယ်လမင်း ပန်းကန်လုံးလေးတွေထဲ တစ်ယောက်စာ ကြက်သားနှစ်ပန်းကန် ထည့်ပေး၏။ အသီးအရွက်ကြော်ကို လဝန်းစိတ်ကြိုက် ပန်းကန်တွေထဲ ပုံထည့်ပြီး မေပျို့နား လျှောက်လာလိုက်သည်။

မေပျို့နားမှ ယောက်ျားတစ်ယောက် ထွက်သွားသည်ကို လဝန်း တွေ့လိုက်သည်။

"မမမေပျို့ ဘယ်သူလဲဟင်"

"တို့မောင်လေ"

"ဪ . . သူက ဘယ်မှာနေလို့လဲ"

"အိမ်မှာနေတာလေ၊ တစ်ခါတစ်လေ လှည်းတန်းက အလှပြင်ဆိုင်မှာ မိချယ်မရှိလို့ ခဏသွားပြီး ဦးစီးခိုင်းထားလို့ အိမ်မှာမရှိတာ ဟိုတစ်ခါ ခပ်ခွာခွာနေခိုင်းတာ သူနဲ့ပေါ့"

သိပ်ထူးဆန်းသော အရာမဟုတ်သည့်အတွက် လဝန်း ဘာမှ ဆက်မေးမနေတော့ဘဲ။

"ရော့ . . မမ တခြားဟင်းတွေက ငါးတွေမို့ လဝန်း ကြက်သားပဲ ထည့်လာတယ်"

"လဝန်းပဲ စားလိုက်ပါဟယ်"

"ဟော့တော် . . . ဒါက ဘာဖြစ်ရပြန်တာတုန်းလို့ တကယ်ပဲ၊ ထမင်းစားချိန်ရောက်ရင် ထမင်းတော့ စားရမှာပေါ့"

အစ်မကြီးတစ်ယောက်လိုလေသံဖြင့် ပြောပြီး မေပျို့ရှေ့ကို ထမင်းပန်းကန်နှင့် ဟင်းပန်းကန် လှမ်းပေးသည်။

သွေးသားရင်းလို ဂရုတစိုက်ရှိလှသော လဝန်းကို ကြည့်ပြီး မေပျို့ရင်ထဲ နွေးထွေးသွားသည်။ ဘဝတစ်လျှောက်လုံး အထီးကျန်ဆန်ဆန်ဖြင့် ဖြတ်သန်းရသော အချိန်ကာလတွေမှာ မေပျို့မျက်နှာမှာ



www.burmeseclassic.com

www.burmeseclassic.com



ပျော်ရွှင်နေသည်ဟု ထင်ရလောက်အောင် ဖလန်းဖလန်းထနေပေမယ့် မေပျို့ကို ခုလို ဘေးကနေ ဂရုတစိုက် လုပ်ပေးမယ့်သူမရှိ။

တခြားတပည့်တွေအားလုံး လဝန်းလောက် အရိပ်အကဲ နားမလည်ကြ. . . ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၆)

ဒီနေ့ရှုတင်မှာ အချဉ်ပေါင်းတွေစားတာ များသွား၍ လဝန်း ဗိုက်တွေရစ်ပြီး နာနေသည်မို့ အိပ်ယာထဲမှာ လူးလှိမ့်၍နေသည်။

နာရီကြည့်တော့ ညဆယ်နာရီကျော်ခန့်ပင် ရှိနေပြီ။ ဗိုက်က ပို၍ ရစ်လာသည်မို့ လဝန်း ခုတင်ထက်မှာ ဆက်လှိမ့်နေ၍ မရတော့။

"အား. . ကျွတ်. . ကျွတ်. . ကျွတ် မရတော့ဘူး၊ သွားထုတ်မှ ရတော့မယ်"

ခုတင်ပေါ်မှဆင်းကာ အခန်းထဲမှ လိမ်ကျစ်လိမ်ကျစ်ဖြင့်ထွက် လာလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သန့်စင်ခန်းက ရေချိုးခန်းနှင့် ဆက်နေ၍ ရေချိုးခန်းဘေးမှ အိမ်သာမီးခလုတ်ကို ဖျောက်ခနဲဖွင့်ကာ အိမ်သာထဲ ကပျာကယာဝင်လိုက်သည်။

ညညဥ့်နက်နေပြီမို့ ဗိုက်ထဲမှ ရစ်မွှေနေသမျှကို ပုလဲဆိပ်ကမ်း ဗုံးကြဲသလို ကြဲပစ်လိုက်သည်။

ထိုအချိန်တွင် ရေချိုးခန်းထဲမှာ ရေချိုးနေသော ပျို့တို့မောင်မှာ တစ်ဖက်အိမ်သာထဲမှ လူကြားမကောင်းအောင် အစာဟောင်းတွေ စွန့်ထုတ်နေသော အသံတွေကြောင့် ရေချိုးနေရင်းမှ အော်ဂလီဆန်လာသည်။

"ဟာကွာ ဘယ်အခြောက်မ ဗုံးကြဲနေလဲ မသိဘူး၊ တိုးတိုးသက်သာ မလုပ်ဘူး၊ စောစောက ထမင်းစားထားတာတွေတောင် ပြန်အန်ထွက်ချင်လာပြီ"

ရေပန်းအောက်မှာ ရေစိမ်ချိုးနေသော ပျို့တို့မောင် စိတ်ပျက်စွာပြောရင်း ရေပန်းကိုပိတ်ကာ ဆပ်ပြာတိုက်လိုက်သည်။

မလွဲသာ၍သာ ဒီအိမ်မှာနေနေရတာ အခြောက်မတွေနှင့် ပတ်သက်ချင်တဲ့သူမဟုတ်။ ထိုစဉ် . . .

"အမလေး"

ရုတ်တရက် တံခါးဖွင့်သံနှင့်အတူ စူးစူးဝါးဝါးအော်သံကြောင့် ကျောကုန်းကြေးတွန်းနေရင်းမှ လန့်ပြီးခုန်ကာ အုတ်နံရံမှ ငုတ်တုတ်ပြေးကပ်လိုက်သည်။

"ဟော့ . . ဘာလို့ တံခါးလာဖွင့်ကြည့်တာလဲ၊ သူများရေချိုးနေတာကို"

"အို့ . . မဟုတ်တာ၊ ဒီက ခြေလက်ဆေးမှာမို့ ဘယ်သူမှမရှိဘူးထင်ပြီး တံခါးဖွင့်လိုက်တာ ဆောရီး . . ဆောရီးပါ"



www.burmeseclassic.com

www.burmeseclassic.com



လဝန်း တစ်ခါမှမမြင်ဖူးသော မြင်ကွင်းမို့ ရင်ထဲမှာ ဒိန်းခနဲ ဆောင့်ခုန်ကာ မျက်လုံးထဲ ပြာဝေသွားသည်။ ပါးစပ်ထဲမှာလည်း ပလုံးပထွေးဖြင့် တောင်းပန်လိုက်သည်။

မျက်နှာမှာ ဆပ်ပြာတွေနှင့်မို့ ဘယ်သူဘယ်ဝါဆိုတာ မသဲကွဲပေမယ့် ဒါဟာ မမမေပျို၏ မောင်ဖြစ်ရမည်။ ရှက်ရှက်နှင့် ဝရုန်းသုန်းကား လှည့်ပြေးလာမိ၍ ခြေလက်ပင် မဆေးခဲ့ရ။

ရေချိုးခန်းထဲမှ လူကိုလည်း လဝန်း တော်တော်လေးအားနာမိသည်။

ကိုယ့်ရဲ့ နမော်နမဲ့က နှစ်ယောက်စလုံးကို ထိတ်လန့်ရှက်ရွံ့သွားစေသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၅)

"တို့မောင်"

ဟော. . လာပြန်ပြီတစ်ယောက် သူတို့ ကိုယ့်ကိုစောင့်ကြည့်ပြီး တမင်များအိစီကလီ လုပ်နေရသလား။

"ဘာလဲ. . မေပျို ဘာခိုင်းမလို့လဲ"

"ဩော်. . ဘာမှမခိုင်းပါဘူး၊ အိပ်နေပြီလား လာကြည့်တာပါ"

"စောစောကလည်း ကျုပ်ရေချိုးနေတုန်း လာကြည့်သေးတယ် ဗျာ၊ လူကို ရှက်လိုက်တာမှ ပြောမနေနဲ့"

ပျိုတို့မောင် စကားကြောင့် မေပျို့မျက်လုံးလေး မှေးလပ်ပေ



www.burmeseclassic.com

www.burmeseclassic.com



ကလပ်ဖြင့် တအံ့တသြကြည့်ကာ. . .

"ဘယ်လို တို့မောင်ရေချိုးနေတာကို ဘယ်အဒ္ဓါမက လာကြည့်သွားလို့တုန်း၊ ဟယ်. . ချပ်ပြားမတွေ တွေ့မယ်"

ဘယ်လိုမှ သည်းမခံနိုင်သောမျက်နှာဖြင့် ပျိုတို့မောင်ကို အလောတကြီး မေးလိုက်သည်။

"ဘယ်သိမလဲ ကိုယ့်အရှက်ကိုယ် ဖုံးနေရတာနဲ့ ဘယ်လိုပုံလဲ၊ ဘယ်အဒ္ဓါမလဲဆိုတာတောင် သေချာမကြည့်လိုက်မိပါဘူး"

"ဟွန်း. . တွေ့မယ်တွေ့မယ်၊ ဒီလောက် အတန်တန်မှာထားတဲ့ကြားက သူတို့က မေပျိုလစ်တာနဲ့ တို့မောင်ကို လာချောင်းတယ်၊ မေပျို့ကို ဒါမျိုးလာကြောလို့ ဘယ်ရမလဲ၊ ကောင်မတွေ ဒီည ဒင်းတို့အိပ်လို့မရအောင်ကို မွှေပစ်မယ်"

ပျိုတို့မောင် အချောင်းခံရသည့်ကိစ္စနှင့် ပတ်သက်ပြီး မေပျို ဆွေ့ဆွေ့ခုန်မတတ် ဒေါသတွေဖြစ်နေသည်မို့ စကာဒ်ကိုစုံမကာ တပည့်မတွေရှိရာသို့ ထွက်သွားသည်။

တို့မောင်ကို ဘယ်လိုရှစ်မ သွားချောင်းတာလဲ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၈)

"ဂွဲ . . မှန်မှန်ဖြေကြစမ်း၊ ညည်းတို့ တို့မောင် ရေချိုးတာကို ဘယ်သူသွားချောင်းသလဲ"

မေပျို၏တပည့် အခြောက်မတွေအားလုံး သူတို့ ဘာမှမသိသည့်ပုံစံဖြင့် မျက်လုံးလေးတွေကိုယ်စီ ပေကလပ်ကာ ဒေါသဖြစ်နေသော မေပျို့ကို ဝိုင်းကြည့်နေကြသည်။

လဝန်းမှာတော့ အပြစ်လုပ်မိသူပီပီ ခေါင်းတောင်မဖော်ပဲ အောက်ကိုသာ တွင်တွင်ငုံ့ထားသည်။

"အပွန်း . . သူများတို့ ပြန်လာကတည်းက ကိုယ့်ဟာကိုယ်



www.burmeseclassic.com

www.burmeseclassic.com



အလုပ်တွေရှုတ်နေကြတာနဲ့ ယားလို့တောင် မကုတ်အားပါဘူးဟယ်၊ မမရဲ့ ဒင်လာကြီးကို ဘာကိစ္စ သွားချောင်းရမှာလဲ၊ လူကြားလို့တောင် မကောင်း၊ အထာပေးချင်ရင် ပေါ်တင်ပေးပစ်လိုက်မယ်၊ ဒါမျိုးတော့ အခြောက်သိက္ခာကျတယ်. . မလုပ်သေးဘူး"

"ဟုတ်တယ် များတို့လဲ မိချယ်လိုပဲ၊ နံပါတ်ချိတ်ပြီးသားကြီးကို တော့ သွားရည်မကျပါဘူး၊ ကိုယ့်ဟာကိုယ် အပြင်မှာ ဒီထက်လန်းတာ လေးတွေ မုန့်ဖိုးသုံးလေးသောင်းကုန်ရုံနဲ့ တွေ့နေရတာပဲ ဟာကို"

"အခြောက်တို့ကွန္ဓြေ ရွှေပေးလို့ မပြောနဲ့၊ စိန်တွေ ပတ္တမြား တွေ လာပေးရင်တောင် အပျက်မခံနိုင်ဘူး၊ မအေမွေးကတည်းက ဗိုင်း ကောင်းကျောက်ဖိလေး နေလာတာ၊ ဒီတောသားလောက်နဲ့ နံမည် အပျက်ခံမလားလို့၊ ကိုယ့်ညီမတွေကို အထင်စမော်လ်လိုက်တာ၊ ဟင်း ချောင်း. . မယ့်. . ချောင်း. . သူပဲ လာချောင်းရမှာ"

"တော်. . တိတ်. . ဟိုက နင်တို့ထက် သိက္ခာရှိတယ်ဟဲ့၊ သူ အချောင်းမခံရဘဲ ငါ့ကိုလီဆယ်ပြီး မပြောဘူး၊ ခုတော့ သူ့ခမျာ ရှက် လွန်းလို့ အိမ်ထဲ. . အဲ. . အခန်းထဲကတောင် မထွက်ဝံ့ဘူး၊ ဒီတော့ မှန်မှန်ဖြေကြ၊ မဖြေရင် ဒီတစ်လ လစာထဲက ငွေသုံးသောင်းစီ အကုန် လုံးနှုတ်မယ်"

ချယ်ချယ် ခြေဆောင့်၏။

"ဟွန့်. . သူများက ဘာမဆိုင်ညာမဆိုင် အနှုတ်ခံရမှာလားလို့ ဘယ်သူတရားခံလည်း စန်ခံလိုက်ကြပါလို့ တောင်းပန်ပါတယ်"

"သူ. . သူများ ဖွင့်ကြည့်မိတာပါ"

တစ်ယောက်တစ်ပေါက် ပြောဆိုနေကြရင်းမှ လဝန်းထံမှ မဒွံ့ မရဲ ဝန်ခံသံ ထွက်ပေါ်လာသည်။

"ဟင်. . "



www.burmeseclassic.com

www.burmeseclassic.com



"အမလေး အကြံကြီးလိုက်တာဟယ်"

"အေးလေ ရုပ်ကလည်း သနားကမားနဲ့ ထင်တောင် မထင်ရဘူး"

အားလုံး တစ်ယောက်တစ်ပေါက် ဝိုင်း၍ အပြစ်တင်ကြသည်။

လဝန်း ဒီထက်ပို၍ အထင်လွဲမခံချင်၍. . .

"အို. . မဟုတ်တာ၊ လဝန်း တမင်ချောင်းကြည့်တာမှ မဟုတ်တာလို့. . အီ. . အီးပါပြီးလို့၊ အဲ. . ကန်. . ကန်တော့နော်၊ လက်ဆေးမယ်ဆိုပြီး ရေချိုးခန်းတံခါးကို ဆွဲဖွင့်လိုက်တာလေးပါ"

နောက်ဆက်တွဲစကားလုံးကို ရင်တလှပ်လှပ်ဖြင့် မျက်လုံးအပြူးသား နားထောင်ချင်နေကြကာ. . .

BURMESE CLASSIC

"နောက်. . နောက်ပြီး ဘာ. . ဘာတွေ့လဲဟင်၊ ပြောစမ်း မြန်မြန်ပြောစမ်းပါဟယ်၊ အမလေး ရင်ထဲမှာတလှပ်လှပ်နဲ့"

ချယ်ချယ် ရင်ဘတ်ကိုဖိကာ အားမလိုအားမရ ဖြစ်နေသည်။

"အို. . ဘာတွေ့ရမှာလဲလို့"

လဝန်း မချိမဆန့် ပြန်ဖြေလိုက်သည်။ ညက ခန္ဓာကိုယ်မှာ ဘာမှမပါသည့် အနေအထားဖြင့် အုတ်နံရံမှာကပ်ပြီး ငုတ်တုတ်လေး ထိုင်နေသော ထိုယောကျ်ားပုံက မျက်စိထဲ ဖျတ်ခနဲ ပြန်ပေါ်လာသည်။

"ဒါဆို ရေချိုးခန်းထဲမှာ ဘာလုပ်နေလဲ သူက"

"ကဲ. . တော်လောက်ပြီ၊ မေးခွန်းတွေမေးပြီး ညည်းတို့ကို အင်တာဗျူး ဝင်ခိုင်းတာ မဟုတ်ဘူး၊ ညကအဖြစ်ကို မေးနေတာက ငါ၊ သိချင်နေတာက ငါ"

အားလုံး မျက်လုံး ပုတ်ကလပ်ပုတ်ကလပ်ဖြင့် ငြိမ်ကျသွားသည်။ လဝန်း မေပျို့ကို မရဲတရဲ မော့ကြည့်သည်။

"ကဲ. . ပြောလေ ရေချိုးခန်းထဲမှာ ဘယ်လိုပုံစံနဲ့တွေ့သလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ယုန်လေးတစ်ကောင်လို နံရံမှာ ပြေးကပ်လိုက်တာကို မြင်တာပါ"

နှိုင်းစရာရှား၍ ယုန်တစ်ကောင်နှင့် နှိုင်းလိုက်သည်။

"သူ. . သူက ညည်းကိုဘာပြောလဲ"

"ဟင်. . ဘာလို့ဝင်လာတာလဲဆိုပြီး ပြောပါတယ်"

"နောက်တော့ရော"

"လဝန်းလည်း ရှက်ရှက်နဲ့ လှည့်ပြေးလာခဲ့တာပါပဲ"

"ဗလရော တောင့်ရဲ့လားဟယ်"

အခြောက်မတစ်ယောက် ထပ်မေး၍ လဝန်း ခေါင်းခါပြလိုက်သည်။

"ဟယ်. . ပိန်ပိန်သေးသေးလေးပေါ့၊ ဟုတ်လား. . "

"ဘာကိုလဲ"

"body လေ"

"ဩော်. . ဒါတော့ သေချာမကြည့်မိခဲ့ပါဘူး"

"ကဲ. . တော်ကြတော့၊ သူတောင့်တောင့်မတောင့်တောင့် နင်တို့သိစရာ မလိုဘူး၊ ဒါပဲနော်. . ငါ ဒုတိယအကြိမ် ထပ်မှာလိုက်မယ်၊ သူနဲ့ ခပ်ဝေးဝေးနေကြ၊ နောက်ထပ် ဒီလိုပြဿနာမျိုး အလားတူ ထပ်ဖြစ်မယ်ဆိုရင် အိမ်ပေါ်ကနေ ကင်းမြီးကောက်ထောင်ပြီး ဆင်းရမယ်၊ ဒါပဲ အားလုံးသွားလို့ရပြီ"

"ဟုတ်. . ဟုတ်ကဲ့"

လဝန်းကလွဲပြီး အခြောက်မတွေအားလုံး အလျှိုအလျှို ထွက်သွားကြသည်။

လဝန်း မေပျို့နားကပ်ကာ. . .

"တောင်းပန်ပါတယ် မမ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကိုလည်း"

"မမ မကြိုက်တာ ဖြစ်သွားလို့လေ"

"နောက်မဖြစ်အောင် သတိထား၊ သူက ညည်းတို့အားလုံးနဲ့ ဘာမှသက်ဆိုင်လာမှာ မဟုတ်ဘူး၊ ငါကိုယ်တိုင် တောထဲက ကောက်ရလာတဲ့ မိုးကျရွှေကိုယ်လေး"

"ဟုတ်ကဲ့ပါ. . မမ"

"အေး. . ဒါဆို သွားလို့ရပြီ"

"ဟုတ်. . ဒါ. . ဒါဆို. . လဝန်း. . သွား. . သွားအိပ်တော့မယ်နော်"

လဝန်းနှုတ်ဆက်ပြီး အခန်းပြန်လာလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၁၄)

ရှက်စိတ်ကြောင့် ထင်သည်။ ပျိုတို့မောင် တော်တော်နှင့် အိပ်မရ။ ဒေါ့အပြင် ဘွားခနဲပေါ်လာသော အခြောက်မရဲ့ မျက်နှာမျိုးကိုမြင်ပြီး ငွေကြယ့်ကို သတိရမိသည်။

ကိုယ့်ချစ်သူ ရန်ကုန်ရောက်နေပြီဆိုတာ ငွေကြယ်သိလျှင် ပျော်နေမလား၊ ဒါမှမဟုတ် အသစ်တစ်ယောက် တွဲနေပြီမို့လို့ စိတ်အနှောင့်အယှက် ဖြစ်နေမလား။

"ဗျူး. . စိတ်ပျက်လိုက်တာ၊ လစာသုံးသိန်းမက်ပြီး ဒီနေရာကိုလိုက်လာမိတာ၊ မှားပြီထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com


တစ်ယောက်ထဲ စိတ်ပျက်စွာ ညည်းတွားရင်း ကုတင်ပေါ် စိတ်ပျက်လက်ပျက် လှဲချပစ်လိုက်သည်။

"ဒေါက်. . ဒေါက်. . ဒေါက်"

တံခါးခေါက်သံကြောင့် ကျွတ်ခနဲ စုတ်သတ်လိုက်သည်။

"ဟာ. . လာပြန်ပြီဟ၊ ဘယ်သူပါလိမ့်"

လှဲအိပ်နေရာမှ စိတ်ပျက်လက်ပျက်ထကာ အခန်းတံခါးကို ဖွင့်ပေးလိုက်သည်။

"အိပ်တော့မလို့လား၊ တို့မောင်"

"ဪ. . အင်းလေ ဒီအချိန်က အိပ်ချိန်ပဲ"

သူများစိတ်တွေ အရမ်းမွန်းကျပ်လို့လေ၊ အဲဒါ ကန်ဘောင်ပေါ် သွားချင်လို့ လိုက်ပို့ပေးပါလား"

စိတ်ထဲမှာ စိတ်ပျက်စွာ ညည်းတွားလိုက်သည်။ သို့သော် လိုက်မပို့ပါဘူးဟု ငြင်း၍မရ၊ သူခိုင်းသမျှလုပ်ဖို့ ကိုယ်က လစာသုံးသိန်း တောင် ယူထားသည့်အပြင် ကားကလည်း မောင်းတတ်နေပြီမို့. . .

"အင်း. . သွားလေ လိုက်ပို့ပေးမှာပေါ့"

"ဒါဆိုရင် ကားထုတ်ထားလိုက်နော်၊ မေပျို ပြီးရင် ဆင်းလာခဲ့မယ်"

"ကောင်းပြီ"

မေပျို့မျက်နှာမှာ ကျေနပ်ရိပ်တွေဖြင့် ပျိုတို့မောင်ကို ရွှန်းရွှန်းစားစားကြည့်ပြီး အခန်းရှေ့မှ လှည့်ထွက်သွားသည်။

"ဟာကွာ. . ဒီည အိပ်ရပါတော့မလား၊ ငါ့နှယ်ကွာ"

ကိုယ့်နဖူးကိုယ် ခပ်နာနာရိုက်ကာ စွပ်ကျယ်အကျႌချိုင်းဖြတ် ဝတ်ထားသော ကိုယ်ပေါ်သို့ ရှပ်အကျႌတစ်ထည်ယူပြီး ကောက်စွပ်လိုက်သည်။


www.burmeseclassic.com

www.burmeseclassic.com



ကားသော့ယူကာ ဂိုဒေါင်ဘက်သို့ စိတ်မပါသော ခြေလှမ်းဖြင့် လျှောက်လာလိုက်သည်။ ညသည် သစ်ပစ်သစ်ကိုင်းတို့ကြားမှ လရောင်ဖြာကျလျက်ရှိ၍ ပတ်ဝန်းကျင်ကို မသဲမကွဲတော့ မြင်နေရသည်။

"အေးပါ. . ငါ ခုလောလောဆယ်တော့ အဆင်ပြေပါတယ်ဟယ် ဒီလိုပဲ၊ အခြောက်မပုံစံမျိုး ဟန်လုပ်နေရတာဆိုတော့ ငါ့အတွက်နည်းနည်းတော့ စိတ်ကျဉ်းကျပ်တယ်ဟ"

ခပ်တိုးတိုးပြောနေတာ ဆိုပေမယ့် ပြောနေသော စကားလုံးအကြောင်းအရာတွေ သဲကွဲနေသည်မို့ ပျိုတို့မောင် အသံလာရာကို နားစွင့်လိုက်သည်။

သေချာပြီ။ ထိုအသံသည် ဂိုဒေါင်ဘေးရှိ ယုဇန ပန်းခြုံဘေးမှ လာသောအသံဖြစ်သည်။

စကားပြောဟန် လေယူလေသိမ်းက အခြောက်လေယူလေသိမ်းမျိုးမဟုတ်ဘဲ သာမန်မိန်းကလေးတစ်ယောက်၏ လေယူလေသိမ်းမို့ ပျိုတို့မောင် စိတ်ဝင်စားသွားသည်။

သူဘယ်သူလဲ၊ ဒီအိမ်မှာ မိန်းကလေးတစ်ယောက်မှမရှိ၊ အလုပ်ဖန်တီးရှင်တွေမှအစ အိမ်ဖော်အဆုံး အားလုံးဟာအခြောက်တွေချည်းပဲ။ အခြောက်တွေကြားထဲ နေနေရသည့် ကိုယ့်ကိုယ်ကိုယ်တောင် တစ်ခါတစ်ရံမှာ လိပ်ပြာမလုံ ဖြစ်မိသည်။

သိချင်စိတ်ဖြင့် ကားထုတ်ရန် ဂိုဒေါင်တံခါးကို မဖွင့်သေးဘဲ အသံခပ်အုတ်အုတ် ထွက်နေသောနေရာသို့ ခြေသံလုံလုံနင်းပြီး လျှောက်သွားလိုက်သည်။

"ဟဲ့. . ငါ့ဆီလာလည်ရင် လဝန်းနော်၊ ငွေကြယ်ဖြူ မဟုတ်ဘူး သိလား၊ ငါနဲ့တန်းတိုးရင် ကိစ္စမရှိဘူး၊ တခြား အခြောက်မတွေနဲ့ တန်းတိုးရင် ငွေကြယ်လို့သွားမေးရင် အလိမ်တွေပေါ်ကုန်မယ်"



www.burmeseclassic.com

www.burmeseclassic.com



ငွေကြယ်ဆိုသော နာမည်ကြောင့် ပျိုတို့မောင် မျက်ခုံးနှစ်ဖက် မြင့်တက်သွားသည်။

သူ့ချစ်သူ ငွေကြယ်များလားဆိုသည့်အတွေးက ဝင်သွား၍ လူက စိတ်လှုပ်ရှားသွားသည်။

ဖုန်းပြောနေသော သူထံသို့ သွားကာ ပုခုံးနှစ်ဖက် ကိုင်လှည့်ပြီး ငွေကြယ်ဟုတ်မဟုတ် ကြည့်ချင်စိတ် ပြင်းပျလာသည်။

"တို့မောင်. . တို့မောင်ရေ၊ ကားမထုတ်ဘဲ ဘာလုပ်နေလဲလို့"

မေပျို့အသံကြောင့် တတွတ်တွတ် ဖုန်းပြောနေသံ တိခနဲရပ်သွားသည်ကို ပျိုတို့မောင် သတိထားမိသွားသည်။ ချက်ချင်း နောက်ကိုလှည့်က. . .

"ဩော်. . ထုတ်မလို့လေ၊ သော့တွေကများလို့ လရောင်အောက်မှာ ဘယ်သော့ချောင်း ဖြစ်မလဲဆိုတာ ရွေးနေလို့ မဖွင့်ဖြစ်သေးတာ"

"ဩော်. . ပေးလေ၊ မေပျို ဖွင့်ပေးမှာပေါ့. ."

"ရတယ်. . ရတယ်. ."

"အို. . ပေးပါလို့ သူများဖွင့်ပေးမှာပေါ့"

ပျိုတို့မောင်လက်ထဲမှ သော့ကို လှမ်းယူရင်း မေပျို၏ မျက်နှာက ပျိုတို့မောင်၏ ရင်ဘတ်ထဲ အတင်းတိုးဝင်နေသည်။

ပျိုတို့မောင် နောက်ဆုတ်၍ ရှောင်လိုက်သဖြင့် ပန်းအိုးနှင့် တိုက်မိကာ ဂိုဒေါင်ဘေးရှိ ယုဇနပန်းခြုံဘေးသို့ လဲကျသွားသည်။ တစ်ယောက်ထဲလဲကျခြင်းမဟုတ်၊ မေပျိုနှင့် နှစ်ယောက်သား လုံးထွေးပြီး လဲကျခြင်းဖြစ်သဖြင့် ဝုန်းခနဲအသံနှင့်အတူ ငွေကြယ့်ထံမှ ဒေါင်မလေးဟူသောအသံပါ ရုတ်တရက် ထွက်လာသည်။

"ဟင်. . ဘယ်သူလဲ. . ဘယ်သူလဲ"



www.burmeseclassic.com

www.burmeseclassic.com



ပျိုတို့မောင်ကိုယ်ပေါ်မှာ လဲကျနေသော မေပျိုမှာ ငွေကြယ်၏ အထိတ်တလန့်အော်သံကြောင့် အတင်းကုန်းရုန်းထကာ အသံထွက်ပေါ်လာသော ငွေကြယ့်ထံသို့ ပန်းခြံကြားထဲမှ အတင်းတိုးဝင်လာပြီး

"ဘာကြောင့် ဂိုဒေါင်ဘေးကို ရောက်နေရတာလဲဟင်၊ ဘာတွေကြံစည်နေလဲလို့ ငါ့ကိုပြောစမ်း၊ အမလေး အရပ်ကတို့ရယ်၊ သူ. . သူလျှိုများလားမသိပါဘူး၊ လာ. . လာစမ်း၊ ညည်းဒီမှာ ဘာလုပ်နေတာလဲဆိုတာ မှန်မှန်ပြော၊ မပြောရင် ရဲလက်ကိုအပ်မယ်"

ခြိမ်းခြောက်စကားဆိုရင်း လဝန်း၏လက်ကို မလွတ်တမ်းဆုပ်ကိုင်ပြီး ဂိုဒေါင်ရှေ့ကို အတင်းဆွဲခေါ်သည်။

"ပြော. . ပြောစမ်း. . ညည်း အဲဒီအမှောင်ထဲမှာ"

ပြောလက်စ စကားကိုရပ်ပြီး တစ်ခုခုကို သတိရသွားဟန်ဖြင့် ပျိုတို့မောင်ကို ဖျတ်ခနဲ လှမ်းကြည့်လိုက်သည်။

"မ. . မဟုတ်မှလွဲရော၊ ညည်း တို့မောင်နဲ့လာပြီး ချိန်းတွေ့နေတာလားဟင်"

"ဟင့်အင်း. . ဟင့်အင်း. . မဟုတ်ရပါဘူးမမရယ်၊ လဝန်းလေ သူငယ်ချင်းနဲ့ ဖုန်းလာပြောနေတာပါ၊ ဒီကမမရဲ့ မောင်လေးကို ဘာကြောင့်လာတွေ့ရမှာလဲ"

ညအမှောင် လရောင်အောက်မှာမို့ လဝန်း ပျိုတို့မောင်ကို သဲကွဲစွာ မမြင်ရ။

"ညည်းမလိမ်နဲ့"

"အို. . လိမ်စရာလားလို့ တစ်ကယ်ပါ မမရယ်"

"မဟုတ်တာတွေ လျှောက်မပြောနဲ့၊ ကျုပ်က ခင်ဗျားတပည့် အခြောက်မတွေနဲ့ ဘာလို့ လာတွေ့စရာလိုလဲ၊ ဂိုဒေါင်တံခါးဖွင့်ပြီး ကားလာထုတ်တာ၊ ခင်ဗျားပဲ ညသန်းခေါင်ကျော်ကြီး လျှော်ချင်



www.burmeseclassic.com

www.burmeseclassic.com



လို့ဆို”

အလုပ်ရှင်ဆိုပြီး ရိုကျိုးမနေဘဲ၊ လဝန်းရှေ့မှာပင် ခပ်ထန်ထန် ဟောက်ပစ်လိုက်သည်။ မေပျို ငြိမ်ကုတ်သွားသည်။ လဝန်းကို အပြစ်ပြောသမျှ ပျိုတို့မောင်ကိုတော့ ဘာမျှပြန်မပြောရဲ. . .။

“ဒါဆို သူနဲ့ စကားပြောနေတာ မဟုတ်ဘူးပေါ့”

“မဟုတ်ဘူး”

သံပြတ်ဖြင့် ပြောလိုက်သည်။

မေပျို လဝန်းဘက်လှည့်ကာ. . .

“ညည်းက ဘယ်သူနဲ့ စကားပြောနေတာတုန်း”

“သူငယ်ချင်းနဲ့ပေါ့၊ မယုံရင် ဖုန်းနံပါတ်ကိုကြည့်”

“ဒါဆို ဒီချောင်ထဲ ဘာပြောစရာရှိလဲ”

“ဖုန်းလိုင်းမမိလို့ လျှောက်လာရင်းနဲ့ ဒီခြုံကွယ်နား ရောက်နေတာပါ”

“အေး. . ဒါဆိုရင်ပြီးရော သွားတော့”

“ဟုတ်ကဲ့. .”

အခွင့်အရေးရတုန်း မေပျို့ရှေ့မှ လဝန်းလစ်ထွက်လာခဲ့သည်။ အရှိုးကောင်းသဖြင့်သာ. . အလိမ်တွေပေါ်ဖို့ သီသီလေး လွတ်ခဲ့ခြင်းဖြစ်သည်။

“ဟွန်း. . ဆပ်စလူးမတွေကို ထိန်းရတာ တကယ်ကို မသက်သာဘူး”

မေပျို့ အပြစ်တင်သံကိုကြားပေမယ့် လဝန်း ဂရုမစိုက်နိုင်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၀)

ပျိုတို့မောင်စိတ်တွေ ဒီညတစ်ညလုံး ဂဏှာမငြိမ် ဖြစ်ရှိနေသည်။

လဝန်းဆိုသည့် အခြောက်မက ဘာကြောင့် ငွေကြယ်ဆိုသောနာမည်အားဖုံးကွယ်ပြီး လဝန်းအဖြစ်နဲ့ ဒီမှာနေနေရတာလဲ။ လဝန်းဟာ ငွေကြယ်ဖြူများ ဖြစ်နေမလား။

တွေးရင်းဖြင့် ပျိုတို့မောင် လဝန်းကို နောက်တစ်ကြိမ် ထပ်တွေ့ချင်လာသည်။

ရေချိုးခန်းတံခါး လာဖွင့်စဉ်ကတည်းက လျှပ်တစ်ပြက် မြင်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ရသော လဝန်းအပေါ်မှာ ခံစားမှုတစ်မျိုး သက်ရောက်ခဲ့ပြီး ငွေကြယ် ဖြူများလားဟု တွေးခဲ့မိသေးသည်။

အတွေးများသည် ညနှင့်အတူ နက်သထက် ပို၍နက်လာသည်။ ငွေကြယ့်ကို တွေ့ချင်စိတ်တွေသည် ခါတိုင်းရက်တွေထက်ပို၍ ဆန္ဒတွေ ပြင်းပြလာသည်။

ငွေကြယ်နှင့် အနီးမှာရှိနေသလို ခံစားမှုတွေက နွေးထွေးနေသည်။ ရန်ကုန်ကို လိုက်လာရခြင်း၏ အဓိကက ရည်ရွယ်ချက်ကလုံးဝ အဆက်အသွယ် ပြတ်တောက်သွားခဲ့သောချစ်သူကို ရှာဖို့ဖြစ်သည်။

ရင်ထဲမှ မရှင်းမလင်းဖြစ်နေသော ပုစ္ဆာတစ်ပုဒ်အတွက် လဝန်းဆီသို့ ခုချက်ချင်းပင် ဒုန်းစိုင်းပြီး သွားမေးလိုက်ချင်သောစိတ်က ရုတ်တရက်ဖြစ်ပေါ်လာပြီး ရင်မှာဂဏှာမငြိမ် ဖြစ်နေမိသည်။

အကယ်၍ လဝန်းဟာ ငွေကြယ်ဖြစ်ခဲ့မည်ဆိုလျှင် ဘယ်လိုပုံစံနှင့် ရှေ့ဆက်သွားကြရပါ့မလဲ။

ခုချိန်မှာ ငွေကြယ်ရော ကိုယ်ရော မေပျို၏ အလုပ်သမားအဖြစ် ရှိနေကြသည့်အချိန်မှာ ချစ်သူနှစ်ဦးအဖြစ် ဗြုန်းခနဲ ပြန်တွေ့ကြလျှင် ရင်မှာအပျော်တွေကလွှဲပြီး အစီအစဉ်တကျ မဖန်တီးနိုင်သေး။

သက်ပြင်းခပ်မှျင်းမှျင်းချကာ မျက်လုံးတို့ကို စွတ်မှိတ်လိုက်သည်။

အာရုံထဲမှာ ငွေကြယ်နှင့်အတူ ပျော်ခဲ့သည့်အတိတ်က ပုံရိပ်တွေ ပြန်လည်ထင်ဟပ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၁)

"ရန်ကုန်ကို မသွားဘဲနေလို့ မရဘူးလား ငွေကြယ်ရာ"

နောက်ဆုံးအကြိမ်အဖြစ် တားလိုက်မိခြင်းပါ။

"မသွားဘဲနေလို့တော့ ရတာပေါ့ မောင်ရယ်၊ ဒါပေမယ့် မိသားစုရဲ့ တာဝန်ဝတ္တရားက ငွေကြယ့်ပုခုံးပေါ် ရောက်လာပြီလေ၊ ရန်ကုန်မှာ ငွေသွားရှာမှ အဆင်ပြေမှာ ဒီမှာဆိုရင် တိုးတက်မှာမဟုတ်ဘူး"

"လူ့ဘဝဆိုတာ တိုတိုလေးပါ ငွေကြယ်ရယ်၊ ဘာလို့ လောဘတွေ ကြီးနေတာလဲ၊ ကိုယ့်ရွာမှာထက် ဘယ်လိုနေရာက ကိုယ့်အတွက် ပိုပြီး လုံခြုံမှုပေးနိုင်မလဲ"



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူကို အနားမှ ခွဲမသွားစေချင်၍ စိတ်ပြောင်းသွားစေမည့် အကြောင်းအရာတွေကိုပဲ ရွေးပြောနေမိသည်။ တစ်ကိုယ်ကောင်းဆန်တာတော့မဟုတ်။

ကိုယ့်မမြင်ကွယ်ရာမှာ သိပ်လှတဲ့မိန်းမတစ်ယောက် ငွေအတွက် ရုန်းကန်နေရသည့်အဖြစ် . . တွေးကြည့်ရုံနှင့်တင် စိတ်မချနိုင်။

ရန်ကုန်တက်ပြီး စီးပွားရှာမည်ဆိုသည့် မျှော်လင့်ချက်ဖြင့် ငွေကြယ့်မျက်နှာသည် ခါတိုင်းနေ့တွေထက် ပို၍တောက်ပနေသည်။

သူ့ရင်ထဲမှာ ချစ်သူနှင့် ခွဲရမည်ဆိုသည့် အသိစိတ်ကြောင့် နည်းနည်းလေးပင် မခံစားရဘူးလား။

"ငွေကြယ် ပျော်နေလား"

"ဘာကိုလဲ"

"မောင်နဲ့ ခွဲရမှာကိုလေ"

"ရော် . . ကြည့်၊ ဘယ်သူကတော့ ပျော်မှာလဲ၊ ဒါပေမယ့် ခဏတော့ သည်းခံရမှာပေါ့ မောင်ရာ၊ ခု ခဏခွဲနေရပေမယ့် တစ်ချိန် . . တစ်သက်လုံး အတူတူနေရတော့မှာလေ"

"အဲဒီအချိန် ဘယ်တော့ရောက်လာမလဲဆိုတာကို ငွေကြယ် သိလို့လား"

"ကြိုမသိနိုင်ပေမယ့် မောင်နဲ့ လက်ထပ်ရမယ့်သူဟာ ငွေကြယ် ဖြစ်သလို ငွေကြယ်နဲ့ လက်ထပ်ရမယ့်သူကလည်း မောင်ပဲလေ"

"ကံကြမ္မာကို ငွေကြယ် ယုံလား"

"စိတ်က ဖြစ်ရမယ်လို့ ပြင်းပြတဲ့စိတ်ရှိရင် ဖြစ်ရမယ်ဆိုတာ မောင်လည်း သိနေတာပဲ၊ လူဆိုတာ စိတ်ကူးတွေ မျှော်လင့်ချက်တွေနောက်ကိုလိုက်ပြီး ကိုယ့်ဘဝကိုယ် ရှင်သန်ကြရတာပဲ မဟုတ်ဘူးလား။ အရာရာကို ယုံကြည်စိတ်ထားစမ်းပါ မောင်ရယ်၊ ကြည့်ပြီး မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



ကြီးက ပြုတော့မယ့် မိုးလိုပဲ ငွေကြယ်သွားမှာကို စိတ်မဖြောင့်အောင် မလုပ်ပါနဲ့”

ပါးနှစ်ဖက်ကို ခပ်ဖွဖွဆွဲကာ ချွေးသိပ်နေသော ငွေကြယ့်မျက်နှာကို နှမျောတသစွာ ကြည့်လိုက်သည်။ ပြီးနောက် ခပ်တင်းတင်း ဆွဲပွေ့လိုက်ပြီး. . .

အနမ်းတွေ တရစပ် ချွေလိုက်သည်။

“အို့. . လွှတ်ပါ၊ လွှတ်ပါလို့”

“ဟင့်အင်း. . မလွှတ်ဘူးကွာ ချစ်တယ်၊ ခုလိုလေး တစ်သက်လုံး ဖက်ထားချင်တယ်”

အနမ်းတွေ မွှတ်သိပ်စွာ နမ်းရှိုက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၂)

"အို လွှတ်ပါ တို့မောင်ရယ်၊ ပါးကြီးလည်း ပေါက်ထွက်ကုန်ပါဦးမယ်လို့၊ ခိ. . ခိ. . ခိမေပျိုကလည်း တို့မောင်ကို ချစ်ပါတယ်၊ အဟင်း. . ဟင်း. . ရွှတ်. . ရွှတ်. . ရွှတ်"

ပါးကို တရွှတ်ရွှတ်နမ်းနေသော အထိအတွေ့နှင့် အသံ ပြာတာတာကြောင့် ငွေကြယ့်အသံ ဘယ်လိုကြီး ဖြစ်သွားတာပါလိမ့်ဟု တွေးကာ မျက်လုံးတို့ ဖွင့်ကြည့်လိုက်သည်။

"ဟင်. ."

ရောင်စုံမျက်နှာနှင့် မေပျိုက သူ့ရင်ခွင်မှာ တိုးဝင်နေပြီး ပါးကို



www.burmeseclassic.com

www.burmeseclassic.com



နမ်းနေသည်။

"ဒါ. . ဘာလုပ်တာလဲ၊ ဘာကြောင့် ငါ့ကို နမ်းရတာလဲဟင်"

ဒေါသဖြစ်လွန်းသည်မှာ ပြောဖွယ်ရာမရှိ၊ ငွေကြယ်နှင့် ကြည်နူးနေရသည့် ကြည်နူးခန်းလေးတွေပင် အစရှာလို့ မရတော့လောက်အောင် မေပျို့မျက်နှာ ပြီတီတီကြီးက အော်ဂလီဆန်ချင်စရာ။

"ကြည့်. . သူပဲ သူများကိုအတင်းစဖက်ပြီး တရွတ်ရွတ်နမ်းနေပြီးတော့၊ ဒါကြောင့် သူများကလည်း ပြန်နမ်းတာပေါ့လို့"

"ဟာ. . ကျုပ်က ဘာလို့နမ်းရမှာလဲ. . အိပ်မက်မက်နေတာ၊ အိပ်မက်ထဲမှာ ကျုပ်ချစ်သူနဲ့ကျုပ် ကြည်နူးနေတာ၊ ခင်ဗျားကြောင့်တော့ ပျက်ပါပြီ"

မေပျို့မျက်နှာ ညိုးသွားသည်။ ဒီကတော့. . သူ့အနမ်းတွေကြောင့် ပျော်လွန်းလို့ မျက်ရည်တောင်ဆို့ချင်နေသူ သူက ကိုယ့်အလုပ်သမားဆိုပေမယ့် သူ့ကို ကိုယ့်အိမ်ဦးနတ်လို သဘောထားတာ အရာရာကို လိုလေသေးမရှိအောင် ဂရုစိုက်သည်။

သူကတော့ မေပျို့ကိုဆိုရင် ဘယ်တော့မှ အားမနာ မျက်နှာသွေးသပ်ပြောသည်။

သို့သော် မေပျို့ စိတ်ဆိုးနာကြည်း၍မရ။

"ရှင့်ချစ်သူက ချောလားဟင်"

မျက်နှာငယ်လေးဖြင့် မေးလာသော မေပျို့အမေးကြောင့် အလုပ်ရှင်ပါလားဆိုသည့် အသိစိတ်ဝင်လာကာ. . .

"အင်း. . နည်းနည်းတော့ ချောတယ်"

"သူက ရွာမှာ ကျန်ခဲ့တာလား"

"မဟုတ်ဘူး၊ ရန်ကုန်မှာ. . ."

မေပျို့မျက်ရည်ဝဲနေသည်။ ပျို့တို့မောင် စိတ်ပျက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



မျိုးတူနေရဲ့သားနဲ့ ဘာကြောင့် ခံစားပြနေရတာလဲ၊ မျက်စိထဲမှာ အိုဗာဖြစ်နေတာတော့ အမှန်ပါ။

"တို့ကရော ချောလားဟင်"

မျက်တောင်အတုကြီးကို ပုတ်ခပ်ပုတ်ခတ်လုပ်ပြီး မေးနေသောအမေးက ရယ်ချင်စရာကောင်းပေမယ့် ပျိုကို့မောင် မရယ်မိ။

"ခင်ဗျားက မိန်းမလှျာပဲ၊ တကယ့်မိန်းကလေးအစစ်ရဲ့အလှနဲ့တော့ ဘယ်တူမလဲ"

မေပျို့မျက်နှာ ညှိုးသွားပြန်သည်။

"အင်းလေ . . ရှင်တို့ ယောကျ်ားတွေက မေပျိုတို့လို လူမျိုးတွေကို အထင်မကြီးတတ်တာ သဘာဝပဲ၊ မေပျိုတို့ကျတော့လည်း ရှင်တို့ယောကျ်ားတွေကို လောကမှာ တန်ဖိုးအထားသင့်ဆုံးအရာလို့ ထင်တတ်ကြတယ်၊ လောကကြီးက ရတာမလို လိုတာမရဆိုပြီး စာဖွဲ့ထားတာ မှန်နေတာပဲလေ"

"မရနိုင်တဲ့အရာကို မျှော်လင့်ရတာ စိတ်မောပါတယ် မေပျိုရာ"

"ဟုတ်တယ် မေပျို့ဘဝက မျှော်လင့်ခွင့်လည်း မရှိတော့ပါဘူး။ လောကကြီးထဲမှာ တစ်ကောင်ကြွက်ဖြစ်နေတဲ့ မေပျို့အနားမှာ မေပျိုအချစ်ဆုံး ရှင်ရှိနေရင်ပဲ မေပျို ကျေနပ်ပါတယ်"

"ဒါနဲ့ ရှင့်ချစ်သူက ဘယ်မှာနေတာလဲဟင်"

"မသိဘူး၊ ရွာကထွက်သွားပြီးကတည်းက အဆက်အသွယ်ပြတ်သွားတယ်"

"ပြန်တွေ့ရင် လက်ထပ်ကြမှာပေါ့နော်"

"သူ့ဖက်က ကျုပ်ကို ချစ်သေးတယ်ဆိုရင်တော့ လက်ထပ်ဖြစ်မှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"မေပျိုကတော့ ရှင့်ချစ်သူနဲ့ ဒီနှစ်တွေမှာ မတွေ့ပါစေနဲ့လို့ ဆုတောင်းမှာ. ."

ပျိုတို့မောင် မျက်မှောင်ကျုံ့သွားသည်။

"ခင်ဗျား တော်တော်စိတ်ပုတ်တာပဲ"

"ရှင့်ကို မေပျို့နားမှာ ရှိနေစေချင်သေးလို့ပါ၊ သိပ်မများပါဘူး တစ်နှစ်လောက်ပါပဲ၊ တစ်နှစ်လောက် ကျော်လွန်သွားရင်တော့ ရှင့်ချစ်သူနဲ့ရှင် ပျော်ရွှင်ပါစေလို့ ဆုတောင်းပေးလိုက်မယ်"

ဘာသဘောနှင့် ပြောနေသည်ဆိုတာကို ပျိုတို့မောင် နားမလည်၊ နားလည်ဖို့လည်း မကြိုးစားချင်တော့၊ မေပျိုနှင့် ပတ်သက်သမျှအရာတွေအားလုံးကို စိတ်မဝင်စားတာ ပျိုတို့မောင်၏ စိတ်ရင်းအမှန်ပင်။

"ကဲ. , ထတော့ ရှင့်အတွက် မေပျို မနက်စာ ပြင်ပြီးပြီ"

အစစအရာရာ လိုလေသေးမရှိ လိုက်လျောမှုတွေ ပေးနေသောကြောင့် ပျိုတို့မောင် အနေခက်စွာဖြင့်. . .

"ကျုပ်က တောသားပါ၊ ဘာနဲ့စားစား အဆင်ပြေတယ်၊ ရွာမှာဆိုရင် ထမင်းကြမ်းခဲနဲ့ ငပိရည်ရှိရင် မနက်စာပြီးတယ်"

"အခု ဒီနေရာက ရွာမှမဟုတ်တာ၊ နာမည်ကျော် အလှဖန်တီးရှင်တစ်ယောက်ရဲ့ အိမ်လေ၊ ကဲပါ ရှင်ထွက်လာခဲ့တော့နော်၊ ထမင်းစားခန်းထဲမှာ မေပျို စောင့်နေမယ်"



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၃)

"ချယ် ချယ်. . မေပျိုရော"

ခန်းဆီးလိုက်ကာတွေ လဲတပ်နေသောချယ်ချယ် ပျိုတို့မောင်ကိုတွေ့သည်နှင့် အထာပေးကာ. . .

"စောစောကတော့ ဆီဒိုးနား သွားရမယ်လို့တော့ပြောတယ်၊ ရေချိုးနေလားမသိဘူး တို့မောင်"

မေပျိုခေါ်သလို တို့မောင်ဟု ခေါ်လိုက်သော ချယ်ချယ်မှာ ပျိုတို့မောင် အရေးတယူ လာစကားပြောနေသည့်အတွက် ဟော်တော်

www.burmeseclassic.com

www.burmeseclassic.com



လေး ပီတိဖြစ်နေပုံရသည်။

"အဟိ. . ဆောရီးနော်၊ တို့မောင်လို့ ခေါ်လိုက်မိလို့၊ မမမေပျို့က အဲ့နာမည်ကို သူတစ်ယောက်ထဲပဲ ခေါ်မှာတဲ့၊ ညည်းတို့တွေ လိုက်မခေါ်ရဘူးတဲ့၊ အခု သူလစ်တုန်း ခေါ်ကြည့်တာ၊ လျှာပေါ်မှာ စိမ့်သွားတာပဲ. . ခိ. . ခိ. . ခိ"

"နင့်ဟာနင် ဘယ်လိုခေါ်ခေါ်၊ သူ ဆီဒိုးနားသွားမှာ တစ်ယောက်ထဲလား"

"ဘာလုပ်ဖို့တုန်း"

"မေးတာသာ ဖြေစမ်းပါ"

"ဟုတ်လောက်ဘူးထင်တယ်၊ ဟိုဟာမလေး လဝန်းနဲ့ သွားမှာပေါ့၊ ဟွန်း. . သူရောက်လာမှ မမမေပျို့က ချယ်ချယ့်ကို လှည်းတန်းကဆိုင်မှာ ချောင်ထိုးထားတယ်၊ ပွဲတွေကို မခေါ်တော့ဘူး"

အရေးထဲ ချယ်ချယ်က သူ့ခံစားချက်ကို ရင်ဖွင့်နေသေးသည်။

"ဒီကတော့ သူ နေမကောင်းဖြစ်နေရင် ပြုစုရတယ်"

"ဘယ်သူနေမကောင်း ဖြစ်နေတာလဲ"

"မမမေပျို့ပေါ့"

"ဘာဖြစ်လို့လဲ မနက်က အကောင်းကြီးကို"

"ဟုတ်တယ်လေ၊ ကြည့်တော့သာ အကောင်းကြီး၊ ဒါပေမယ့် မကောင်းဘူး"

"ချယ်ချယ်"

မေပျို့ခေါ်သံကြောင့် ချယ်ချယ်လန့်သွားသည်။

"ရှန်. ."

"မလိုအပ်တာတွေ မပြောနဲ့လို့ ငါပြောထားတယ်နော်"

"ဟုတ်. . ဟုတ်ကဲ့ပါ မမ"



www.burmeseclassic.com

www.burmeseclassic.com



"သွား. . လုပ်စရာရှိတာလုပ်"

"ဟုတ်ကဲ့. ."

ချယ်ချယ် ပျိုတို့မောင်နားမှ လှစ်ခနဲ ထွက်သွားသည်။

မေပျို အနားလျှောက်လာသည်။

"ဘာလိုအပ်လဲ တို့မောင်"

"ဩော်. . ဘာမှမလိုပါဘူး၊ မေပျိုရောလို့ မေးနေတာ ပွဲသွားစရာ ရှိတယ်ဆို မေပျို တစ်ယောက်ထဲလား"

"မဟုတ်ဘူး၊ လဝန်းကို ခေါ်သွားမှာ"

လဝန်းကို အနီးကပ်ကြည့်ချင်သည့်စိတ်က ရင်မှာထိန်းမရ၊

"ကျုပ် ကားမောင်းလိုက်ပို့မယ်၊ လိုင်စင်မရသေးတာပဲ ရှိတယ်၊ ကျွမ်းကျွမ်းကျင်ကျင် မောင်းတတ်ပါပြီ"

"ဟယ်. . . ကောင်းတာပေ့၊ မေပျိုလည်း ဒီနေ့ နေသိပ်မကောင်းတာနဲ့ ကားမောင်းချင်စိတ်မရှိဘူး ဖြစ်နေတယ်"

မျက်ကွင်းတွေချောင်ကျပြီး. . ယခင်ကထက် အနည်းငယ် ပိုပိန်သွားသော မေပျို့ကိုကြည့်ပြီး. . . နေမကောင်းဘူးဆိုတာ ယုံသွားသည်။

စတွေ့တုန်းက မေပျို့ကို ရင်ထဲမှာ ခင်ချင်စိတ် မရှိခဲ့ပေမယ့် စိတ်ရင်းကောင်းသော မေပျို့ကို ခင်မင်လာမိတာကတော့ အမှန်ပင်။

"ဒီနေ့ မိဘမဲ့ကလေးကျောင်းကိုလည်း ငွေသိန်းနှစ်ဆယ် သွားလှူဖို့ရှိတယ်၊ တို့မောင်"

"ဟိုကလည်း သွားလှူထားသေးတယ် မဟုတ်လား"

"အဲဒါက သူတို့လေးတွေအတွက် ကျောင်းဝတ်စုံတွေ သွားလှူတာလေ၊ မေပျိုကလည်း မိဘမဲ့တစ်ယောက်ဖြစ်ခဲ့တော့ သူတို့လေးတွေကိုလည်း မေပျို အရမ်းသနားတယ်၊ ဒါကြောင့် သူတို့လေးတွေရဲ့ လို



www.burmeseclassic.com

www.burmeseclassic.com



အပ်ချက်တွေကို မေပို မကြာခဏ သွားဖြည့်ဆည်းပေးနေတာပေါ့”

ပရဟိတစိတ်ရှိသော မေပို့ကို စိတ်ထဲမှ လေးစားသွားမိသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၄)

"ငွေကြယ်. ."

မိတ်ကပ်ဘောက်စ်တွေကို ကားပေါ်တင်နေသော လဝန်းလှည့်ကြည့်သည်။ ပိျုတို့မောင်ကိုမြင်တော့ မျက်ဝန်းအစုံ ဝိုင်းစက်ကာ အံ့ဩသွားသည်။ လုံးဝကို မယုံနိုင်သော အကြည့်ဖြင့်ကြည့်ကာ

"မောင်. . မောင်မဟုတ်လား"

"ဟုတ်တယ်၊ မင်းပြောတော့ ရန်ကုန်တက်ပြီး စီးပွားရှာမယ်ဆို၊ အခု ဒီဘဝနဲ့နေပြီး စီးပွားရှာနေတာလား"

အခြောက်မတစ်ယောက်လို ဝတ်စားပြင်ဆင်ထားသော ငွေ



www.burmeseclassic.com

www.burmeseclassic.com



ကြယ် သူ့ကိုယ်သူ ရှက်ရွံ့စွာငုံ့ကြည့်ရင်း ဘေးဘီကို ဝေ့ကြည့်ကာ . .

"မောင်ကရော ဒီကို ဘယ်လိုရောက်နေတာလဲ၊ ဘာကြောင့် မမမေပျို့ရဲ့ တို့မောင် ဖြစ်နေရတာလဲ"

"အဲဒါ မင်းကို ရှာတွေ့ဖို့"

"ရှင် မောင်က ငွေကြယ့်နောက် လိုက်လာတာလား"

"ဟုတ်တယ်၊ ငါ့ကို လုံးဝ အဆက်အသွယ်ဖြတ်သွားတဲ့ မင်း နောက်ကို လိုက်လာတာ၊ လောကကြီးက ထင်သလောက်လဲ မကျယ် ပါလားကွ၊ တကယ့်ကို ကျဉ်းကျဉ်းလေးပဲ၊ မင်းကို ရန်ကုန်မြို့ တစ်ပတ် တောင် ပတ်မရှာရသေးဘူး၊ မင်းက ငါ့ရှေ့မှာ ဘွားခနဲပေါ်လာတာ၊ ဒီလိုပုံစံနဲ့ မြင်ရလိမ့်မယ်လို့တော့ ငါ လုံးဝတွေးမထားဘူး"

"အခြေအနေအရကြောင့်ပါ မောင်"

"မင်းက မိန်းမပဲ၊ ဘာကြောင့်များ မိန်းမလျှာလိုထပ်ပြီး ဟန် ဆောင်ရတာလဲ၊ ဒါ အူကြောင်ကြောင် မနိုင်ဘူးလား"

"ငွေကြယ် ဖြတ်သန်းလာခဲ့ရတဲ့ အခြေအနေတွေက ဆိုးဝါး တယ်မောင်၊ နောက်ဆုံး ကြံရာမရတာနဲ့ ဒီပုံစံမျိုးနဲ့ ငွေကြယ့်ဘဝကို ဆက်ပြီး ထိန်းနေရတာပါ၊ ဒီအကြောင်းတွေကို ရှင်းပြရင် ရှည်တယ်၊ နောက်တော့ ငွေကြယ် ပြောပြပါ့မယ်၊ ငွေကြယ် မောင့်ကို မထင်မှတ်ဘဲ ပြန်တွေ့လိုက်ရလို့ အရမ်းဝမ်းသာတယ်၊ ဒါဟာ အိပ်မက်တော့ မဟုတ် ပါဘူးနော်"

ပျိုတို့မောင် ခေါင်းညိတ်ခေါင်းခါမလုပ်ဘဲ ငွေကြယ့်ကို ငေး ကြည့်လိုက်သည်။

"လဝန်းရေ မိတ်ကပ်ဘောက်စ်တွေ တင်ပြီးပြီလား"

လှမ်းမေးနေသော မေပျို့အသံကြောင့် ပျိုတို့မောင် ကထဲ ဝင်ထိုင်ကာ ကားစက်နှိုးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ တင်ပြီးပါပြီ"

လဝန်း အိမ်ထဲသို့ လှစ်ခနဲ ပြန်ဝင်သွားသည်။

မောင်နှင့် လဝန်း၏ ပတ်သက်မှုတွေကို ဒီအချိန်မှာ မမမေပျို သိ၍မဖြစ်၊ မောင့်ကို မမမေပျို အရှူးအမူး စွဲလန်းနေသည့်အတွက် လဝန်းတို့ကို မောင်နှင့် နီးနီးကပ်ကပ်မနေဖို့ ပြင်းပြင်းထန်ထန် သတိပေးထားသည်။

ထို့ကြောင့် မမမေပျို မရိပ်မိမှဖြစ်တော့မည်မို့ လဝန်း အိမ်ထဲသို့ ပြန်ဝင်လာခြင်းဖြစ်သည်။

"မမလဝန်း ကားထဲကို ထည့်သင့်တာတွေ ထည့်ပြီးပါပြီ"

"အေး. . ဒါဆို အခန်းထဲမှာ ဆေးသေတ္တာလေး ကျန်ခဲ့တယ်၊ သွားယူပါဦး"

"ဟုတ်ကဲ့ပါ"

လဝန်း မေပျို့အခန်းရှိရာသို့ ခပ်သွက်သွက် တက်လာလိုက်သည်။ အခန်းတံခါးဖွင့်ပြီး မှန်တင်ခုံဘေးရှိ စားပွဲပေါ်တွင် တင်ထားသော ဆေးသေတ္တာကို လှမ်းယူလိုက်သည်။

ရုတ်တရက် ခြေအစုံက တစ်စုံတစ်ခုကို နင်းမိလိုက်သဖြင့် ငုံ့ကြည့်လိုက်သည်။ လဝန်းနင်းမိသည်က ဆေးမှတ်တမ်းစာအုပ်ဖြစ်သည်။ ကောက်ယူလိုက်သည်။

"ဒါ. . မမမေပျို့ရဲ့ ဆေးမှတ်တမ်းပဲ"

ဆေးမှတ်တမ်းစာအုပ်ကို ကြည့်လိုက်သည်။ ခုခံအားကျဆင်းသည့်ရောဂါ HIV ဆိုသော စာလုံးကိုတွေ့ပြီး လဝန်းလန့်သွားသည်။

"ဘုရားရေ မမမေပျို့က HIV ဖြစ်နေတာပဲ"

ကိုယ့်ဆရာသမားတစ်ယောက်ထံတွင် ထိုသို့ရောဂါမျိုးရှိနေသည့်အတွက် လဝန်း စိတ်မကောင်းဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



စိတ်မကောင်းဖြစ်နေခြင်းကို အသာဘေးချိတ်ပြီး ဆေးမှတ်တမ်းစာအုပ်ကို မှန်တင်ခုံ အံဆွဲထဲသို့ ကပျာကယာ ထည့်လိုက်သည်။

ဆေးသေတ္တာကိုယူပြီး အခန်းထဲမှ ဟန်မပျက် ထွက်ခဲ့လိုက်သည်။

မမမေပို့ ဒါကြောင့် ခဏခဏဖျားပြီး တစ်နေ့တစ်ခြား ပိန်လာတာကိုး. .။

ရင်ထဲမှာ စိတ်မကောင်းခြင်းများစွာဖြင့် ဘယ်လိုချွေးသိပ်မှုတွေ ပေးနိုင်ပါ့မလဲ။ ဖြစ်မှဖြစ်ရလေ။

ထိုခံစားမှုနှင့် တစ်ဆက်တည်း ပူပန်မှုတစ်ခုပါ၊ ရင်ထဲမှာ အရှိန်ဖြင့် တိုးဝင်လာသည်။

မောင့်ကို သတိပေးရမည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၅)

လဝန်းဟာ ငွေကြယ်ဆိုတာ သိပြီးကတည်းက ပျိုတို့မောင်စိတ်တွေ အရင်ကထက်ပို၍ ကြည်လင်လာသည်။

တာဝန်ကြီး တစ်ခုကို ကျေပွန်စွာ ထမ်းဆောင်ပြီးသည့်သူနှယ် စိတ်တွေ ပေါ့ပါးလွတ်လပ်နေသည်။

ကိုယ် သိပ်တွေ့ချင်နေသော ချစ်သူနှင့် တစ်အိမ်ထဲမှာ အတူနေခွင့်ရသည့် ကုသိုလ်ကံသည် ချစ်ခြင်းမေတ္တာ၏ ပြယုဂ်တစ်ခုပင်။ ဖူးစာမှန်၍သာ ကံကြမ္မာက အလွယ်တကူ ဆုံတွေ့ခွင့်ပေးလိုက်ခြင်းဟု ယုံကြည်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



အရိပ်အကဲကြည့်ပြီး တွေ့မည်ဆိုလျှင် ချစ်သူနှစ်ဦး အချိန်မရွေး တွေ့နိုင်ပြီမို့ ဒီညအဖို့ အိပ်ဖြစ်မည်တောင် မထင်။

နာရီကို ကြည့်လိုက်သည်။ ည၉ဆယ်နာရီ ကျော်နေပြီး ပြတင်းပေါက်မှ ဖြတ်တိုက်လာသော လေနုတွေပင် ညနှင့်အတူ အေးစက်မှောင်မိုက်နေသည်။

"ဒီအချိန် ငွေကြယ်အိပ်ပြီလား"

တွေ့ချင်စိတ်တို့ ရင်မှာ ဖွာလန်ကြဲကာ အခန်းထဲမှ ထွက်ခဲ့လိုက်သည်။ ခြေလှမ်းတွေက တေက်ပြားခြေလှမ်းတွေလို အသံလုံနေသည်။

ညမီးရောင် မှိန်မှိန်အောက်တွင် အခန်းကိုယ်စီမှ ဟောက်သံခပ်သဲ့သဲ့စီ ထွက်ပေါ်နေကြသည်။

အခြောက်မတွေ လူမှန်းသူမှန်းမသိအောင် ဟောက်နေကြပုံများ ကိုယ်သာသူခိုးဆိုလျှင် အိမ်တစ်ခုလုံး ပြောင်အောင် အခိုးခံရတာတောင် သူတို့ ဟောက်သံနှင့် သူတို့မို့ နိုးကြမည်မဟုတ်။

ကမ္ဘာပြိုတောင် မနိုးအောင်အိပ်မည့် အခြောက်မတွေမို့ ဒီညတော့ ချစ်သူနှင့် လွတ်လွတ်လပ်လပ် တွေ့ရတော့မည်။

အခန်းနှစ်ခန်းရှေ့အရောက် ပျိုတို့မောင် ရပ်လိုက်သည်။

"အယ် အဲဒါမှဒုက္ခပါပဲ၊ ငွေကြယ့်အခန်းက ဘယ်အခန်းပါလိမ့်"

အခန်းနှစ်ခန်းရှေ့ရောက်ပြီး ဘယ်အခန်းတံခါး ခေါက်ရမှန်းမသိအောင် ဇဝေဇဝါ ဖြစ်နေသည်။

"မှားခေါက်မိရင် မလွယ်ဘူး"

အခန်းနှစ်ခန်းရှေ့အရောက် ဘယ်အခန်းဝရပ်ပြီး တံခါးခေါက်ရမှန်းမသိ။



www.burmeseclassic.com

www.burmeseclassic.com



ငွေကြယ်ပြောသလို အပေါ်ထပ်ရှိ မမမေပျို့ ဘေးခန်းမှာနေသည်ဟုတော့ ပြောဖူးသည်။ ဘယ်အခန်းမှန်းမသိ။

"ဟာ ရှုတ်ပါတယ်၊ ထင်တဲ့အခန်းကို အရင်ခေါက်ကြည့်မယ်၊ အင်း. . ဒီအခန်း ဖြစ်နိုင်တယ်၊ ဟိုဘက်အခန်းရဲ့ ခန်းစည်း လိုက်ကာတွေက ပိုလှနေတော့ ဒီအခန်းဟာ မေပျို့အခန်းဖြစ်ပြီး ယခု ကိုယ်ရပ်နေသော အခန်းက ငွေကြယ့်အခန်း ဖြစ်ရမည်။

စိတ်ထဲရှိသည့်အတိုင်း ကိုယ့်ရှေ့တည့်တည့်တွင် ရှိနေသော အခန်းကို ခပ်ဖွဖွ ခေါက်လိုက်သည်။

အထဲမှ ဘာသံမှ မကြားရ။

ထပ်ခေါက်သည်။

ခြေသံသဲ့သဲ့ တံခါးနားလျှောက်လာသည်ကို ကြားရ၍ အားတက်သွားသည်။ တံခါးပွင့်လာသည်။

"ဟယ်. . တို့မောင် ညကြီးအချိန်မတော် မေပျို့အခန်းကို ကူးလာတယ်"

ညဝတ်ဂါဝန်ဖရိုဖရဲနှင့် ဘွားခနဲပေါ်လာသော မေပျို့မျက်နှာကြောင့် ပျိုတို့မောင် စိတ်လေသွားသည်။ မှားတာမှ တည့်တည့်ကိုမှားတာဖြစ်သည်။ ဘာပြောရမှန်းမသိအောင် ကြောင်အမ်းသွားသည်။

"လာလေ. ."

လက်ကိုအတင်းဆွဲကာ အခန်းထဲ ခေါ်နေသဖြင့် ပျိုတို့မောင် ခေါင်းတဆတ်ဆတ်ခါကာ အခန်းတံခါးဘောင်ကို အားကိုးတကြီး ဆုပ်ကိုင်ပြီး

"နေ. . နေပါ၊ မဝင်တော့ပါဘူး၊ ဟိုလေ. . ခေါင်း . . ခေါင်းကိုက်နေလို့ ဆေးလေးများ ရှိမလားလို့"

"ဟယ်. . တော်တော်ကိုက်နေလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



မေပို့ ပြာပြာသလဲ ဖြစ်သွားသည်။

"ရှိတယ်၊ ဆေးရှိတယ် ခဏလေးနော်"

အခန်းထဲပြေးဝင်ပြီး ဆေးသေတ္တာထဲမှ ဘိုင်အိုဂျက်ဆစ် တစ်လုံးနှင့် ရေတစ်ဖန်ခွက်ငှဲ့ပြီး ထွက်လာသည်။

"ရော့ တို့မောင် သောက်လိုက်ဦး"

ပို့တို့မောင် ဆေးကို လှမ်းယူလိုက်ပြီး. . .

"ရတယ် အခန်းထဲရောက်မှ သောက်တော့မယ်၊ ကျေးဇူးပဲ သွားတော့မယ်နော်"

"ဩော်. . နေပါဦး၊ ဒီမှာ ရေအဆင်သင့်ရှိနေတာပဲ၊ သောက်သွားလိုက်ပါ"

"ရတယ် တော်ကြာမှသောက်မယ်၊ သွားပြီနော်"

"ဩော်. . တို့မောင်ရယ်၊ တကယ့်ကို ဇွတ်ပဲ"

မေပို့ မချင့်မရဲဖြစ်ကျန်ခဲ့သည်ကို လှည့်ပင်မကြည့်ဘဲ အောက်ထပ်သို့ ခပ်သုတ်သုတ် ဆင်းခဲ့လိုက်သည်။

"အင့်. ."

"အမလေး"

လှေကားအတက်အဆင်းတွင် ငွေကြယ်နှင့် ဝင်တိုက်မိကြသည်။

"ဟင်. . ငွေကြယ်"

"ဟော့တော် ညကြီး အချိန်မတော် အပေါ်ထပ်ကနေ ဘာလို့ဆင်းလာတာလဲ"

"မောင် ငွေကြယ့်အခန်းကိုလာတာ၊ အခန်းမှားခေါက်မိလို့ ငွေကြယ်ကရော ဘယ်ကပြန်လာတာလဲ"

"ရေသောက်ချင်လို့ ဆင်းသောက်တာလေ"



www.burmeseclassic.com

www.burmeseclassic.com



ရသည့်အခွင့်အရေးကို လက်လွှတ်မခံ၊ ငွေကြယ့်လက်ကိုဆွဲကာ အခန်းဆီသို့ လျှောက်လာလိုက်သည်။

"မောင် ဒါကဘာယ်လဲ"

"စကားပြောကြမယ်လေ၊ မောင့်အခန်းထဲ သွားမယ်"

အသံခပ်အုပ်အုပ်ဖြင့် အပြန်အလှန် ပြောနေကြသည်။

"မောင် မဖြစ်ဘူးထင်တယ်နော်၊ ငွေကြယ်ကြောက်တယ်"

"ဘာကြောက်စရာလိုလဲ၊ သူတို့အားလုံး အိပ်နေကြပြီ၊ အပေါ်ထပ်မှာ ဟောက်သံတွေ ဆူညံနေတာပဲ၊ မေပျို မအိပ်သေးသည့် အကြောင်းကိုတော့ ငွေကြယ့်ကို ပြေပြမနေတော့၊ နို့မို့ဆိုလျှင် ငွေကြယ် စိတ်တွေ စိုးရိမ်စိတ်ဝင်နေမိမှာ သေချာသည်။

ငွေကြယ် ထပ်မငြင်းတော့၊ ပျိုတို့မောင် ဒီအိမ်ကို ဘယ်လိုပုံစံနှင့် ရောက်လာရသလဲဆိုသည့် အကြောင်းကို ငွေကြယ် သိချင်သည်။ ဒါ့အပြင် ငွေကြယ့်ဘဝ ဖြတ်သန်းကျင်လည်ခဲ့ရသည့် အခြေအနေကိုလည်း မောင့်ကို ပြောပြချင်သည်။

နောက်ပြီး ငွေကြယ် စိတ်ကူးအိပ်မက်တွေကို အကောင်အထည်ဖော်ဖို့အတွက် ဒီလိုဘဝမျိုးနှင့် နေနေရသည့်အကြောင်းကိုလည်း မောင့်အား သိစေချင်သည်။

ဘာပဲဖြစ်ဖြစ် ငွေကြယ့်အနားမှာ မောင်ရှိနေမှတော့ ငွေကြယ် မကြောက်တော့။

အကောင်းဆုံး ဘဝတစ်ခုကို ဖန်တီးနိုင်ဖို့အတွက် ချစ်သူနှစ်ဦး အတူတူ ကြိုးစားကြမယ်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၆)

"ဒီလောက် အခက်အခဲတွေ ဖြစ်နေလျက်နဲ့ ရွာကို ဘာလို့ ပြန်မလာတာလဲ ငွေကြယ်၊ မင်းကြောင့် . မောင် ဘယ်လောက် စိတ်သောက ရောက်နေရသလဲ သိလား"

"သိပေမယ့် ငွေကြယ် ရွာကိုပြန်လာဖို့ ဘယ်လိုမှ မဖြစ်နိုင်ဘူး မောင်၊ ရွာကထွက်လာကတည်းက မကြီးပွားမချင်း ရွာကိုမပြန်ဘူးဆိုတဲ့ စိတ်ကြောင့် ရန်ကုန်မှာ ကြုံတွေ့ရတဲ့ဒုက္ခနဲ့ အခက်အခဲပေါင်းများစွာတို့ ကြံ့ကြံ့ခိုင်ပြီး နေခဲ့ရတာပါ"

တိတ်ဆိတ်သော အခန်းထဲတွင် ငွေကြယ်၏ရှင်ပွင့်သံနှင့်



www.burmeseclassic.com

www.burmeseclassic.com



ပျိုတို့မောင်၏ သက်ပြင်းချသံတို့က ခပ်သဲ့သဲ့ ထွက်ပေါ်၍နေသည်။

"မောင်ကရော ဒီအိမ်ကို ဘယ်လိုရောက်နေတာလဲ"

"ရွာကနေ ထွက်လာတုန်းကတော့ ခုလိုပုံစံမျိုးနဲ့ ကြုံတွေ့ရင်ဆိုင်ရမယ်လို့ ဘယ်လိုမှ ထင်မထားခဲ့ဘူး"

ပေါက်တောဆင်းရာမှ ကျန်ခဲ့သည့် အခြေအနေနှင့် မေပျိုနှင့်တွေ့ကြသည်။ အဖြစ်အပျက်များကို ရှင်းပြလိုက်သည်။

ငွေကြယ် ရယ်အားထက် ငိုအားသန်နေ၏။

"ဖြစ်မှဖြစ်ရလေ မောင်ရယ်၊ မောင့်အဖြစ်က သမာရိုးကျမဆန်ဘူး၊ ရုပ်ရှင်ပြကွက် တစ်ကွက်လိုပဲနော်"

"ဒါတင်ကမလား၊ ငွေကြယ်နဲ့မောင်နဲ့ ပြန်ဆုံကြပုံကရော မဆန်းကြယ်ဘူးလား၊ ချစ်သူကို ရှာဖို့ထွက်လာတဲ့တောသား ရန်ကုန်မြို့တစ်ပတ်တောင် မပတ်လိုက်ရဘူး၊ ရေကန်အသင့် ကြာအသင့်ပဲ၊ ကိုယ်ရှိတဲ့နေရာကို ချစ်သူက သူ့အလိုလိုရောက်လာရတယ်"

"ဟုတ်တယ်နော်၊ မောင့်ကံကြမ္မာက တော်တော်ဆန်းကြယ်တာပဲ၊ မောင်နဲ့ ငွေကြယ်တို့လောက် ကံကောင်းတဲ့ချစ်သူတွေ ဒီလောကကြီးထဲမှာ ရှိပါဦးမလား မသိဘူး"

"တို့မောင်. . တို့မောင်ရေ"

"ဟင်. ."

"ဘုရားရေ မမမေပျိုပဲ"

အခန်းဝနားရောက်နေသည့် မေပျို့အသံကြောင့် ငွေကြယ်ပျာပျာပြာပြာ ဖြစ်သွားသည်။

"ဘယ်လိုလုပ်မလဲ၊ ငွေကြယ် ဒီအခန်းထဲကို ရောက်နေတာသိရင် ဒီအိမ်ပေါ်က ခေါင်းနဲ့ဆင်းရမှာ"

ပျိုတို့မောင်လည်း ကြံရာမရဖြစ်ပြီး ဘာလုပ်လို့ ဘာကိုင်ရမှန်း



www.burmeseclassic.com

www.burmeseclassic.com



မသိတော့၊ နောက်မှ အကြံတစ်ခု လျှစ်ခနဲ တိုးဝင်လာသဖြင့်. . .

"လာ. . လာ. . ဒီခုတင်အောက်မှာ ဝမ်းလျားမှောက်နေ၊ ဒါ ဆိုသူမမြင်ရတော့ဘူး"

ငွေကြယ် ခုတင်အောက်ထဲ လေးဘက်ထောက်ဝင်ပြီး ပုန်းနေလိုက်သည်။ ငွေကြယ် လုံခြုံသွားပြီဆိုမှ ပျိုတို့မောင် ကုတင်ပေါ် ဝရုန်းသုန်းကားတက်ပြီး အိပ်ချင်ဟန်ဆောင်နေလိုက်သည်။

အားလုံးနေသားတကျဖြစ်ပြီး သိပ်မကြာလိုက်၊ မေပျို အခန်းတံခါးဖွင့်ပြီး ဝင်လာ၏။

"တို့မောင် အိပ်ပြီလားဟင်"

ခုတင်ပေါ်မှ ပျိုတို့မောင်ရော ခုတင်အောက်မှ ငွေကြယ်ရော အသက်ပင် ပြင်းပြင်းမရှူရဲ။

ညကြီးအချိန်မတော် မအိပ်ဘဲနှင့် ဒီအခြောက်မ ဘာတွေကြံဦးမလဲ မသိ၊ မျက်လုံးကို စုံမှိတ်ကာ အိပ်မောကျချင်ဟန် ဆောင်နေပေမယ့် သူ ပေါက်ကရလုပ်မှာကိုတော့ ပျိုတို့မောင် ကြောက်ပါသည်။

"တို့မောင်ရယ် ချစ်လိုက်တာကွယ်"

ပျိုတို့မောင် နဖူးပေါ် ဝဲကျနေသော ဆံပင်တို့ကို သပ်တင်ပေးရင်း ခပ်ညည်းညည်းလေး ပြောလိုက်သော မေပျို့စကားကြောင့် ပျိုတို့မောင် ကျောထဲစိမ့်သွားသည်။

မေပျိုအနားမှာ ဝင်၍လှဲလိုက်သည်။

သိမ့်ခနဲ ဖြစ်သွားသော ခုတင်ကြောင့် အောက်တွင် ဝမ်းလျားထိုးနေသော ငွေကြယ် ခေါင်းနပမ်း ကြီးသွားသည်။

"ဘုရား. . ဘုရား၊ ဒီအခြောက်မကြီး တော်တော်ရာဂကြီးပါလား"

စိတ်ထဲမှ တွေးကာ ပျိုတို့မောင်အတွက် ပူပန်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ပျိုတို့မောင်မှာလဲ ဘေးမှာဝင်အိပ်နေသော မေပျိုထံမှ ရေမွှေးနံ့ ခပ်စူးစူးနှင့် အသက်ရှူသံ ခပ်မျှင်းမျှင်းကြောင့် လှုပ်ပင်မလှုပ်ရဲတော့။

ငရဲကျသလို ခံစားသွားရသည်။

စိတ်ထဲမှရသမျှ ဘုရားဂုဏ်တော်တွေကို အားကိုးတကြီးဖြင့် ရွတ်နေလိုက်သည်။ မျက်လုံးလည်း ဖွင့်မကြည့်ရဲ။

ခန္ဓာကိုယ်ကို ကျုံ့နိုင်သမျှကျုံ့ပြီး အသက်ပင် ဝဝမရှူဝံ့တော့။

ဘာမှမလုပ်ပါစေနှင့်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၇)

"ဟော့. . မရယ်နဲ့၊ ဒါ ရယ်စရာလား"

အူလှိုက်သဲလှိုက်ရယ်နေသော ငွေကြယ့်ကိုကြည့်ပြီး ပျိုတို့မောင်ပါ ရယ်ချင်နေပေမယ့် မရယ်မိ။

"ရယ်စရာပေါ့မောင်ရယ်၊ မောင်ပဲ စဉ်းစားကြည့်လေ. . ငွေကြယ်က ခုတင်အောက်မှာ ငွေကြယ့်ချစ်သူက ခုတင်ပေါ်မှာ အခြောက်မကြီး တစ်ယောက်နဲ့ ယှဉ်အိပ်နေရတယ်၊ ငွေကြယ့်မှာလေ မမမေပျို့မောင့်ကို ဘာလုပ်မလဲဆိုပြီး စိတ်ပူလိုက်ရတာ ပြောမနေပါနဲ့၊ အဲဒါသာပြုလိုက်ရင်တော့ ငွေကြယ်ရှက်လွန်းလို့ အဲဒီနေရာကနေ ထွက်



www.burmeseclassic.com

www.burmeseclassic.com



တောင်ပြေးမိမလားပဲ"

"ရမလား ကိုယ့်မှာ ခြေမပါ လက်မပါတာမှ မဟုတ်တာ၊ အိပ်ချင်ဟန်ဆောင်နေလို့သာ ကုတင်ပေါ်က ကန်မချတာ၊ ကျန်တဲ့အချိန်ဆိုရင် အနားတောင် ကပ်ခံမှာမဟုတ်ဘူး"

"သူက မောင့်ကို ဘာမှမလုပ်ပဲ ဘာလို့အနားမှာ လာအိပ်နေရတာလဲ"

"သူ့ဟာသူ တစ်ယောက်ထဲ ဖိလင်ဝင်နေချင်လို့ နေမှာပေါ့"

ငွေကြယ်လည်း မောင်တို့ အခြေအနေကို စောင့်ကြည့်ရင်း ခုတင်အောက်မှာ ဘယ်လိုအိပ်ချင်ပျော်သွားမှန်းကို မသိဘူး ခစ်. . ခစ်. . ခစ်"

"အားကိုးရတယ်၊ ကိုယ့်ချစ်သူကို အခြောက်မတက်စော်ကားသွားရင်တောင် သိမှာမဟုတ်ဘူး"

"အံမယ်. . မောင်လဲ အိပ်ပျော်သွားတယ် မဟုတ်လား၊ မောင့်ဟောက်သံ အကျယ်ကြီးကြောင့် မောင်တို့ ဘာမှမဖြစ်ဘူးဆိုတာ သိပြီးသား၊ ဒါပဲနော် ညားပြီးရင် အဲလိုမဟောက်ရဘူး"

"ဩော် ဟောက်ပါတယ်ဆိုမှ အိပ်ပျော်မှ သူ့အလိုလို ဟောက်တာ၊ မောင်ဘယ်သိမလဲ"

"ငွေကြယ် မောင့်ကိုပြောစရာရှိတယ်"

"ပြောလေဘာပြောမှာလဲ"

"ဟိုလေ မမမေပျိုအကြောင်း၊ သူ့. . သူ့မှာ ကူးစက်ရောဂါတစ်ခု ရှိနေတယ်သိလား၊ မောင် သူနဲ့ကင်းရှင်းအောင်နေနော်"

သတိပေးစကားကြောင့် ပျိုတို့မောင် ရှူးရှူးရှားရှား ဖြစ်သွားသည်။

"ကြည့် ငွေကြယ်နော် မောင်က အဲဒီဟာကြီးနဲ့ ကင်းကင်းရှင်း



www.burmeseclassic.com

www.burmeseclassic.com



ရှင်းမနေစရာ ဘာအကြောင်းရှိလို့လဲ၊ အခြေအနေ အရကြောင့်သာ ဒီမှာ အလုပ်လုပ်နေရတာ၊ မောင်က တစ်ရက်လေးမှ နေချင်တာ မဟုတ်ဘူး၊ မောင်တော့ စဉ်းစားထားတယ်၊ သူ့ဆီမှာ စားပြီးသောက်ပြီး စရိတ်ငြိမ်း သုံးသိမ်းရတာဆိုတော့ သူ့ဆီမှာ နောက်ထပ်ဆယ်လလောက် လုပ်ပြီးရင် မောင့်ဆီမှာ သိန်းသုံးဆယ်လောက်တော့ စုမိနေလောက်ပြီ၊ အဲဒီကျရင် သူ့အလုပ်ကထွက်ပြီး တက္ကစီလေးကို စပေါ်တင်ပြီး မောင်းမလားလို့ နေဖို့ကိုတော့ တစ်နေရာမှာ ငှားလိုက်မှာပေါ့"

သူ့တွက်ကိန်းနှင့်သူ plan ချနေသော ပျိုတို့မောင် အစီအစဉ်ကို ငွေကြယ် သိပ်လက်မခံချင်။

"မောင် အဲလိုလုပ်သွားရင် ငွေကြယ်နဲ့ ဘယ်လိုတွေ့ရတော့မလဲ၊ ခုတောင် ကံကောင်းလို့ ချစ်သူနှစ်ဦး ပြန်ဆုံကြတာ၊ ဒီတစ်ခါထပ်ဝေးလို့ မဖြစ်ဘူးမောင်"

"ငွေကြယ်လဲ အလုပ်ထွက်လိုက်ပေါ့လို့"

ငွေကြယ် ခေါင်းခါသည်။

"ဟင့်အင်း. . ငွေကြယ် သူ့တပည့်အရင်းတစ်ယောက် ဖြစ်အောင်နေပြီး သူ့ဆီကပညာတွေ ထပ်သင်ယူချင်သေးတယ်မောင်. . လောကကြီးထဲမှာ အကြာကြီး နေခွင့်မရတော့ပေမယ့် သူ့ရဲ့ကံကြမ္မာကို သူ့အစား ဆက်ပြီးရေးချင်တယ်"

"သူက ဘာရောဂါလဲ ငွေကြယ်"

ပြောဖို့ နှုတ်ဟပြီးမှ ငွေကြယ် ပြောသင့်မပြောသင့် ချိန်ဆလိုက်သည်။ ဒီရောဂါဟာ လူတစ်ယောက်၏ ဂုဏ်သိက္ခာနဲ့လည်း ဆိုင်နေလေတော့ ငွေကြယ် လက်လွတ်စပယ် မပြောချင်၊ ပြောရမှာ နှုတ်တွန့်နေသည်။

"ကူးစက်ရောဂါတစ်ခုလို့ပဲ ငွေကြယ်လဲ သိထားတယ်၊ ဘာ



www.burmeseclassic.com

www.burmeseclassic.com



ရောဂါဆိုတာကိုတော့ ငွေကြယ်လည်း သေချာမသိဘူး၊ တကယ်တော့ သူက သနားစရာ ကောင်းပါတယ် မောင်ရယ်၊ ငွေကြယ်တို့ရဲ့ ကျေးဇူးရှင်လည်း ဖြစ်နေတော့ ပစ်ပစ်ခါခါ မလုပ်ရက်ဘူး"

ကျေးဇူးတရား သိတတ်သော ငွေကြယ့်စကားကြောင့် ပျိုတို့မောင် ခေါင်းညိတ်ကာ

"မောင်လည်း ကျေးဇူးမကန်းချင်ပါဘူး ငွေကြယ်၊ သူက မောင့်ကို တအားကပ်နေတာလေ၊ မောင်အနေခက်တယ်၊ မိန်းမတောင် မရသေးတာ၊ ဒီအခြောက်မနဲ့တော့ ယုန်ထင်ကြောင်ထင် အထင်မခံနိုင်ဘူး၊ နေသာနေနေရတာ စိတ်ထဲမှာ မယုံဘူး"

"ဒါဆိုရင်လည်း အချိန်ကာလတစ်ခုလောက် စောင့်ပြီးတာနဲ့ လက်ထပ်လိုက်ကြရအောင်မောင်ရယ်နော်"

အကြားချင်ဆုံးသောစကားမို့ ကျေကျေနပ်နပ်ကြီး ခေါင်းညိတ်အဖြေပေးကာ ငွေကြယ့်ကိုယ်လေးကို လွတ်ထွက်မတတ် တင်းကြပ်စွာ ပွေ့ထားလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၈)

"ရှင်. . မမက လက်ထပ်မယ် ဟုတ်လား"

"ဟုတ်တယ် ငွေကြယ်. . မမ သူနဲ့ လက်ထပ်မယ်"

"သူ. . သူဆိုတာ ဘယ်သူလဲ"

"တို့မောင်ပေါ့"

"ရှင်. ."

ငွေကြယ့်ရင်တွေ ဒိန်းခနဲ ဆောင့်ခုန်သွားသည်။ မေပျို့နှင့်ပတ်သက်ပြီး ထိုမျှလောက် မတွေးထားမိ။

"ဟော့ဒီမှာကြည့်စမ်း မေပျို၊ အဲဒါ ဘယ်သူလဲ"



www.burmeseclassic.com

www.burmeseclassic.com



ရင်ဘတ်ကြားထဲမှထုတ်ပြီး ငွေကြယ် မြင်သာအောင် ထောင်ပြနေသော ဓါတ်ပုံကို ကြည့်လိုက်သည်။

"အဲ. . အဲဒါ မမမေပျို့ရဲ့ တို့မောင်လားဟင်"

ဘာမှ မသိသလိုဟန်ဖြင့် မေးလိုက်သည်။

"မဟုတ်ဘူး၊ တို့မောင်ထက် အရင်ချစ်ခဲ့ရတဲ့သူ တို့မောင်ကသားချောရဲ့ ကိုယ်ပွားပေါ့၊ ဘုရားသခင်က လောကကြီးထဲက အပြီးထွက်သွားတဲ့ သားချောနဲ့တူတဲ့ ပျိုတို့မောင်ကို တို့ဆီကိုလွှတ်လိုက်တာ"

ပျိုတို့မောင်နှင့် သားချော တော်တော်လေးဆင်တူနေသောကြောင့် ဒီလောက်ထိ စွဲစွဲလမ်းလမ်းဖြစ်နေတာဟု ငွေကြယ် ခုမှပင်သဘောပေါက်တော့သည်။

"သူက မမကို လက်ထပ်ခွင့်တာတတ်လားဟင်"

"ဘယ်သူလဲ"

"ပျိုတို့မောင်လေ"

"သားချောတုန်းကတော့ လက်ထပ်မယ်လို့ ပြောတယ်၊ တို့မောင်ကတော့ မပြောသေးဘူး၊ သူ့ဘဝ ကောင်းစားဖို့ပါပဲလေ၊ တခြားဘာမျှော်လင့်ချက်မှတော့ မရှိချင်တော့ပါဘူး၊ လူ့ဘဝက တစ်ကယ့်ကို တိုတိုလေးပါ၊ အဲဒီ တိုတောင်းလှတဲ့ဘဝထဲမှာ ကိုယ်ဖြစ်ချင်သလိုဖြစ်ခွင့်ရဖို့ ကြိုးစားရုန်းကန်ရတာ တော်တော်ပင်ပန်းတယ်"

မေပျို ဘာကိုဆိုလိုနေသလဲဆိုတာ ငွေကြယ်နားမလည်။

တကယ်ဆိုလျှင် သူက ဘဝဆုံးတော့မည့် သူတစ်ယောက်ပဲ။

"တို့မောင်ကို တို့လိုမပင်ပန်း မခက်ခဲစေချင်ဘူး၊ အဲဒါကြောင့်သူ့ဘဝကို မြှင့်တင်ပေးချင်တယ်၊ လောကကြီးထဲမှာ တို့မရှိတော့ရင် တို့မောင်ကတို့ကို အမြဲသတိရနေစေချင်တယ်၊ တို့မောင်ဘဝ ပြီးပြည့်စုံတာကို မြင်သွားစေချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"တကယ်လို့ သူက ငြင်းရင်ရော"

ငွေကြယ့်အမေးကြောင့် မေပျို ခက်ထန်သောအကြည့်ဖြင့် ဖျတ်ခနဲကြည့်ပြီး. . .

"ဒီမေးခွန်းမျိုး နောက်ဘယ်တော့မှ မမေးပါနဲ့ လဝန်း. . အဲဒါ မေးသင့်တဲ့မေးခွန်း မဟုတ်ဘူး"

ကိုယ့်မေးခွန်းက သူ့ကို ဆတ်ဆတ်ခါ နာကျင်သွားစေသည် ထင်၏။

အမှန်ဆို မေးသင့်ရုံတင် မဟုတ်ဘူး၊ တားမြစ်ကန့်ကွက်ခွင့်ပါ ရှိတယ်ဆိုတာ သူမှမသိတာ။

သိခဲ့လျှင်ရော။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၉)

"ဟာ အဓိပ္ပါယ်မရှိတာ၊ သူ့ကို လက်ထပ်ရအောင် မောင်က အရူးလား"

ဒေါသကြောင့် အသံအနည်းငယ် ကျယ်သွားသည်မို့ ငွေကြယ် ပျိုတို့မောင်ပါးစပ်ကို အတင်းလိုက်ပိတ်ပြီး. . .

"မောင် သတိထားပါဦး၊ ဒါ. . ငွေကြယ့်အခန်းနော်၊ ဟိုဘက် အခန်းကနေကြားသွားရင် အားလုံးမိုးမီးလောင်ကုန်မယ်"

ပါးစပ်ပိတ်ခံထားရသောကြောင့် ငွေကြယ့်လက်ကို အတင်း ဆွဲဖယ်ရင်း. . .



www.burmeseclassic.com

www.burmeseclassic.com



"ကြားပါစေကွာ၊ ဒီသောက်ခြောက်မ လူကို သူခြယ်လှယ်ချင်သလို ခြယ်လှယ်မှာကိုတော့ လုံးဝသည်းမခံနိုင်ဘူး"

"မောင် ငွေကြယ်တောင်းပန်ပါတယ် မောင်ရယ်၊ ငွေကြယ်တို့ ရည်မှန်းချက် မပြည့်မချင်း ခဏတော့ သည်းခံပေးပါ မောင်ရယ်၊ ငွေကြယ် ဒီလိုဘဝမျိုးနဲ့ ရင်းနှီးထားခဲ့ရတာ မောင်အသိဆုံးပါ၊ ကြိုးစားထားသမျှ သဲထဲရေသွန် မဖြစ်ပါစေနဲ့"

"ဒါဆို မောင်က သူလက်ထပ်မယ်ဆိုတာကို ခေါင်းညိတ်နာခံရမှာလားကွ"

"အဲလိုလည်း မဟုတ်ဘူးလေ၊ အချိန်ဆွဲထားသင့်သလောက်ဆွဲထားလည်း ရပါတယ်၊ နောက်ပြီး သူက လောကကြီးထဲက ထွက်သွားတော့မယ့် လူတစ်ယောက်၊ သူ့စိတ်ဆန္ဒကို ဖြည့်ဆည်းပေးလိုက်လို့ မောင် နစ်နာသွားမှာမှ မဟုတ်တာကွယ်"

"ဘာ. . ဒါဆိုရင် မောင်က ဒီအခြောက်မနဲ့ လက်ထပ်ရမှာလား. . ဟမ်. ."

"အဲ. . အဲလိုလည်း မဆိုလိုပါဘူး၊ အခြေအနေကို စောင့်ကြည့်ပြီး အလိုက်အထိုက်လေး နေဖို့ပါ"

တိုးသဲ့သဲ့ အသနားခံ တောင်းပန်နေသော ငွေကြယ့်ကိုကြည့်ပြီး ပိုျတို့မောင် ဒေါသကို အနည်းငယ်လျှော့လိုက်သည်။ ငွေကြယ့်မှာ ရည်ရွယ်ချက်ရှိသလို ကိုယ့်မှာလည်း ရှိတာပဲ။

"လဝန်း. . လဝန်းရေ. ."

တစ်ဖက်ခန်းမှ လှမ်းခေါ်နေသော မေပျို့အသံကြောင့် ငွေကြယ် လန့်သွားသည်။

"ဟောတော်. . ကြည့်စမ်း ည နှစ်နာရီတောင် ထိုးတော့မယ်၊ မအိပ်သေးဘူးလား မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



လေသံမျှသောအသံဖြင့် ပြောနေသည့် ငွေကြယ်ကို တိတ်တိတ်နေဖို့ ပျိုတို့မောင် အချက်ပြလိုက်သည်။

"လစန်း မင်းမအိပ်သေးတာ ငါသိတယ်၊ ဒီဘက်အခန်းကို ခဏကူးခဲ့စမ်းပါ"

"ဟော့တော် ဘယ်လိုလုပ်ကြမလဲ၊ ဟုတ်. . လာပါပြီ မမ"

"ခဏနေဦးနော် မောင်. . ထွက်မလာနဲ့ဦး၊ မောင်ရှိတာ သိနေလို့များလား"

ငွေကြယ် အခန်းထဲမှ လှစ်ခနဲ ထွက်သွားသည်။

ပျိုတို့မောင် စိတ်ပျက်စွာဖြင့် တစ်ယောက်ထဲကျန်ခဲ့သည်။

ဒီအခြောက်မ ညညတွေမှာ ဘာလို့မအိပ်တာလဲ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၃၀)

"မမ လဝန်းကို ဘာခိုင်းစရာ ရှိလို့လဲ"

ခုတင်ထက်တွင် မေပျို လှဲအိပ်နေသည်။ လဝန်း အခန်းထဲ ဝင်လာတော့ သူ့နားလာဖို့ လက်ယပ်ခေါ်သည်။

မေပျို့ပုံစံက ဝေဒနာတစ်ခုခုကို ခံစားနေရပုံ ပေါက်နေသည်။

"မမ နေမကောင်းဘူးလား"

"ဟုတ်တယ်၊ ငါ သိပ်နေမကောင်းဘူး၊ ညညအိပ်မပျော်ဘူး"

"အိပ်ဆေး သောက်ကြည့်ပါလား"

"တို့များကျတော့ ပြောတယ်၊ ညည်းကျတော့ရော ဒီထိ မအိပ်



www.burmeseclassic.com

www.burmeseclassic.com



သေးဘူးလား၊ ဖုန်းပြောနေတာလား စကားပြောသံကြားတယ်"

"ဩော်. . အင်း. . ဟုတ်. . ဟုတ်တယ်၊ မမ လဝန်းဖုန်းပြောနေတာ လဝန်းဘာလုပ်ပေးရမလဲ မမ"

"ငါနဲ့ စကားပြောပေး"

"ရှင်. ."

"ဘာလဲ ညည်းလေး အိပ်ချင်ပြီလား၊ ဟိုဟာမတွေကို သွားနှိုးလဲ ကုလားသေ ကုလားမော အိပ်နေတာနဲ့ မနှိုးတော့တာ၊ နောက်ပြီး ညည်းကို ငါ ပေးစရာရှိလို့"

ခုတင်ဘေး စာကြည့်စားပွဲပေါ်တွင် တင်ထားသော ဖိုင်တွဲတစ်ထပ်ကြီးကို မေးဆတ်ပြသည်။

"အဲဒီထဲက ဟာတွေက ငါ့ဘဝကို ဒီလိုအခြေအနေဖြစ်အောင် တွန်းပို့ခဲ့တဲ့ အလှဖန်တီးရှင်တစ်ယောက် တတ်သင့်တတ်အပ်တဲ့ ပညာရပ်တွေပဲ၊ ငါ့တပည့်တွေထဲမှာ ညည်းလေးကပဲ ကံထူးတာလား၊ ဒါမှမဟုတ် ညည်းကို ငါသင်ပေးချိန် သိပ်မရှိတော့လို့ပဲလားတော့ မသိဘူး၊ တပည့်တွေထဲမှာ ညည်းလေးကိုပေးဖို့ ဆန္ဒရှိခဲ့တယ်"

ငွေကြယ် ဝမ်းသာသွားသည်။ ငွေကြယ့်ဆန္ဒတွေ ပြည့်ဖို့အတွက် ဒီမှတ်တမ်းတွေရတာပဲဟု. . စိတ်ထဲမှ မေပျို့ကို ပြောမပြနိုင်လောက်အောင် ကျေးဇူးတွေတင်မိသည်။

"ကျေးဇူးတင်လိုက်တာ မမမေပျို့ရယ်"

ဝမ်းသာကြည်နူးမှုက ချစ်သူကိုပင် တဒင်္ဂမေ့သွားသလိုပင်၊ ရက်ပိုင်းအတွင်းမှာပင် မျက်နှာတွေကျသွားသော မမမေပျို့ကို သနားဂရုဏာသက်စွာ ကြည့်လိုက်သည်၊ ရင်ထဲမှာမကောင်း။

ယောက်ျားတစ်ယောက် ဖြစ်လျက်နှင့် သဘာဝကို ဆန့်ကျင်ပြီး ဒီလိုဘဝမျိုးနှင့် ရှင်သန်နေထိုင်နေပေမယ့် စိတ်စေတနာဖြူစင်သည့်



www.burmeseclassic.com

www.burmeseclassic.com


မမမေပျို့ကို လောကကြီးထဲက စောစီးစွာ မထွက်သွားစေချင်သေးပါ။

"မမ နေသိပ်ကောင်းပုံမပေါ်ဘူး၊ အိပ်လိုက်ပါလားဟင်. ."

"အိပ်ချင်တာပေါ့ အိပ်လို့မှ မရတာ၊ ဒါကြောင့် ညည်းလေးကို ခေါ်လိုက်တာ၊ ငါနဲ့ အဖော်လုပ်ပေး၊ ငါတို့မောင်အကြောင်းတွေကို ပြောပြမယ်၊ ညည်းလေးနားထောင်"

"ဟုတ်. . ဟုတ်ကဲ့. . မမ"

"သူက ချောတယ် မဟုတ်လား"

"ဟုတ်ကဲ့ ချောပါတယ်"

"ငါ သူ့ကို ရန်ကုန်ခေါ်လာပေးပြီးနောက်ပိုင်း ငါ့အိမ်မှာ နေစေချင်ခဲ့တယ်၊ အဲဒါ ဘာဖြစ်လို့လဲ သိလား"

"မမ သူ့ကို ချစ်လို့ပေါ့"

ကိုယ့်ချစ်သူ တစ်ယောက်အကြောင်းကို အခြောက်မတစ်ယောက် စိတ်ချမ်းသာဖို့ လိုက်လျောပြောဆိုပေးနေရသည်မှာ နည်းနည်းတော့ ဟာသဆန်ချင်သည်။

ရင်ထဲမှာ မနာလို ဝန်တိုစိတ် မဖြစ်မိ။

"ချစ်ရုံတင် မဟုတ်ဘူး၊ သူ့ဘဝကို ဒီ့ထက် မြင့်မားစေချင်တယ်၊ ဒါကြောင့် သူ့ကို မင်းသား တင်ပေးမလို့၊ ရုပ်ရှင်လောကထဲက ဒါရိုက်တာတွေ တော်တော်များများက ငါနဲ့ ရင်းနှီးကြတာပဲ၊ ငါသာငွေအကုန်အကျခံပြီး သူ့ကို မင်းသားတင်ရိုက်မယ်ဆိုရင် ဘယ်သူမှငြင်းမှာ မဟုတ်ဘူး"

မောင့်အတွက် ရည်မှန်းချက်တွေ ကြီးပေးနေသော မေပျို့ကို ကြည့်ပြီး ရင်ထဲမှာ ပျော်သလိုလို ဝမ်းနည်းသလိုလို ဖြစ်လာသည်။

မောင်က တော်တော်ကံကောင်းသည့် လူတစ်ယောက်လားဟုတွေးပြီး မောင့်ကံကြမ္မာအတွက် စိတ်အေးမိသည်။


www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် သူက ခေါင်းမာတယ်၊ ငါကပဲ အမြဲအလျှော့ပေးရတယ်၊ အဟင်း သားချောနဲ့ တစ်ပုံစံတည်း၊ ဒါကြောင့် ချစ်တာအေ့. ."

နွမ်းနယ်နေသော မျက်နှာပေါ်မှ အပြုံးတို့ ရိပ်ကနဲ ပြန်ပေါ်လာသည်။

အင်းလေ. . သူတို့မှာလည်းပဲ ခံစားတတ်တဲ့ နှလုံးသား ရှိနေတာပဲ၊ ချစ်တတ်တာ ဆန်းမှုမဆန်းတာ။

"သူက အနုပညာ ဝါသနာပါပုံမလား"

"လူတိုင်းလူတိုင်း အောင်မြင်မှုကို မက်မောကြတာပဲ၊ ဒါပေမယ့် ဒါ တို့ရဲ့ဆန္ဒပါ။ အဲဒီဆန္ဒကို ဆက်ပြီး အကောင်အထည် ဖော်နိုင်ဖို့ဆိုတာ ကံကြမ္မာပေါ် မူတည်တယ်"

မေပျိုပြောတာကို နားထောင်ရင်း ငွေကြယ် တစ်ချက် သမ်းဝေလိုက်သည်။

"အိပ်ချင်ပြီလား၊ သွားအိပ်တော့လေ"

"ရပါတယ် မမ"

"သွားပါ အိပ်လိုက်တော့၊ မနက်ဖြန် မင်းသမီး မေဂျူလိုင်ကို မမအစား မင်းသွားပြင်ပေးရဦးမှာ မဟုတ်လား၊ သွား. . သွား. . မမလည်း ခဏမှေးလိုက်ဦးမယ်၊ အိပ်ပျော်လိုပျော်ငြားပေါ့"

ပြောပြီး ခုတင်တစ်ဖက်ကို လှည့်စောင်းပြီး အိပ်လိုက်သည်။ အလိုက်သိသော ငွေကြယ်မှာ ခြေရင်းမှ စောင်ပါးလေးကို ဆွဲယူပြီး ကိုယ်ပေါ် ခြုံပေးလိုက်သည်။

"ဒါဆို လဝန်းသွားအိပ်လိုက်ဦးမယ်၊ လိုတာရှိရင် လှမ်းခေါ်နော် မမ"

"အေးပါဟယ်. ."

မမမေပျို အခန်းထဲမှ ငွေကြယ် ထွက်ခဲ့လိုက်သည်။ လူမသိ



www.burmeseclassic.com

www.burmeseclassic.com



သူမသိ ခပ်တိတ်တိတ် ဆေးကုသမှု ခံယူနေသော မမမေပျို၏ ရောဂါအခြေအနေသည် အဆိုးဝါးဆုံးအခြေအနေရောက်ဖို့ လက်တစ်ကမ်းအခြေအနေလောက်ပင် လိုတော့သည်။

လက်ထဲမှ ဖိုင်တွဲတစ်ထပ်ကြီးကို ငုံ့ကြည့်ပြီး ရင်ထဲမှာ ဝမ်းနည်းဝမ်းသာ ခံစားမှုကြီးက တင်းကျပ်နေသည်။

ပညာရှင်တစ်ယောက် လောကကြီးထဲက ထွက်သွားဖို့ သိပ်ကို စောလွန်းနေပါသေးသည်။

သို့သော် သေခြင်းတရားဆိုတာ ရှောင်လွဲ၍မရသော အရာတစ်ခုဆိုတာ ငွေကြယ်နားလည်ပါသည်။ ကိုယ့်ကျေးဇူးရှင်တစ်ယောက် ဖြစ်နေသည့်အတွက် ကိုယ့်သွေးသားအရင်းလို ဂရုတစိုက် ပြုစုစောင့်ရှောက်ပေးဖို့ စိတ်ထဲမှာ ခိုင်ခိုင်မာမာ ဆုံးဖြတ်လိုက်သည်။

ခုချိန်မှာ ကျေးဇူးပြန်ဆပ်နိုင်သည့်နည်းက အနားကနေ မျက်ခြေမပြတ် ပြုစုစောင့်ရှောက်ပေးဖို့ပင် ဖြစ်သည်။

မောင့်ကိုလည်း ပြောရမည်။

မမမေပျို၏ဆန္ဒကို လက်ခံပေးဖို့. . .။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၃၁)

"မတရားဘူး၊ မမမေပျို လုံးဝကို မတရားဘူး"

တပည့်ရင်းတွေ ဖြစ်ကြသော ချယ်ချယ်တို့အုပ်စု မကျေမနပ်ဖြစ်နေကြသည်။ နှုတ်ခမ်းတစ်လန် ပန်းတစ်လန်နှင့် ရှိုးမယ်ဖွဲ့ အပြစ်ဆိုနေကြ၏။

"အေးလေ. . နောက်မှပေါက်တဲ့ ရွှေကြာပင်ကိုတော့ ပညာကုန်ပေးရတာနဲ့ လင်တော်ရမှာနဲ့၊ ငါတို့က သူ နာမည်မကြီးခင်ကတည်းက ဒုက္ခအတူခံလာရတဲ့ ရဲဘော်ရဲဘက်တွေပါ"

"အေးဟယ်. . တို့တော့ လုံးဝကို လက်မခံနိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေါ့ ဘယ်လက်ခံလို့ ဖြစ်မလဲ၊ ပွဲက မျှမှမမျှတာ ဒီအတိုင်း ငြိမ်မနေဘူး၊ ပြောကို ပြောရမယ်"

တစ်ယောက်တစ်ပေါက် ပြောဆိုနေကြစဉ် မေပို့ရောက်လာသည်။

"ဘာကို ပြောကြမှာလဲ၊ ဘာတွေက မတရားနေတာလဲ"

အားလုံး မီးကို ရေနဲ့ ငြိမ်းလိုက်သလို ရှဲခနဲ ငြိမ်ကျသွားသည်။

"ငါမေးနေတယ် ပြောကြလေ ကောင်မတွေရဲ့"

ဒေါသတကြီး အော်ဟစ်လိုက်သော မေပို့အမေးကြောင့် ချယ်ချယ်ကစတင်၍. . .

"လဝန်းကို ချယ်ချယ်တို့ထက် နေရာပိုပေးနေတာကို လုံးဝမကျေနပ်ဘူး. . မမ"

"ဟုတ်တယ် လဝန်းနဲ့ မမရဲ့တို့မောင်တို့ မရိုးသားကြဘူး"

"ဘာ. . ဘာတွေ လာပြောနေကြတာလဲ၊ လဝန်းကို တို့မောင်နဲ့ ထင်နေကြတာလား၊ ဟမ်. . မသိရင်မှတ်ထား၊ တို့မောင်က ငါနဲ့ လက်ထပ်မယ့် သတို့သားလောင်း၊ လဝန်းနဲ့ ပတ်သက်စရာ ဘာအကြောင်းမှ မရှိဘူး"

ချယ်ချယ်တို့အုပ်စု မဲ့လိုက်ကြသည်။ မယုံရင်လည်း မပြောရုံပေါ့။

လဝန်းက အခြောက်မသာဆိုတယ်၊ မိန်းကလေးလို ဟန်ပန်မျိုးကို အမိအရ ဖမ်းဆုပ်နိုင်သူ ဒါကို တို့မောင်မျက်စိကျနေတာ အားလုံးရိပ်မိသည်။

"ငါ လဝန်းကို ပစားပေးချင်လောက်အောင် လဝန်းက ငါ့ကို ခရုစိုက်တယ်၊ ငါ ကျန်းမာရေးမကောင်းတဲ့အချိန်မှာ ငါ့ကို ဒန်းကပ်ပြုစုတဲ့သူက လဝန်းဖြစ်နေလို့ပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အို. . ဒါကတော့ မမမှာရှိတဲ့ ရောဂါအခြေအမြစ်ကို သူမှ မသိတာ၊ ဒါကြောင့် မမကို ဖားပြီးပြုစုနေတာ"

"ဘာ. ."

မေပျို့မျက်နှာ ညိုမှောင်သွားသည်။ ဘာပြန်ပြောရမှန်း မသိအောင် နှုတ်တွေဆွံ့အနေစဉ်. . .

"မမမေပျို ဘာရောဂါဖြစ်နေတယ်ဆိုတာ လဝန်းသိတယ်ချယ်ချယ်"

ဘယ်အချိန်ကတည်းက ရောက်နေသည်မသိသော လဝန်းအသံကြောင့် အားလုံး အခန်းဝကို လှည့်ကြည့်ကြသည်။

"ဟင်. ."

"ဘယ်လို ဒါဆို မမဘာရောဂါဖြစ်နေတယ်ဆိုတာကို လဝန်းသိနေတယ်ပေါ့. . ဟုတ်လား"

"ဟုတ်ကဲ့ လဝန်းသိနေတယ်၊ ဒီအချိန်မှာ မမ ဘာရောဂါဆိုးကြီးရှိနေနေ လဝန်းမှာ ပြုစုဖို့ ဝတ္တရားရှိတယ်၊ ဘာဖြစ်လို့လဲ ဆိုတော့ မမက လဝန်းရဲ့ကျေးဇူးရှင် ဖြစ်နေလို့ပဲ"

"ဘုရားရေ. . ဒါ. . ဒါဆို ငါ. . ငါ. . HIV ဖြစ်နေတာကို တို့မောင်ရော သိလား၊ သူ. . သူ သိလို့မဖြစ်ဘူး၊ သူသိရင် ငါ့ကို သူ လက်ထပ်မှာ မဟုတ်ဘူး"

ဒီတစ်ခါ တုန်လှုပ်ရသူက မေပျိုဖြစ်သည်။

"မမ မပြောပြဘဲနဲ့ သူ ဘယ်လိုသိမှာလဲ၊ လဝန်းကတော့ ပြောပြစရာ အကြောင်းမရှိဘူးလေ"

"မပြောနဲ့ လုံးဝသိလို့ မဖြစ်ဘူး၊ သိရင် ငါ့နားမှာ သူနေတော့မှာ မဟုတ်ဘူး"

"စိတ်ချပါ မမ၊ သူ လုံးဝမသိစေရပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



သွေးရူးသွေးတန်းဖြစ်နေသော မေပို့ကို လဝန်းနှစ်သိမ့်လိုက်သည်။

"ငါက သေလူ၊ ငါမသေခင်မှာ ငါ့စွဲလန်းတဲ့သူတစ်ယောက် ငါ့ဘေးက ထွက်သွားရင် ငါအဓိပ္ပါယ်မဲ့ပြီး တစ်ယောက်ထဲမသေဘူး။ ငါ့ချစ်သူ ငါ့လက်ပေါ်မှာပဲ သေခဲ့သလို ငါကလည်း တို့မောင်လက်ပေါ်မှာပဲ သေမယ်"

စိတ်ဓါတ်တွေပြင်းထန်လွန်းသော မေပို့ကိုကြည့်ပြီး တို့မောင်တစ်ယောက် မေပို့မှာ HIV ရှိတာ မသိပါစေနဲ့ဟုပဲ ဆု တောင်းကြရမှာပင်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၃၂)

"ဘာပြောတယ် မေပျို့နဲ့မောင်က ဟန်ဆောင်လက်ထပ်ရမယ် ဟုတ်လား"

"ဟုတ်တယ်မောင်၊ တကယ်ဆို မမက လောကကြီးထဲမှာ သိပ်ပြီးကြာကြာမနေရတော့ဘူး"

"အဲဒါ သူ့ကံကြမ္မာလေ. . ငွေကြယ်ရဲ့ မောင်နဲ့ဘာဆိုင်လဲ၊ မောင်က ငွေကြယ့်ချစ်သူပါ၊ ငွေကြယ် ဒီလိုစကားမျိုး ပြောထွက်ရတ်တာကို အံ့ဩတယ်"

"မအံ့ဩနဲ့မောင်၊ ငွေကြယ်တို့ ချစ်သူနှစ်ဦး သေ[illegible]နိုးလူတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ရဲ့ဆန္ဒကို ဝိုင်းဝန်းပြီး ဖြည့်ဆည်းကြရအောင် ကူသိုလ်ရပါတယ် မောင်"

ဘာခံစားချက်မှမပါဘဲ ဖြောင့်နေသော ငွေကြယ်၏ စိတ်ဓါတ်ကို ပျိုတို့မောင် ဘယ်လိုမှနားမလည်နိုင်။

ပျိုတို့မောင်ကရော အခြောက်မတစ်ယောက်ကို လူသိရှင်ကြားလက်ထပ်ပြီး ကိုယ့်ဘဝရဲ့ အညွန့်ကို ကိုယ်ကိုယ်တိုင် ချိုးရမှာလား၊ ဒါဟာ လုံးဝအဓိပ္ပါယ်မရှိသည့်လုပ်ရပ်၊ ငွေကြယ် သက်သက်မဲ့ အရူးထသည်ဟုပဲ အပြစ်တင်မိတော့သည်။

"ငွေကြယ် မင်းလုပ်ရပ်က လုံးဝ အဓိပ္ပါယ်မရှိဘူးကွာ"

"ဟုတ်တယ်မောင်၊ ဒါဟာ မောင်နဲ့ ငွေကြယ်တို့ရဲ့ ရှေ့ရေးအတွက်ရော နောက်ပြီး မမမေပျိုကိုရော ကျေးဇူးဆပ်ရာ ရောက်အောင်ပါ မောင်ရယ်၊ ငွေကြယ် တောင်းပန်ပါတယ်နော်၊ မနက်ဖြန်ကျရင် မောင့်ဆီက သူ လက်ထပ်ခွင့်တောင်းလိမ့်မယ်၊ လက်ထပ်စာချုပ်မှာ ဟန်ဆောင်လက်မှတ်ထိုးပေးလိုက်ရုံနဲ့ မောင့်အတွက် ဘာမှအပန်းကြီးမသွားပါဘူး"

"ဘာ. . ဒါဆိုရင် မောင်က ဟန်ဆောင်လက်ထပ်ပြီး သူနဲ့အတူအိပ်လည်း ဘာမှမဖြစ်ဘူးလား"

အရွဲ့တိုက်မေးလိုက်သော အမေးကြောင့် ငွေကြယ် ခစ်ခနဲရယ်ကာ

"အတူအိပ်တော့ရော ဘာဖြစ်မှာလဲ၊ သူကလည်း မောင်နဲ့လက်ထပ်ချင်ရုံလေးပါ၊ အဲဒီကဏ္ဍတွေအထိ သူ အရောက်မခံပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ သူ့ရောဂါတွေ မောင့်ဆီကို အကူးမခံချင်လို့ပေါ့"

"သိလှချည်လား"

"သိတာပေါ့၊ သူက ငွေကြယ့်ကို အကုန်ပြောပြထားလို့လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ . ."

"ဟုတ်တယ်၊ သူက သေရင် မောင့်လက်ပေါ်မှာ သေချင်ရှာ လေးပါ၊ မောင့်ဆီက ဘာမှထပ်ပြီး တောင်းဆိုတော့မှာ မဟုတ်ပါဘူး"

"ဒါပေမယ့်ကွာ၊ ဒီလောက်ပိန်လှီလာတဲ့ အခြောက်မကို မောင်က သိသိကြီးနဲ့လက်ထပ်လို့ လူတွေကမောင့်ကို အထင်သေးကြမှာပေ့ါ"

"ဘယ်သူမှ မသိစေရပါဘူးမောင်၊ အားလုံးကလည်း သူ့ရဲ့ နောက်ဆုံးထွက်သက် ဖြောင့်ဖြူးအောင် မောင်ကူညီလိုက်တယ်လို့ပဲ ယူဆကြမှာပါ၊ အဲဒီအကျိုးကို မောင် မတန်တဆ ပြန်ခံစားရမှာပါ မောင်ရယ်"

"မောင် ဘာအကျိုးမှ မမျှော်ကိုးဘူး"

"သိပါတယ် ငွေကြယ့်ရဲ့ချစ်သူက သိပ်ပြီး ဖြူစင်ရိုးသားတဲ့ ယောကျ်ားတစ်ယောက်ဆိုတာ"

ချစ်သူ၏ရင်ခွင်မှာတိုးဝင်ပြီး မေပျို့ကို လက်ထပ်ဖို့အရေး ချွေး သိပ်ပေးရသည်။

နောက်ဆုံး ပျိုတို့မောင် ခါးခါးသီးသီး မငြင်းရက်တော့။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၃၃)

"အောင်မလေး ဝမ်းသာလိုက်တာ တို့မောင်ရယ်၊ သေပျော်ပြီ၊ တို့မောင်ကို လက်ထပ်ခွင့်ရတာနဲ့တင် သေပျော်ပါပြီကွယ်"

ဆွေ့ဆွေ့ခုန်မတတ် ဝမ်းသာနေသော မေပျို့ကိုကြည့်ပြီး ဖိုးတို့မောင် ရင်ထဲမှာ အီလည်လည်ကြီး ခံစားနေရသည်။

"ရော့. . လက်မှတ်ထိုး. ."

"ဟမ်. . ဘာ. . ဘာအတွက်လဲ"

"ဟယ်. . ကြည့်. . လက်ထပ်ပါတယ်ဆိုမှတော့ လက်ထပ်စာချုပ်မှာ လက်မှတ်ထိုးရမှာပေါ့လို့၊ မိန်းကလေးကစပြီး အဲသေးစိတ်



www.burmeseclassic.com

www.burmeseclassic.com



ရှင်းပြနေရတာ ရှက်လာပြီ"

ငါးခြောက်ပြားမျက်နှာနှင့် ရှက်ပြနေသော မေပျို့ကိုကြည့်ပြီး ပျိုတို့မောင် ခေါင်းကို စုံကုတ်လိုက်သည်။

"ထိုးလေ. . ထိုးပါ၊ တို့မောင်ရဲ့ ဒီလက်ထပ်စာချုပ်ကလေ တို့မောင် ဒီအိမ်ပေါ်ရောက်ကတည်းက တို့ရဲ့ရှေ့နေနဲ့ ကြိုပြီးစီစဥ်ထားတာ တို့ကတော့ တရားဝင်လက်မှတ်ထိုးပြီးတာ ကြာလှပေါ့"

ဗုဒ္ဓေါဟု စိတ်ထဲက တလိုက်သည်။ အခြောက်တွေနှင့်မှ ကံပါလာသော ကိုယ့်ကိုယ်ကိုယ် ဟာသလုပ်ပြီး ထိုင်ရယ်ပစ်လိုက်ချင်သည်။

"ထိုးလိုက်ပါ တို့မောင်ရယ်၊ မေပျို့ကို လက်ထပ်လိုက်လို့ တို့မောင်ဘဝ မနစ်မွန်းစေရပါဘူး၊ မေပျို သေသွားခဲ့ရင် တို့မောင် လက်ပေါ်မှာ သေခွင့်ရဖို့ အတွက်လေးပါပဲ၊ ကျန်တာ ဘာမှမပတ်သက်စေရပါဘူး"

မျက်ရည်ဝဲကာ မျက်တောင်တို့ ပုတ်ခတ်ပုတ်ခတ်လုပ်နေသော မေပျို့ကိုကြည့်ပြီး ပျိုတို့မောင် စိတ်မကောင်းဖြစ်လာသည်။ ငွေကြယ်က အခန်းဝကနေ မသိမသာရပ်ကြည့်ကာ လက်မှတ်ထိုးလိုက်ဖို့ မျက်ရိပ်မျက်ကဲ လှမ်းပြနေသည်။

"မေပျို့ကို တို့မောင်မချစ်မှန်း မေပျိုသိပါတယ်၊ မေပျို့ဘက်ကသာ တို့မောင်ဆီက အချစ်မလာပဲ အမုန်းတွေ စိတ်ပျက်မှုတွေနဲ့ အထင်သေး စက်ဆုပ်ခြင်းတွေပဲ လာမယ်ဆိုရင်လည်း မေပျို ကျေနပ်ပါတယ်၊ တို့မောင်နဲ့ ပတ်သက်ပြီး ဘာလာလာကြိုက်တဲ့ အတန်းအစားမျိုးမို့ မချစ်သော်လည်း အောင့်ကာနမ်းပေးပါနော်"

"ဘာ. . နမ်း. . နမ်းပေးရမယ်ဟုတ်လား"

"သဘောပြောတာပါ မောင်ရယ်"

ထိုအဆင့်အထိတော့ ပျိုတို့မောင် မလိုက်လျောနိုင်ပါ၊ လက်



www.burmeseclassic.com

www.burmeseclassic.com



ထပ်စာချုပ်မှာ လက်မှတ်လေး ထိုးပေးပြီး သူ သေပေါက်သေဝ ရောက်သည့်အချိန်တွင် အသက်ငင်နေသည့် ခန္ဓာကိုယ်ကို ဖေးကူမပြီး သူ့ဆန္ဒတွေကို ဖြည့်ဆည်းပေးရုံလေးကိုပဲ လုပ်ပေးနိုင်ပါမည်။

ထို့ကြောင့် သတို့သမီးဘက်က အဆင်သင့်ထိုးပြီးသား လက်ထပ်စာချုပ်ပေါ်မှာ လက်တုန်တုန်ဖြင့်ပင် လက်မှတ်ထိုးပေးလိုက်ရသည့် အဖြစ်ရယ်ပါ။

လက်ထပ်စာချုပ်မှာ လက်မှတ်ထိုးပြီးသည်နှင့် ပျိုတို့မောင်ရင်ခွင်ထဲသို့ မေပျို ပြေးဝင်ဖက်တွယ်ကာ. . .

"ကျေးဇူးတင်လိုက်တာ ယောက်ျားရယ်"

ခေါ်ဝေါ်လိုက်သည့် အသုံးအနှုန်းကြောင့် ခေါင်းမှဆံပင်မွှေးတွေသည် မိုးကြိုးစက်ကွင်းမလွတ်သည့်နှယ် ထောင်ထသွားသလားပင် ထင်ရ၏။

ကြားရတာ နားထဲမှာ ခြောက်အက်အက်ကြီးနှင့် အူလှိုက်သည်းလှိုက် ရယ်ချင်စရာ. .

"ယောက်ျားရယ်တဲ့လား. . ."

အင်းပေါ့လေ၊ ကိုယ်က သူ့ယောက်ျားဖြစ်သွားပြီပဲ။

ကိုယ့်လုပ်ရပ်ကို မှားသလား၊ မှန်သလားတောင် ထပ်ပြီးမဆန်းစစ်ချင်တော့။

ရှိစေတော့. . ရှိပါစေတော့ပေါ့. . .။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၃၄)

"ရော့ . . ဒီပစ္စည်းတွေကို ညည်းတို့အတွက် ငါ အပိုင်ပေးတာ"

ယွန်းသေတ္တာလေးထဲမှ လက်ဝတ်လက်စားတွေကို ချယ်ချယ်တို့ အဖွဲ့ကို ခွဲဝေယူဖို့ ပေးလိုက်သည်။

သူ့အတွက် ဒါတွေမှ မလိုတော့တာ၊ ဒါတွေကို ဖက်တွယ်နေတော့ရော မေပျိုသေရင် မေပျိုနှင့်အတူ ယူသွားလို့မှ မရတာ။

"ချယ်ချယ်တို့ မယူရက်ပါဘူး"

"ဟဲ့ . မယူလို့ ရမလား၊ ငါ့မှာ ပေးစရာဆိုလို့ ငါ့ဟာပည့်တွေပဲ



www.burmeseclassic.com

www.burmeseclassic.com



ရှိတဲ့ဟာ ငါ မရှိတော့ရင် ငါ့အဝတ်အစားတွေကို ဝတ်ရဲသုံးရဲကြတယ် ဆို ခွဲဝေယူကြ၊ အဝေမတည့်လို့ နပန်းလုံးမနေကြနဲ့ဦး၊ နင်တို့ကြောင့် Laurel မေပျို့ရဲ့ တပည့်တွေ သူမ ကျန်ခဲ့သည့်ပစ္စည်းတွေ လုကြရင်းနဲ့ နပန်းလုံးကြတယ်ဆိုပြီး ဂျာနယ်ထဲပါကုန်ဦးမယ်၊ တမလွန်ကို ငါသိက္ခာ ရှိရှိ သွားပါရစေ၊ ကြားလား"

ဒရင်းဘက်ပေါ်တွင် ခပ်ယဲ့ယဲ့လှဲနေရင်း တစ်လုံးချင်း မှာကြားနေသော မေပျို့စကားကြောင့် အားလုံး နှာခေါင်းလေးတွေ ကိုယ်စီရဲကာ မျက်ရည်တွေ ဝေ့နေကြသည်။ ငိုချင်စိတ်ကို မနည်း ထိန်းနေကြရပုံပင်။ လဝန်း အခန်းထဲဝင်လာသည်။

"မမ. . ဆရာဝန် ရောက်ပါပြီ"

"တို့မောင်ရော"

"ပါလာပါတယ်"

"ကဲ. . သွားကြတော့ သွားကြတော့၊ လုပ်စရာရှိတာ သွားလုပ်ကြတော့"

တပည့်တွေ အခန်းထဲမှ ထွက်သွားကြသည်။ လဝန်း လိုအပ်တာတွေ လုပ်ပေးဖို့အတွက် မေပျို့နားတွင် ရပ်နေလိုက်သည်။

အခန်းထဲသို့ ဆရာဝန်နှင့် ပျိုတို့မောင် ဝင်လာသည်။

"ဘယ်လိုလဲ ဒီနေ့ရော နေသာရဲ့လား"

ပြုံးရွှင်စွာမေးလိုက်သော အမေးကြောင့် မေပျို ငေါ်ထွက်စပြုနေသော ပါးရိုးတွေ အနည်းငယ်မြင့်တက်သွားအောင် ရယ်လိုက်ပြီး. .

"ခံစားချက်တွေက ခါတိုင်းနေ့ရက်တွေထက် ဆန်းသစ်နေလို့ ဝေဒနာကို မေ့ထားတယ် ဒေါက်တာ"

"ဟာ. . ကောင်းလိုက်တာဗျာ၊ နေ့တိုင်းမေ့နိုင်အောင်ကြိုးစားနိုင်ရင် ပိုကောင်းမယ်ဗျာ၊ ဒါပေမယ့် ပုံမှန်ထိုးနေကျဆေးတော့ ထိုးရ



www.burmeseclassic.com

www.burmeseclassic.com



လိမ့်မယ်"

"အသက်ရှူ မရပ်မချင်းတော့ ထိုးရမှာပေါ့ ဒေါက်တာရယ်၊ ထိုးပါ"

ဆရာဝန် ပိုျတို့မောင်လက်ထဲမှ ဆေးသေတ္တာကို လှမ်းယူလိုက်သည်။

"တို့မောင် မေပျို့ဘေးမှာ လာထိုင်နေပေးပါဦး"

အသံခပ်ယဲ့ယဲ့ လှမ်းခေါ်သည်မို့ မေပျိုနားတွင် ဝင်ထိုင်လိုက်သည်။ ပိန်လှီနေသော မေပျို့လက်တစ်ဖက်က ပိုျတို့မောင်၏လက်ကို အားကိုးတကြီး ဆုပ်ကိုင်၏။

"ဆေးထိုးရမှာ ကြောက်နေပြီလား၊ ကျုပ်လည်း ထိုးရမှာ အားနာပါတယ်ဗျာ"

လက်အိပ်စွပ်ပြီး ဆေးထိုးအပ် ကိုင်နေပြီမို့ ဆရာဝန် အားနာစွာ ဆိုသည်။

"မေပျို့ဘေးမှာ တို့မောင်ရှိနေပြီမို့ ဆေးထိုးရုံတင်မဟုတ်ပါဘူး ရောဂါကျွမ်းလို့ သေမယ်ဆိုရင်တောင် သေပျော်ပါပြီ"

ဆရာဝန်ရှေ့မှာ အကြီးအကျယ် အိုဗာလုပ်ပြနေသည်မို့ ပိုျတို့မောင် မျက်နှာပူလွန်း၍ ခေါင်းတောင်မဖော်ဝံ့၊ ဆရာဝန်ကတော့ တစ်မျိုးထင်ကာ ပိုျတို့မောင်ကို ပြုံးပြုံးကြီး လှောင်ရယ်နေမလား၊ အခြောက်ကို လက်ထပ်ထားတယ် ဆိုပြီးတော့လေ။

စိတ်ပျက်လွန်း၍ ဒီအခြောက်မ၏ နောက်ဆုံးထွက်သက် ဘယ်နေ့များရောက်မလဲဟု မျှော်ကြည့်မိသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၃၁)

"ငွေကြယ် မောင့်ကို သေတွင်းထဲ ပို့ရက်တယ်"

ထမင်းစားခန်းထဲတွင် လူလစ်သည်နှင့် ပျိုတို့မောင် ဝင်လာပြီး အပြစ်တင်စကားဆိုသည်။

"ဘာကိုလဲ မောင်ရယ်"

မေပျို့အတွက် ငှက်သိုက်ဘူးကို ဖောက်ပြီး လုံးလေးထဲထည့်ရင်း နားမလည်စွာ မော့ကြည့်မေးသည်။

"မေပျို့ရောဂါက AIDS ဆိုတာ သိသိကြီးနဲ့ ကိုယ်နဲ့ လက်ထပ်ခိုင်းလား"



www.burmeseclassic.com

www.burmeseclassic.com



"ဪ . . မောင်ရယ်၊ ဟန်ဆောင်လက်ထပ်ပေးလိုက်တာပဲ တကယ်လက်ထပ်တာ မဟုတ်သလို မောင်နဲ့သူနဲ့ ဘာများပတ်သက်ရလို့ မောင်က သေတွင်းထဲရောက်ရမှာလဲ"

"သူနဲ့ အနီးကပ်နေနေရတယ်လေ၊ မျက်စိအောက်ကကို အပျောက်မခံဘူး၊ သွေးစုပ်ဖုတ်ကောင် ကျနေတာပဲ၊ မောင်တော့ စိတ်ညစ်လာပြီ၊ ငွေကြယ် သူ့ရောဂါက တစ်နေ့တစ်ခြား ဆိုးဝါးလာပြီ၊ ရုပ်လည်းပျက်လာပြီ၊ တစ်နေ့တစ်နေ့ ဒါကြီးကို ထိုင်ကြည့်ပြီး မောင်စိတ်မသက်မသာဖြစ်နေတာ ငွေကြယ်သိလား"

"သေခါနီးလူကို အသေဖြောင့်အောင် သူ့ဆန္ဒတွေဖြည့်ဆည်းပေးတယ်လို့ပဲ သဘောထားပြီး ကုသိုလ်ယူလိုက်ပါလား၊ တကယ်လည်း ကုသိုလ်ရပါတယ် မောင်ရယ်"

ပျို့တို့မောင် စိတ်ပျက်နေခြင်းကို ကိုယ်ချင်းစာစွာ သက်ပြင်းတစ်ချက်ဝှေ့လိုက်ပြီး. . .

"သူ သနားပါတယ်၊ ဒါကြောင့် ငွေကြယ်တောင် အနီးကပ်ပြုစုနေတာပေါ့"

"သူ့ဟာသူ နှံ့ချင်တဲ့သူတွေနဲ့ နှံ့ခဲ့ပြီး တကယ်ဒုက္ခခံရတော့ မောင်နဲ့ငွေကြယ်က ဒုက္ခခံရတယ်၊ ညဆိုလည်း သူက ကောင်းကောင်းမအိပ်ဘူး၊ မောင်ပါ သူ့ဘေးမှာငုတ်တုတ်၊ ဘာတွေပြောမှန်းလည်း မသိဘူး"

"ရောဂါကြောင့် သူ အိပ်မပျော်နေတာပါ"

"မောင့်ဆီကို ငွေကြယ်က လာတောင်မလာဘူး၊ ဒီအခြောက်မကြီးနဲ့ တကယ်လင်မယား ဖြစ်သွားပြီလို့ ထင်သွားပြီလား"

"အဟင်း . . ဟင်း . . ဟင်း"

"မရယ်နဲ့ ဟောဒီပါးကို မနမ်းရတာ ဘယ်လောက်ကြာပြီလဲ"



www.burmeseclassic.com

www.burmeseclassic.com



ငွေကြယ့်ကိုယ်လေးကို နောက်မှ သိမ်းဖက်လိုက်ပြီး နုထင်စပ်မှ ဝဲကျနေသော ဆံစတို့ကို နမ်းရှိုက်လိုက်သည်။

"အမလေး . . ဒါ ဘယ်လိုဖြစ်ကြတာလဲ"

ထမင်းစားခန်းအဝတွင် ဘယ်အချိန်ကတည်းက ရောက်နေသည်မသိသော မေပျို၏ မချိတင်ကဲအသံ ခပ်သဲ့သဲ့ကြောင့် ငွေကြယ့်ကို ဖက်ထားသော လက်အစုံကိုလွှတ်ကာ နှစ်ယောက်သား ရှိုးတိုးရှန့်တန့် ဖြစ်ကုန်ကြသည်။

"မီလဝန်း ညည်းအေ၊ ငါ့လင်ကိုမှ မြူဆွယ်ရက်လား"

ပေါ်တင်ပင် စွတ်စွဲတော့၏။ ငွေကြယ် ဘယ့်လိုဖြေရှင်းချက်ထုတ်ရမှန်းမသိအောင် ခြေမကိုင်မိ လက်မကိုင်မိတွေ ဖြစ်ကုန်သည်။

"မမ ငွေကြယ်၊ အဲ့ . . လဝန်းရှင်းပြပါရစေနော်"

"မရှင်းနဲ့ ညည်းကမိန်းမယုတ်၊ အဲ့ . . အခြောက်ယုတ်မပဲ၊ ငါ့ကျောကို ဓားနဲ့ထိုးတာ၊ ငါ့မှာတော့ ငါ့တပည့်လေး အတော်ဆုံးဆိုပြီး ညည်းရှေ့ရေးအတွက် လုပ်ပေးသင့်တာတွေ လုပ်ပေးဖို့ အမြဲစဉ်းစားတယ်၊ တို့မောင် ရှင်လည်း မေပျို့အပေါ် သစ္စာဖောက်တယ်"

ပြောရင်းဖြင့် မေပျိုငိုသည်။ ကြာကြာမရပ်နိုင်၍ တံခါးဘောင်ကိုမှီကာ ကြမ်းခင်းတွင်လျှောချပြီး ထိုင်ငိုသည်။

မထူးတော့ပြီမို့ ပျိုတို့မောင် အားလုံးဖွင့်ပြောရန် ဆုံးဖြတ်လိုက်သည်။

"ဒီမှာ မေပျို ကျုပ်တို့က ခင်ဗျားထင်သလို ယုတ်မာပြီး သစ္စာဖောက်တဲ့သူတွေ မဟုတ်ဘူး၊ ကျုပ်တို့က ခင်ဗျားရဲ့ဆန္ဒကို ဖြည့်ဆည်းပေးနေကြတာ၊ ဒီမှာ ရှင်းရှင်းပဲပြောမယ်၊ လဝန်းက ခင်ဗျားတို့နဲ့ မျိုးနွယ်တူ အခြောက်မဟုတ်ဘူး၊ ခင်ဗျားဆီက ပညာတွေသင်ချင်လို့ အခြောက်မဟန်ဆောင်ထားရတာ၊ ကျုပ်ရှာချင်တဲ့ ရန်ကုန်ရောက်နေတဲ့ ချစ်သူဆို



www.burmeseclassic.com

www.burmeseclassic.com



တာ သူပဲ၊ ဒီအိမ်မှာ မထင်မှတ်ပဲ တွေ့ကြတယ်၊ ဒါပဲ. . တခြား ဘာကလိန်ကကျစ်မှ မပါဘူး"

"ဘုရားရေ. . ဒါ. . ဒါဆို ရှင်တို့က သူများကွယ်ရာမှာ ခုလို တွေ့နေကြတာပေါ့ ဟုတ်လား၊ အမလေး. . ဒါ အရှုးလုပ် ခံရတာပဲ၊ ယုံကြည်မှုကို အခွင့်အရေး ယူကြတယ်"

"အဲ့လို မထင်ပါနဲ့ မမရယ်၊ လဝန်းလိမ်ခဲ့တာမှန်ပေမယ့် မမတို့ အကျိုးမယုတ်ခဲ့ပါဘူး၊ မမဟာ လဝန်းရဲ့ကျေးဇူးရှင်မို့ လဝန်းလေ မမကို ကိုယ်တိုင်ပြုစုပေးရုံတင်မဟုတ်ဘူး၊ ချစ်သူကိုပါ မမနဲ့ ကြည်ကြည်ဖြူဖြူ လက်ထပ်ခိုင်းခဲ့တာပါ"

"ဟုတ်တယ်. . အခု ခင်ဗျားလည်း အဖြစ်မှန်ကို သိသွားပြီဆိုတော့ ကျုပ်ရောငွေကြယ်ရော ဒီအိမ်ကနေ ထွက်သွားကြတော့မယ်"

ထိုစကားကြောင့် မေပျို အကြီးအကျယ် တုန်လှုပ်သွားကာ. . ဟောက်ပက်ဖြစ်နေသော မျက်ကွင်းအစုံ ပြူးကျယ်သွားသည်။

တံခါးကို မှီလျော့ထိုင်ချနေသော မေပျို့ရောဂါကို ပမာနမထားပဲ ငေါက်ခနဲ ထရပ်ပြီး. . .

ပိန်လှီနေသော လက်နှစ်ဖက်ကို ဘေးသို့ ဆန့်ကာလျက်

"မသွားရဘူး၊ တို့မောင် မသွားရဘူး၊ သွားချင်းသွား ဟောဟိုဟာမပဲသွား၊ နင် ခုချက်ချင်းဆင်းတော့"

ငွေကြယ့်ကိုသာ နှင်ထုတ်နေသော မေပျို့လက်တွေက ပျိုတို့မောင်ကို မလွှတ်တမ်း ဖက်တွယ်ထားပြီး. . .

"တို့မောင်ကတော့ မေပျိုနဲ့အတူ နေရမယ်"

"မနေနိုင်ဘူး၊ ကျုပ် ချစ်သူကိုနှင်ချမှတော့ ကျုပ်လည်း ဒီအိမ်မှာ ဆက်နေစရာလား၊ အရှုးမှ မဟုတ်တာ၊ ကျုပ်တို့က ရောဂါသည်းနေတဲ့ ခင်ဗျားကိုပြုစုဖို့ နေနေကြတာ၊ တခြား ဘာမျှော်လင့်ချက်မှ မရှိဘူး



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူကို အဆုံးရှုံးခံပြီး အခြောက်မတစ်ယောက်နဲ့ ဖွတ်အတင်း လက်ထပ်ခိုင်းတဲ့ ငွေကြယ်ရဲ့ ဖြူစင်တဲ့စေတနာကို နားမလည်တဲ့ ခင်ဗျား နားမှာ နေစရာအကြောင်းကို မရှိဘူး၊ ဖယ်. . မဆွဲနဲ့ သွားတော့မယ်"

ပျိုတို့မောင် ဖွတ်အတင်း ရှုန်းသည်။

"အောင်မလေး တောင်းပန်ပါတယ် တို့မောင်ရယ်၊ သူများက သေမယ့်သူပါ၊ လောကကြီးထဲက ထွက်တဲ့အခါ. . ဂုဏ်သိက္ခာရှိရှိ ယောကျ်ားငုတ်တုတ်နဲ့ ထွက်ပါရစေ၊ အခြောက်ကလည်းဖြစ်ပြန် တစ်ခုလပ် တစ်လင်ကွာဘဝနဲ့ သေရမယ်ဆိုရင်လေ၊ တမလွန်ဘဝမှာ သူများအထင်သေး အမြင်သေးခံရပြီး နောက်ဘဝ လူပြန်ဖြစ်ရင်လည်း အထုံပါသွားမှာစိုးလို့ပါ တို့မောင်ရယ်၊ မေပျို့ကို သနားပါနော်၊ လဝန်းညည်းလဲ မသွားပါနဲ့တော့အေ၊ ငါလေ ဒီနေ့သိရတဲ့ ညည်းနဲ့ တို့မောင်ရဲ့ အကြောင်းကို ဘာမှမသိသလို သဘောထားပြီး နေပါတော့မယ်နော်၊ မသွားပါနဲ့တော့"

တောင်းပန်တိုးလျှိုးကာ ပြောရင်းဖြင့် ချုံးပွဲချငိုသည်။

ငွေကြယ်ပါ လိုက်ငိုချင်လာသည်။

သူ့ဘဝ အားမတန်မာန်လျှော့ပြီး မောင့်ကို မဆုံးရှုံးချင်တာနှင့် လဝန်းကိုပါ ခွင့်လွှတ်ရသည့် အခြေအနေကို လဝန်းလည်း အနိုင်မယူရက်ပါ။ ထွက်သွားချင်ပေမယ့် သူ့ကိုပြုစုမယ့်သူက ငွေကြယ်ပဲရှိသည်။ ကျန်သည့်တပည့်တွေက ခပ်ခွာခွာပဲ ဂရုစိုက်ကြသည်။

အချိန်တန် သူတို့အလုပ်ကိုသူတို့ ထွက်သွားကြသည်မို့ ငွေကြယ်မရှိလျှင် မဖြစ်။

ငွေကြယ်သာ မရှိတော့လျှင် မမမေပျို အသက်ဆက်ရှင်ဖို့ ရက်ပိုင်းတောင် ခံပါတော့မလား။

ခုတောင် AIDS ရောဂါကြောင့် မျက်နှာသည် အရိုးတွေ ငေါ



www.burmeseclassic.com

www.burmeseclassic.com



ထွက်ကာ တော်တော်လေး ကြည့်ရဆိုးနေ၏။

ပျိုတို့မောင်မှာလည်း ကမ္ဘဌာန်းရုပ်ကို ထိုင်ရှုနေရသလို တရားပင် ပေါက်လုနေပြီ။

ထိုနေ့မှစ၍ မေပျိုသည် ခုတင်ထက်မှာပင် လှဲနေနိုင်တော့သည့် အခြေအနေသို့ရောက်သွားကာ စကားတွေအများကြီး မပြောတော့. . .။

သူ့စိတ်ကို လျော့ချလိုက်တာလည်း ဖြစ်နိုင်သည်။ ပျိုတို့မောင်ရော ငွေကြယ်ရော စိတ်မကောင်း ဖြစ်ကြရုံမှအပ ဘာမှမတတ်နိုင်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၃၆)

"တို့မောင်. . အောက်မှာ မိဘတွေနဲ့ ဒေါ်လေး ရောက်နေကြတယ်"

"ဟင်. . အဖေတို့ အမေတို့က ဒီကို ဘယ်လိုသိတာလဲ"

ရုတ်တရက်ကြီး ရောက်ချလာကြသော မိဘတွေကြောင့် ပျို့တို့မောင် တော်တော်လေးအံ့သြမိသည်။

မေပျို့ မျက်ခွံတို့ လှုပ်လာသည်။

ပျို့တို့မောင်ဘက်ကိုလှည့်ကာ. . .

"မေပျို့နဲ့ အဆက်အသွယ်ရှိတယ် တို့မောင်၊ သူ့ဆို့ချွေးမ ခုလို



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တာသိလို့ သူတို့လာတာပါ”

ပလုံးပထွေးပြောနေသော မေပျို့စကားကြောင့် ငွေကြွယ့်ကို ဟုတ်သလားဟူသော မျက်ရိပ်ပြမေးလိုက်သည်။ ငွေကြွယ် ခေါင်းညိတ်ပြသည်။

“ကျုပ် အဖေတို့ကို သွားတွေ့လိုက်ဦးမယ်”

“အခန်းထဲကို ခေါ်ခဲ့ပါ၊ သူများမသွားခင် မိသားစုနဲ့ သိုက်သိုက်ဝန်းဝန်းလေး နေချင်လို့ပါ၊ ဘဝမှာ မိသားစုဆိုတဲ့ ခံစားမှုလေးနဲ့ ပီတိကို တစ်နာရီ တစ်စက္ကန့်လေးပဲဖြစ်ဖြစ် ခံစားစေချင်လို့ပါ”

မေပျို ငယ်စဉ်ကတည်းက အဖေမပေါ်ဘဲ လူ့လောက ရောက်ခဲ့ရသည်။ အမေက မွေးပြီးပြီးချင်း ဆုံးသည်။ နတ်ကတော် အခြောက်တွေလက်ထဲမှာ မေပျို့ဘဝ ဆင်းရဲချို့တဲ့စွာ ကြီးပြင်းခဲ့ရသည်။

ကိုယ်ကိုယ်ကိုင် အရွယ်ရောက်ဖို့ ထမင်းနပ်မှန်အောင်စားဖို့ ကိုယ့်ဝမ်းစာကိုယ် ရှန်းကန်ရှာဖွေခဲ့ရသည်။

ဒါတွေအားလုံးကို ငွေကြွယ့်ကို ပြောပြထား၍ ငွေကြွယ်သိခဲ့သည်ပဲ။

ဒါကြောင့် သူ့ဆန္ဒတွေ ဖြည့်ဆည်းနိုင်ဖို့ ငွေကြွယ် စီစဉ်လိုက်ခြင်း ဖြစ်သည်။ မောင့်ကိုတောင် အသိမပေးတော့၊ အသိပေးနေလျှင် မောင်ရှက်လွန်းလို့ဆိုပြီး လုံးဝကန့်ကွက်နိုင်သည်။

မောင်မသိအောင် ငွေကြွယ်နှင့်မေပျို ဘာတွေ လုပ်ထားသလဲဆိုတာ ငွေကြွယ်ကလွဲပြီး ဘယ်သူမှ မသိ။

အခန်းထဲသို့ ပျိုတို့မောင်၏ မိဘနှစ်ပါးနှင့် ဒေါ်လေး ဝင်လာသည်။

သူတို့ချွေးမလေး အသည်းအသန် ဖြစ်နေသည်ဟု ငွေကြွယ် သံကြိုးရိုက်ခေါ်၍ လိုက်လာခဲ့ရသည်။ ဖြစ်ကြောင်းကုန်စင်တော့ မသိ



www.burmeseclassic.com

www.burmeseclassic.com



ရသေး။

ရန်ကုန်ရောက်မှ ညီမဖြစ်သူက ပို့ျုတို့မောင် အခြောက်မနှင့် လက်ထပ်ထားသည်ဆိုသည့်အကြောင်း သိရသည်။

သူကျွေးတာ သူပေးတာတွေကို တပျော်တပါးကြီး လက်ခံပြီးမှ ချွေးမက အခြောက်မဖြစ်နေတော့ရော ဘာများပြောနိုင် တားနိုင်စွမ်း ရှိတော့မှာလဲ။

သေခါနီး လူမမာချွေးမလေး စိတ်ချမ်းသာအောင် အလိုက် အထိုက်ပေါ့။

"သမီး နေသာရဲ့လားကွယ်"

ယောက္ခမတွေကို မျက်လုံးလေး ကလယ်ကလယ်ဖြင့် မော့ကြည့်ပြီး မျက်ဝန်းမှ မျက်ရည်တွေစီးကျကာ ပိန်လှီလှီ လက်အစုံ ပူးယှက်ပြီး လက်အုပ်ချီလိုက်သည်။

"သမီး ကန်တော့ပါရစေ အဖေနဲ့အမေရယ်၊ တို့မောင်နဲ့ လက်ထပ်ပြီးကတည်းက သမီးမှာ မိဘနှစ်ပါး ရှိသွားပြီဆိုပြီး ပျော်နေခဲ့တာ၊ သမီး ပို့လိုက်တဲ့ငွေနဲ့ အသုံးအဆောင်တွေ အဆင်ပြေပြေ ရောက်ပါရဲ့လား"

တိုးရှုနေသော အသံမျှင်းမျှင်းကို မနည်းနားစိုက် ထောင်ကြရသည်။ ပို့ျုတို့မောင်ကတော့ နားမလည်နိုင်. . .။

"ရောက်ပါတယ် သမီးရယ်၊ သမီးကြောင့် အမေတို့ဘဝ နတ်ပြည်ပေါ် ခုန်တက်လိုက်ရသလို သုခတွေနဲ့ ပြီးပြည့်စုံနေပါပြီလေ၊ ကျေးဇူးတွေလည်း တင်ပါတယ်ကွယ်"

"ကျေးဇူးတင်ဖို့မှမလိုတာ အမေရယ်၊ သမီးက အမေတို့ အဖေ့ရဲ့ သမီးလေ၊ သမီးပိုင်ဆိုင်သမျှ အဖေတို့ အမေတို့ ပိုင်တာပေါ့. . ဟုတ်ဘူးလား"

www.burmeseclassic.com



"ဘာတွေလဲ ဘာတွေပြောနေကြတာလဲ၊ အမေတို့ဆီကို သူက ငွေတွေ ဘယ်လောက်တောင် ပို့လိုက်လို့လဲ၊ သားလည်း မသိရပါလား"

"အမေတို့ဆီကို ပြီးခဲ့တဲ့လကပဲ သိန်းတစ်ထောင် လွှဲပေးလိုက်တယ်သား"

"ဗျာ. ."

အံ့သြလွန်း၍ ဘာပြောရမှန်းပင် မသိတော့၊ ခေါင်းကို တွင်တွင် ခါယမ်းလိုက်သည်။

"အ. . အဓိပ္ပါယ်မရှိဘူး၊ သား သူ့ကို လက်ထပ်တာ သူ့ရဲ့ဆန္ဒကို ဖြည့်ဆည်းပေးရုံသက်သက် ဘာမျှော်လင့်ချက်မှ မပါဘူး၊ မေပျို့ ခင်ဗျား ဘာတွေလျှောက်လုပ်နေတာလဲ"

မေပျို့ကို လှည့်ပြီးမေးသည်။

"ဇနီးမယားတစ်ယောက်ရဲ့တာဝန်၊ ချွေးမတစ်ယောက်ရဲ့တာဝန် ကျေကြည့်ချင်လို့ပါ၊ ဘဝမှာ အဲလိုအချိန်ကို မျှော်လင့်ခဲ့တာ ကြာပါပြီ၊ အခု သေခါနီးမှ ဖြည့်တယ်၊ ဘာပဲဖြစ်ဖြစ် တို့မောင်ကို ကျေးဇူးတင်ပါတယ်"

"သားရယ် သူ့ဆန္ဒတွေကို မကန့်ကွက်ပါနဲ့၊ ဒါ သူ ကုသိုလ်ယူသွားတာပါ၊ ဒေါ်လေးတို့ကိုလည်း အိမ်သေးသေးလေး ပြင်ဆောက်ဖို့ဆိုပြီး ဒေါ်လေးကို သိန်းနှစ်ရာပေးတယ်၊ မင်းမသိပါစေနဲ့ဆိုပြီး ပိတ်ထားတာ၊ အဲဒါက မင်းနဲ့ လက်မထပ်ခင်ကပေါ့"

ကိုယ့်အပေါ် ကိုယ့်မိသားစုအပေါ် အရမ်းကောင်းလွန်းသော မေပျို့၏စေတနာကို ပျို့တို့မောင် ဘယ်လိုမှ အသိအမှတ်မပြု၍ မရတော့။

ကိုယ့်မှာသာ ရင်ထဲက စေတနာမပါပဲ ငွေကြယ်၏ တိုက်တွန်းမှုကြောင့် တာဝန်ဝတ္တရားတစ်ခု ထမ်းဆောင်သလို ပေါ့ပေါ့တန်တန်



www.burmeseclassic.com

www.burmeseclassic.com



သဘောထား ဆက်ဆံခဲ့သည်။

သူ့ဘဝကို မှုမမှန် ရှင်သန်ခဲ့ရပေမယ့် စိတ်နှလုံး ခံစားမှုတွေ မှုမှန်ခဲ့သော မေပျို့ကို မရဲတရဲ ကြည့်လိုက်သည်။

မေပျို အသက်ကို ခက်ခက်ခဲခဲ ရှူနေရသည်။ သူ့အကြည့်တွေက ပျိုတို့မောင်ဆီကို မမှိတ်မသုန် ရောက်နေသည်။

"ကျုပ် ခင်ဗျားကို အထင်အရမ်း သေးခဲ့မိတယ်၊ ကျုပ် တောင်းပန်ပါတယ် မေပျို၊ လောကမှာ ကျုပ်လည်း ချစ်တတ်တဲ့ သူတစ်ယောက်ပါ၊ ဒါပေမယ့် ခင်ဗျားချစ်တဲ့ အချစ်ကိုတော့ ဒီတစ်သက် ဘယ်လိုမှ လိုက်မမှီနိုင်လောက်ပါဘူး၊ ခင်ဗျား ကျုပ်ကို ချစ်ခဲ့သလောက် ကျုပ်ရင်ထဲက အချစ်တွေက ခင်ဗျားအတွက် မဟုတ်ခဲ့တာကို ကျုပ် တောင်းပန်ပါတယ်"

ပြောရင်းဖြင့် အသံတို့ တိမ်ဝင်ကာ မျက်ရည်တို့ ပိုးပိုးပေါက်ပေါက် ကျဆင်းလာသည်။

မေပျို့ မျက်လုံးအိမ်မှ မျက်ရည်တို့လည်း ကျဆင်းလာကာ နှုတ်ခမ်းတို့ လှုပ်လာပြီး. . .

BURMESE CLASSIC

"ရပါတယ် တို့မောင်ဆီက ဘယ်လိုတုန့်ပြန်မှုမျိုးပဲလာလာ သူများကြိုက်ပြီးသားပဲ၊ တို့စေတနာကို အသိအမှတ်ပြုပေးတယ်ဆိုရင်ပဲ သေ. . သေပျော်ပါပြီလေ၊ တစ်. . တစ်ခုတော့ တောင်းဆိုပါရစေနော်"

"ဘာလဲ. . ဘာတောင်းဆိုချင်တာလဲ"

"နောင်ဘဝဆိုတာ ရှိခဲ့ရင် အကယ်၍ မိန်းကလေးဖြစ်ခဲ့ရင် တို့မောင်ရဲ့ အချစ်ကို အပြည့်အဝခံစားရပါစေလို့ တောင်းဆိုချင်တယ်၊ အဲဒီကျရင် တို့ကိုချစ်ပေးပါနော်"

သနားစရာကောင်းသော တောင်းဆိုမှုကြောင့် အားလုံးရင်ထဲ



www.burmeseclassic.com

www.burmeseclassic.com



မှာ လိုက်ခနဲ ခံစားလိုက်ကြရသည်။

ငွေကြယ့်ထံမှ အင့်ခနဲ ရှိုက်သံတစ်ချက် ပေါ်ထွက်လာသည်။

ပျိုတို့မောင်ဖခင်၏ လက်အစုံက ပုခုံးကို လာ၍ဆုပ်ကိုင်သည်။ တောင်းဆိုမှုကို လိုက်လျောလိုက်ပါဟု အချက်ပြသည့်သဘော။

"စိတ်ချပါ. . ကျုပ် ခင်ဗျားကို ချစ်ပေးမှာပါ၊ အရှုံးအမှုံးကို ချစ်ပေးမှာပါ၊ အသက်စွန့်ပြီး ချစ်ရမယ်ဆိုရင်တောင် အချစ်စစ် အချစ်မှန်နဲ့ ချစ်ပေးပါ့မယ်"

"နားထဲမှာ စိမ့်ချိုသွားရလောက်အောင် ကြည်နူးစရာ ကျေနပ်စရာ ရင်ခုန်ကြည်မွေ့စရာကောင်းသည့် စကားလုံးတွေမို့ မေပျို သေပျော်ပါပြီ၊ ကျေးဇူးတင်ပါတယ် တို့မောင်ရယ်၊ မေပျိုလေ တို့မောင်ကို မိန်းမလျာဘဝနဲ့ တွေ့ရလို့ ဒီဘဝထဲက မြန်မြန်ထွက်သွားပြီး နောက်ဘဝသစ်ကို မိန်းကလေးတစ်ယောက် ဘဝအဖြစ် မြန်မြန်ကူးချင်တာပါ၊ ဘဝသစ်မှာ တို့မောင်နဲ့ ပြန်ဆုံချင်တယ်၊ တို့မောင်ပြောတဲ့ စကားလုံးတွေကို နောင်ဘဝအထိ တို့ရင်ထဲမှာ ဖျောက်ဖျက်လို့မရအောင် သိမ်းဆည်းသွားမှာပါ တို့မောင်. . .၊

အဲဒီ ဘဝသစ်ရောက်ရင်တော့ တို့မောင်က မေပျို့ကို အရှုံးအမှုံး ချစ်ပေးနော်၊ ဒီဘဝမှာတော့ တို့မောင်ဆီက အချစ်ကို မျှော်လင့်ခွင့် မရှိတော့ပါဘူး၊

အဲဒီဘဝသစ်ကို တို့မောင် မြန်မြန်ကူးခဲ့နော်၊ တို့မောင်ရဲ့အချစ်တွေကို မြိန်မြိန်ယှက်ယှက်ကြီး စားသုံးဖို့ နောင်ဘဝသစ်မှာ စောင့်နေမယ်နော် သိလား. . တို့မောင်"

ချစ်တယ်. . တို့မောင်ရယ်. .

နှုတ်ဆက်ခဲ့ပါတယ်. .

တို့သွားပြီနော်. . .

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



အို. . တို့မောင်ရဲ့လက်တွေက နွေးမြလိုက်တာ၊

နောင်ဘဝသစ်ကို ကူးပြောင်းဖို့ အင်အားသစ်တွေ မွေးဖွား ပေးလိုက် သလိုပါပဲ. . .

ဂွတ်ဘိုင်. . ဒါလင်ရေ. . .။

WAIHZAR

ရွှင်လန်းချမ်းမြေ့ကြပါစေ



www.burmeseclassic.com